# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

**လောကဝဂ်(ဓမ္မပဒ-၁၇၃)**


၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်၊ တနင်္ဂနွေနေ့။ Sunday, 25 August 2024 ၁၁၅၆၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးသီးနှံစုံ ဧက တစ်သိန်းကျော် စိုက်ပျိုးပြီးစီး

ပွင့်ဖြူ ဩဂုတ် ၂၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင်ဒေသခံတောင်သူများက သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားရေးနှင့် စားနပ်ရိက္ခာ ဖူလုံပိုလျှံစေရန်ရည်ရွယ်၍ မဲဇလီရေလွှဲဆည်ရေဖြင့် စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ပဲကြီး၊ ပဲစင်းငုံ၊ ဖူးစားပြောင်း စသည့် မိုးသီးနှံများကို လျာထားဧက ပြည့်မီရေး မေလမှ စတင်ပြီး ကြိုးပမ်းစိုက်ပျိုးဆောင်ရွက်ခဲ့ရာ ယနေ့အထိ မိုးသီးနှံစုံ ၁၁၀၁၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေရန်အတွက် စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ပဲကြီး၊ ပဲစင်းငုံ၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့ ❐**



ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် မြေပဲခင်းကို တွေ့ရစဉ်။

**ယနေ့ ဖတ်စရာ**

### ကြက်ဥအယောင် တိမ်တောင်သဖွယ် မင်းရေးကျယ် (ရှုပ်ထွေးလာသည့် ရုရှား - ယူကရိန်းစစ်ပွဲ)

ဆောင်းပါး စာမျက်နှာ » ၆

### တရုတ်သိပ္ပံပညာရှင်များက လကမ္ဘာ၏မြေဆီလွှာမှ ရေထုတ်လုပ်နိုင်သည့် နည်းလမ်းသစ်တစ်ခု တွေ့ရှိ

စာမျက်နှာ » ၁၃

## သဘာဝအငွေ့အသက်များပြည့်နေသည့် လှော်ကားဥယျာဉ်၌ ငှက်ကြည့်ခြင်း၊ တောခရီးကြမ်းလမ်းလျှောက်ခြင်းနှင့် Water activities ပြုလုပ် အပန်းဖြေနိုင်

ရန်ကုန် ဩဂုတ် ၂၄

သဘာဝအငွေ့အသက်များပြည့်နှက်နေသည့် ရန်ကုန်မြို့အနီးရှိ လှော်ကားဥယျာဉ်တွင် Birdwatching၊ Trekking နှင့် Water activities(SUP & ADV Boat)ပြုလုပ်နိုင်၍ လာရောက်အပန်းဖြေအနားယူနိုင်ကြောင်း သိရသည်။

ရန်ကုန်မြို့နှင့် အနီးဆုံး မြို့ပြ၏ မွန်းကျပ်မှုများကြားမှ ရုန်းထွက်ရန် အကောင်းဆုံးနှင့် မွန်းကျပ်မှုများ စိတ်ဖိစီးမှုများ ဖြေဖျောက်ရန်၊ မြို့ပြ၏ ဆူညံရှုပ်ထွေးမှုအဝေးတွင် စိတ်ပြေလက်ပျောက် အနားယူအပန်းဖြေနိုင်ရန် အကောင်းဆုံးနေရာတစ်ခုဖြစ်သော သဘာဝအငွေ့အသက်များ ပြည့်နှက်နေသည့် ရန်ကုန်မြို့အနီးရှိ လှော်ကားဥယျာဉ်တွင် Birdwatching၊ Trekking နှင့် Water activities (SUP & ADV Boat) စသည့် Activity များကို ပြုလုပ်နိုင်ကြောင်း အဆိုပါဥယျာဉ်မှ အသိပေးထားသည်။ **စာမျက်နှာ ၄ ကော်လံ ၄ သို့ ❂**




ကြေးမုံ

# တရားသောစစ်အောင်နိုင်ရေး ပြည်သူအားလုံးလက်တွဲဝန်းရံပေး

တပ်မတော်သည် လွတ်လပ်ရေးနှင့်အတူ ပြည်သူများမှ ပေါက်ဖွားလာသည့် အဖွဲ့အစည်းဖြစ်သည်။ သမိုင်းကြောင်းအရ နယ်ချဲ့လက်အောက်မှလွတ်မြောက်ရေး ကြိုးပမ်းရင်း စတင်သန္ဓေတည်ခဲ့သည်။ တပ်မတော်သည် မြန်မာနိုင်ငံကို အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံ ပေါ်ပေါက်လာရန် တိုက်ပွဲဝင်ခဲ့သည်။ လွတ်လပ်ပြီးနောက်တွင်လည်း အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရန်နှင့် ပြည်တွင်းသောင်းကျန်းမှုအန္တရာယ်၊ ပြည်ပကျူးကျော်မှုအန္တရာယ်များကို အသက်၊ သွေး၊ ချွေး ပေးဆပ်ပြီး ကာကွယ်စောင့်ရှောက်ခဲ့သည်။

တပ်မတော်သည် နိုင်ငံကာကွယ်ရေးအတွက်သာမက လိုအပ်ပါက အမျိုးသားရေးတာဝန်အဖြစ် အုပ်ချုပ်ရေး၊ တည်ဆောက်ရေး၊ တရားဥပဒေစိုးမိုးရေးတာဝန်များကိုပါ ထမ်းဆောင်ခဲ့သည်။ သမိုင်းကြောင်းတစ်လျှောက် နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေး ပျက်သုဉ်းလာချိန်တွင် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ လုံခြုံမှုကို တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ခဲ့သည်မှာ တပ်မတော်ဖြစ်သည်။ နိုင်ငံတော် တည်ဆောက်ရေးတာဝန်များကိုလည်း ကျေပွန်စွာထမ်းဆောင်ခဲ့သည်။ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် စွန့်လွှတ်စွန့်စားထမ်းဆောင်ခဲ့သည်။

ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းပြည်ပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များတွင်လည်း တပ်မတော်၏အခန်းကဏ္ဍသည် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ခဲ့သည်။ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးတွင်လည်း တပ်မတော်သည် အရေးပါသောကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် တပ်မတော်ကြီးအင်အားရှိဖို့လိုအပ်သည်။

တပ်မတော်၏စွမ်းပကား မြင့်မားစေရန်၊ အစဉ်ရှင်သန်ထက်မြက်စေရန်၊ အရည်အသွေးရော၊ အရေအတွက်ပါ တိုးတက်ကောင်းမွန်စေရန်၊ တပ်မတော်သားများ၏ စိတ်ဓာတ်ခွန်အားများ မြင့်မားနေစေရန်လိုအပ်သည်။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်၊ တိုင်းပြည်အင်အားရှိမှ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲမည်ဖြစ်သည်။ ပြည်ထောင်စုကြီး မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တပ်မတော်၏ ယုံကြည်ချက်၊ ခံယူချက်အဖြစ်သတ်မှတ်ပြီး တာဝန်ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်။ တပ်မတော်သည် နိုင်ငံတော်နှင့်ပြည်သူအတွက်သာဖြစ်သည်။

မျက်မှောက်ကာလတွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ မဲမသမာမှုကြောင့် ဖြစ်ပေါ်လာသော နိုင်ငံရေးအပြောင်းအလဲကို အကြောင်းပြု၍ နိုင်ငံအတွင်း သာမန်ဆန္ဒပြရာမှ မင်းမဲ့စရိုက်ဆန်သည့် ဆူပူလှုပ်ရှားမှုများဖြစ်ပေါ်ခဲ့သည်။ အစွန်းရောက်ပါတီဝင်အချို့၏ ဦးဆောင်မှုဖြင့် လက်နက်ကိုင်အကြမ်းဖက်လုပ်ရပ်များ စတင်လုပ်ဆောင်ခဲ့သည်။ လူငယ်အချို့ကို ဝါဒမှိုင်းသွင်းပြီး EAO လက်နက်ကိုင်အဖွဲ့အချို့၏ အားပေးအားမြှောက်မှုဖြင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဖွဲ့စည်းပြီး နိုင်ငံအတွင်း လူသတ်၊ ဗုံးထောင်၊ ဗုံးခွဲအကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ပြီး ပြည်သူလူထု လုံခြုံမှုပျက်ပြားအောင် ယနေ့ထက်တိုင်ပြုလုပ်လျက်ရှိသည်။

အကြမ်းဖက်အဖျက်သမားများက တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်ပြုလုပ်နေချိန်တွင် EAO လက်နက်ကိုင်အဖွဲ့အချို့က ထိုအခြေအနေကို အခွင့်ကောင်းယူပြီး နယ်မြေချဲ့ထွင် သိမ်းပိုက်နိုင်ရေး ကြိုးပမ်းလာကြသည်။ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို ငြင်းပယ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်ဒေသများတွင်ရှိသည့် တပ်မတော်လုံခြုံရေးစခန်းများကို အင်အားသုံးတိုက်ခိုက်ခဲ့သည်။ တည်ငြိမ်အေးချမ်းနေသော မြို့ရွာများကို စစ်ဘေးဒဏ်သင့်အောင် လုပ်ဆောင်ခဲ့သည်။ လမ်းတံတားများ၊ လူနေအိမ်များ၊ ဆေးရုံ၊ စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများကို တိုက်ခိုက်ဖျက်ဆီးခဲ့သည်။ စစ်ဘေးရှောင်များနှင့် ဒေသခံပြည်သူများကို ခြိမ်းခြောက်ပြီး ကလေးသူငယ်များကို အဓမ္မစစ်အတွင်း သွတ်သွင်းခဲ့ကြသည်။

ပြည်ပမှ အမျိုးသားသစ္စာဖောက်များနှင့် ပြည်ဖျက်မီဒီယာများပူးပေါင်းပြီး တပ်မတော်အင်အားချည့်နဲ့အောင်၊ ပြည်သူလူထု စိတ်မချမ်းမသာဖြစ်အောင် ဝါဒဖြန့်ချိရေးများ ပြုလုပ်လျက်ရှိသည်။ တပ်မတော်အနေဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းသာမကဘဲ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာပြည်ကြီးတည်ငြိမ်အေးချမ်းရေးအတွက် အသက်၊ သွေး၊ ချွေးများရင်းနှီးပေးဆပ်ပြီး ကာကွယ်ပေးကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် မျိုးချစ်စိတ်ဓာတ်ရှိသည့် ပြည်သူများသည် မြန်မာပြည်ကြီးကို ကာကွယ်စောင့်ရှောက်နေသည့် သူရဲကောင်းများဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုနိုင်ငံတော်ကြီးနှင့် တိုင်းရင်းသားပြည်သူများကို ကာကွယ်စောင့်ရှောက်ပေးနေသော မျိုးချစ်တပ်မတော်သားများနှင့်မျိုးချစ်သူရဲကောင်းများသည် တရားသောစစ်ကိုဆင်နွှဲနေသော အမိနိုင်ငံတော်၏ သားကောင်းရတနာများဖြစ်၍ ပြည်သူလူထုတစ်ရပ်လုံးက ဝန်းရံအားပေးကူညီအားဖြည့်မှုများ တစ်တပ်တစ်အားပြုလုပ်ပြီး အဖျက်သမားသောင်းကျန်းသူများကို အမြစ်ပြတ်ချေမှုန်းကြရမည်ဖြစ်ပါကြောင်း။ ။

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် လုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူပူဇော်နိုင်ရေး နှိုးဆော်လွှာ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပထမဖောင်းရစ်ဧရိယာ (၃၄၈၅) စတုရန်းပေအား ရွှေစင်ရွှေပြားများကပ်လှူပူဇော်လျက်ရှိရာ (၂၃၁၈) စတုရန်းပေဧရိယာအတွက် သာသနာ့နွယ်ဝင်အလှူရှင်များက လှူဒါန်းပူဇော်ခဲ့ပြီးဖြစ်ရာ ဧရိယာ (၁၁၆၇) စတုရန်းပေအတွက် လှူဒါန်းရန်ကျန်ရှိနေပါသည်။

ရွှေစင်ရွှေပြား (၁) ချပ် (အရွယ်တစ်ပေ x တစ်ပေ၊ အလေးချိန် ရွှေတစ်ကျပ်သား) ၏ မ,တည်ကုန်ကျစရိတ်မှာ ၂၅,၀၀,၀၀၀/- (ကျပ်နှစ်ဆယ့်ငါးသိန်းတိတိ) ဖြစ်ပါသည်။

၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း တတိယအကြိမ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ သဒ္ဓါကြည်လင်ပါရမီရှင်များက ကြုံတောင့်ကြုံခဲကာလတွင် ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

၁။ ဦးမြင့်စိုး၊ ကောင်စီဝင်၊ နေပြည်တော်ကောင်စီ
၀၉-၂၆၁၁၇၉၀၀၃

၂။ ဦးမောင်မောင်၊ ဒုတိယမြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
၀၉-၄၀၄၄၃၄၄၉၉

၃။ ဦးထွန်းကြည်၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်
၀၉-၅၁၃၅၆၉၈

၄။ ဥပ္ပါတသန္တိစေတီတော်၊ ဂေါပကအဖွဲ့ရုံး
၀၉-၄၄၂၂၅၂၆၇၀

၅။ AYA PAY (Merchant ID. 20044314)

၆။ KBZ PAY (ID.70240001001)

## ချောင်းဆုံမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုပေးပွဲအခမ်းအနား ကျင်းပ

ချောင်းဆုံ ဩဂုတ် ၂၄

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အခြေခံပညာ အထက်တန်းကျောင်း (ချောင်းဆုံ)၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက အခြေခံပညာ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စကားရည်လုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ခဲ့ကြသည်။

အဆိုပါစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် စာပေဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲ၊ စာဖတ်ဝိုင်း၊ ဓာတ်ပုံပြပွဲ၊ စကားရည်လုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အရုပ်ဆက်၊ စကားပုံဆက်၊ ဆေးရောင်ခြယ်၊ ခါးကွင်းလှည့်၊ ခွက်နင်း စသည့်ပျော်ရွှင်စရာကစားနည်းများကို မြို့နယ်အတွင်း အခြေခံပညာကျောင်း ၅၀ မှ ကျောင်းသား ကျောင်းသူ ၁၀၀၀ နီးပါး ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ်များ၌ မြို့သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ပုသိမ် ဩဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ဌာနဆိုင်ရာများနှင့် ပြည်သူများစုပေါင်း၍ ယနေ့နံနက်ပိုင်းက သန့်ရှင်းရေးဆောင်ရွက်ကြသည်။



ပုသိမ်ခရိုင်အတွင်းရှိ ပုသိမ်၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ငပုတောမြို့နယ်များတွင် ပုသိမ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရည်မွန်၏ ကြီးကြပ်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက ဦးဆောင်ကာ ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုအဖွဲ့များက ဘုရားစေတီပရိဝုဏ်အတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စာသင်ကျောင်းများပတ်ဝန်းကျင်ရှိ ချုံနွယ်များနှင့် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ မြို့တွင်း လမ်းဘေးဝဲယာတစ်လျှောက် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် တူးဖော်ရှင်းလင်းခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး Myanmar Cyber Security Challenge 2024 (အလွတ်တန်းအဆင့်) ပြိုင်ပွဲနှင့် ဆိုက်ဘာလုံခြုံရေး အသိပညာပေးဗီဒီယိုပြိုင်ပွဲ-၂၀၂၄ (တက္ကသိုလ်အဆင့်) ဆုပေးပွဲသို့ တက်ရောက်

**နေပြည်တော် ဩဂုတ် ၂၄**

Myanmar Cyber Security Challenge 2024 (အလွတ်တန်းအဆင့်)ပြိုင်ပွဲနှင့်ဆိုက်ဘာလုံခြုံရေး အသိပညာပေး ဗီဒီယိုပြိုင်ပွဲ-၂၀၂၄ (တက္ကသိုလ်အဆင့်) ဆုပေးပွဲကို ယနေ့နံနက်၉နာရီကနေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၂)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက် အမှာစကားပြောကြား ဖွင့်လှစ်ပေးသည်။



ယင်းနောက် ဆိုက်ဘာလုံခြုံရေး အသိပညာပေး ဗီဒီယိုပြိုင်ပွဲ-၂၀၂၄ (တက္ကသိုလ်အဆင့်)တွင် ဆုရရှိသော ဗီဒီယိုဖိုင်များကိုပြသသည်။

ထို့နောက် ပထမဆုရရှိသော အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ မမြတ်ရွှေစင်မျိုး၊ ဒုတိယဆုရရှိသော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ မောင်ပြည်ငြိမ်းအောင်၊ တတိယဆုရရှိသော ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်မှ မောင်မြတ်မင်းခန့်၊ နှစ်သိမ့်ဆုရရှိသော အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (မန္တလေး)မှ မောင်ကောင်းခန့်တင်ကျော်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)မှ မောင်စောဇင်လင်းထက်နှင့် အကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်ခဲ့ကြသူများအား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ယခု ဆိုက်ဘာလုံခြုံရေးအသိပညာပေး ဗီဒီယိုပြိုင်ပွဲတွင် ပထမဆုရရှိသော ဗီဒီယိုဖိုင်ကို Cyber Security Brunei က တာဝန်ယူ ဆောင်ရွက်သော ASEAN-JAPAN Cyber Security Awareness Video Competition 2024 တွင် မြန်မာနိုင်ငံကိုယ်စားပြုယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် အသင်းအုပ်ချုပ်သူများတက်ရောက်ခဲ့ကြပြီး Myanmar Cyber Security Challenge ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

Myanmar Cyber Security Challenge ပြိုင်ပွဲသို့ တပ်မတော်နည်းပညာတက္ကသိုလ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ နည်းပညာ တက္ကသိုလ်များ၊ ကွန်ပျူတာ တက္ကသိုလ်များနှင့် အစိုးရ စက်မှုလက်မှုသိပ္ပံများမှ အသင်း ၂၅ သင်း၊ ကျောင်းသားကျောင်းသူ စုစုပေါင်း ၇၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ U_SH3LL အသင်းက ပထမ၊ mm_cyb3r_s4g3 အသင်းက ဒုတိယနှင့် Cryptoknights အသင်းက တတိယရရှိခဲ့ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် Myanmar Cyber Security Challenge ပြိုင်ပွဲကို ၂၀၁၅ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့ပြီး ကိုဗစ်-၁၉ ရောဂါအကန့်အသတ်ကြောင့် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် ကျင်းပနိုင်ခြင်းမရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် ပြန်လည်ကျင်းပနိုင်ခဲ့ပြီး ယခု ၂၀၂၄ ခုနှစ်တွင် (၈) ကြိမ်မြောက် ကျင်းပနိုင်ခြင်း ဖြစ်ကြောင်းနှင့် ပြိုင်ပွဲမှ အနိုင်ရထူးချွန်သူများအား အာဆီယံဒေသတွင်း နိုင်ငံများတွင် ကျင်းပသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စာဆိုဗိမာန်တည်ဆောက်မည့်မြေနေရာရှိ အဆောက်အအုံများ ရှင်းလင်းဖျက်သိမ်းပြီးစီးမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၄**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ စာဆိုဗိမာန် အဆောက်အအုံ သုံးထပ် (RC) တည်ဆောက်မည့် မြေနေရာ၌ အဆောက်အအုံ ဟောင်းများ ရှင်းလင်း ဖျက်သိမ်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန်အဆောက်အအုံ သုံးထပ် (RC) တည်ဆောက်မည့်မြေနေရာရှိ သစ်ပင်ကြီးများ ရှင်သန်ပေါက်ရောက်နေမှုအပေါ် မလွတ်ကင်းသည့်အပင်များ ဖယ်ရှားရှင်းလင်းနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရန် မှာကြားပြီး စာပေဗိမာန် စာကြည့်တိုက်အဖြစ် ပြန်လည်မွမ်းမံ ပြင်ဆင်ဆောင်ရွက်မည့် သုံးထပ်အဆောက်အအုံကို ကြည့်ရှုစစ်ဆေးကာ အဆောက်အအုံဥပဓိရုပ်ကောင်းမွန်စေရေးနှင့် ကြံ့ခိုင်မှုရှိစေရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

နိုင်ငံတော် အကြီးအကဲက မြန်မာနိုင်ငံ၌ ပေါ်ထွန်းခဲ့သော စာပေပညာရှင်များနှင့် စာရေးဆရာများကို အသိအမှတ်ပြုချီးမြှင့်ရာရောက်စေမည့် စာဆိုဗိမာန်တစ်ခု အောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ စာပေအနုပညာဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် လမ်းညွှန်မှုပြုခဲ့သည့် အတွက် စာဆိုဗိမာန် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းကို ပြန်ကြားရေး ဝန်ကြီးဌာနကိုယ်စား ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက် အဆောက်အအုံကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့် မြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ မြေတိုင်းရပ်ကွက် (၁၈-အေ)၊ မြေကွက်အမှတ် (၂၉ ၏တစ်စိတ်တစ်ဒေသ) အခမဲ့ မြေကွက်အမျိုးအစားဖြစ်သော မြေဧက ၂ ဒသမ ၁၈ ဧကပေါ်တွင် တည်ဆောက်သွားမည် ဖြစ်သည်။



**တာဝန်ယူတွက်ချက်ပေး**

စာဆိုဗိမာန် အဆောက်အအုံ ဒီဇိုင်းပုံစံကို ဆောက်လုပ်ရေး ဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနက ရေးဆွဲပေးပြီး အဆောက်အအုံ၏ ခန့်မှန်းတန်ဖိုးကို အဆောက်အဦဦးစီးဌာနက တာဝန်ယူတွက်ချက်ပေးခဲ့သည်။

အဆိုပါ စာဆိုဗိမာန်တည်ဆောက်ရေးစီမံကိန်းကို အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီ အထောက်အပံ့ဖြင့် ဆောင်ရွက်နိုင်ရန် ၁၈-၃-၂၀၂၄ ရက်တွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ စာဆိုဗိမာန် တည်ဆောက်ရေး စီမံကိန်း သဘောတူညီချက် (Project Agreement) ကို မြန်မာ-အိန္ဒိယ နှစ်နိုင်ငံမှ တာဝန်ရှိသူများက လက်မှတ်ရေးထိုးခဲ့ကြသည်။

စာဆိုဗိမာန် အဆောက်အအုံ သုံးထပ် (RC) အကျယ်အဝန်းမှာ အလျား ပေ ၁၆၀ x အနံ ပေ ၁၄၀ x အမြင့် ၅၇ ပေ ၈ လက်မ သုံးထပ် (RC) အဆောက်အအုံဖြစ်ပြီး ၅၂၁၂၈ စတုရန်းပေ ဖြစ်သည်။ စာဆိုဗိမာန် တည်ဆောက်ရေး စီမံကိန်း တိုးတက်ပြီးစီးမှုကို စောင့်ကြည့်ရန် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံမှ တာဝန်ရှိသူများပါဝင်သည့် (Joint Project Monitoring Committee – JPMC) ကို အဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်သည်။

စာဆိုဗိမာန် အဆောက်အအုံ တည်ဆောက်မည့် မြေနေရာနှင့် လွတ်ကင်းမှုမရှိသည့် အဆောက်အအုံဟောင်းလေးလုံးကို လေလံတင်ရောင်းချခဲ့ပြီး တင်ဒါအောင်မြင်သည့်အဖွဲ့က သတ်မှတ်ရက်အတိုင်း ဖျက်သိမ်းရှင်းလင်း ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

စာဆိုဗိမာန် အဆောက်အအုံကို ၂ နှစ် စီမံကိန်းအဖြစ် သတ်မှတ်ပြီး စာဆိုဗိမာန် အဆောက်အအုံ သုံးထပ်(RC) တည်ဆောက်ရေး အတွက် ဈေးနှုန်းအဆိုပြုလွှာ ဖိတ်ခေါ်၍ တင်သွင်းလာခဲ့ရာ ယင်းတင်သွင်းလာသည့် ဈေးနှုန်း အဆိုပြုလွှာများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ မကြာမီကာလတွင် အဆိုပါ စာဆိုဗိမာန် အဆောက်အအုံ သုံးထပ် (RC) ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆောက်အအုံ တည်ဆောက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့်လည်း မိမိတို့ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးရန် တွေ့ဆုံရခြင်းဖြစ်ပါကြောင်း။

နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များကို ဥပဒေနှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် စိစစ်ခွင့်ပြုပေးလျက်ရှိပြီး ယနေ့အထိ လျှောက်ထားသည့်ပါတီ ၆၇ ပါတီရှိပါကြောင်း၊ ယင်းပါတီများအနက် မှတ်ပုံတင်ခွင့်ပြုပြီးသည့်ပါတီ ၅၁ ပါတီရှိပြီး အဆိုပါပါတီများထဲမှ နိုင်ငံရေးပါတီ နှစ်ပါတီကို မှတ်ပုံတင်ခွင့် ပယ်ဖျက်ပေးခဲ့ရသည့်အတွက် လက်ရှိတည်ဆဲနိုင်ငံရေးပါတီ ၄၉ ပါတီရှိပါကြောင်း၊ နိုင်ငံရေးပါတီ ၄၉ ပါတီအနက် တစ်နိုင်ငံလုံးစည်းရုံးမည့်ပါတီ ကိုးပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့်ပါတီ ၄၀ ရှိပါကြောင်း၊ တစ်နိုင်ငံလုံး စည်းရုံးမည့်ပါတီများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့်ပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅(စ)နှင့် ပုဒ်မ ၅(ဆ)တို့နှင့်အညီ ပါတီဝင်အင်အားနှင့် ပါတီရုံးခန်းများကို ပြည့်မီအောင် ကြိုးစားဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းလိုပါကြောင်း။

ကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများကို ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြစ်စေရန် ဆောင်ရွက်ရမည်ဖြစ်သလို နိုင်ငံရေးပါတီများ၏ လိုအပ်ချက်များကိုလည်း ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် မိမိပါတီကို ခိုင်မာအားကောင်းသောပါတီ၊ မဲဆန္ဒရှင်ပြည်သူက ယုံကြည်အားကိုးသော ပါတီဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ရွေးကောက်ပွဲစနစ်ဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတော်က အခြေခံမဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ ကော်မရှင်က အခြေခံမဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ အခြေခံမဲစာရင်းများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ရွေးကောက်ပွဲတွင် မဲလက်မှတ်ဖြင့် သာမက မြန်မာ့အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးနိုင်ရေးဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြကြပြီး ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကော်မရှင်ရုံးမှတာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံရေးပါတီများ၏ ဆွေးနွေး တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၄၉ ပါတီမှ ဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



**❒ ပွင့်ဖြူမြို့နယ်မှ**

ဖူးစားပြောင်း၊ ချည်မျှင်ရှည်ဝါ၊ ကြံ၊ ဟင်းသီးဟင်းရွက်သီးနှံ၊ ငှက်ပျော၊ အုန်း၊ ထန်း၊ သီးပင်စားပင်၊ ပရဆေးပင်နှင့် အထွေထွေစားသုံးသီးနှံများစသည့် မိုးသီးနှံစုံဧက ၁၀၈၃၇၆ ဧက စိုက်ပျိုးရန်လျာထားပြီး မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၀၁၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**စိုက်ပျိုးပြီးစီး**

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်မှာ ဒေသတွင်းစားနပ်ရိက္ခာ ဖူလုံပို့လျှံစေဖို့၊ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့နဲ့ သီးနှံစိုက်ပျိုးစွမ်းအားမြင့်မားတိုးတက်စေဖို့ ရည်ရွယ်ပြီး မိုးသီးနှံစုံစိုက်ဧက ၁၀၈၃၇၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့အထိ မိုးသီးနှံစုံ ၁၁၀၁၃၂ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ မိုးသီးနှံမှာ စိုက်ပျိုးတဲ့ သီးနှံတွေကတော့ စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ဖူးစားပြောင်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲကြီး၊ ချည်မျှင်ရှည်ဝါ၊ ကြံ၊ ငရုတ်၊ ဟင်းသီးဟင်းရွက်၊ ကွဲနွားတိရစ္ဆာန်အစာ၊ ငှက်ပျော၊ အုန်း၊ ထန်း၊ ကွမ်း၊ သီးပင်စားပင်၊ ပရဆေးပင်၊ လျှော်ဖြူ၊ ကြက်ဆူ၊ အထွေထွေစားသုံးသီးနှံတွေပဲ ဖြစ်ပါတယ်။ မိုးသီးနှံစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး သီးနှံအလိုက် လျာထားဧကပြည့်မီစေရေး၊ ပန်းတိုင်အထွက်နှုန်းများ ရရှိရေးအတွက် တောင်သူတွေကိုစိုက်ပျိုးရေးနည်းပညာတွေနဲ့ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်အောင် ကူညီဆောင်ရွက်ပေးထားပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် စိုက်ပျိုးရေအဆင်ပြေမှုကြောင့် ဒေသခံတောင်သူများက (နွေ၊ မိုး၊ ဆောင်း) တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို အားထားစိုက်ပျိုးကြကြောင်း၊ ထိုသို့ သီးနှံများစိုက်ပျိုးရာတွင် ဒေသခံတောင်သူများကို အချိန်မီ စိုက်ပျိုးနိုင်ရေးနှင့် လျာထားဧကပြည့်မီရေးအတွက် စိုက်ပျိုးရေး ဦးစီးဌာနနှင့် သက်ဆိုင်ရာ ဆက်စပ်ဌာနများက လိုအပ်သည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ အသိပညာပေးခြင်း၊ သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၊ အထွက်နှုန်းကောင်းမွန်ရေး မျိုးကောင်းမျိုးသန့်များ ရရှိအောင် ကူညီဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေနှင့် သီးနှံအောင်ရေ လုံလောက်စွာရရှိရေးနှင့် အကျိုးရှိရှိအသုံးချနိုင်ရေး ဆောင်ရွက်ပေးခြင်းတို့ကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးသဖြင့် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



**❂ ရွှေဖုံးမှ**

Birdwatching အစီအစဉ်အနေဖြင့် ငှက်ကြည့်ဝါသနာအရပဲဖြစ်ဖြစ်၊ ဗဟုသုတအနေဖြင့် လေ့လာချင်သူများ အနေဖြင့် Hlawga Birdwatching ကို ရွေးချယ်နိုင်ပြီး သဘာဝကောင်းသည့် ငှက်ကြည့်လမ်းပြလည်း ရှိကြောင်းနှင့် နေ့လယ်စာအတွက်လည်း စီစဉ်ပေးထားသဖြင့် ပေါ့ပေါ့ပါးပါးအပန်းဖြေရင်း ငှက်ကြည့်နိုင်ကြောင်း အသိပေးထားသည်။

ထို့အပြင် အားကစားဝါသနာပါသူများအတွက် တောခရီးကြမ်းလမ်းလျှောက်ခြင်း (Trekking) ကို ရွေးချယ်နိုင်ပြီး Water activities (SUP & ADV Boat) အစီအစဉ်အနေဖြင့် Adventure Boat နှင့် SUP စီးရခြင်း နှစ်သက်သူများအတွက် မိသားစု၊ သူငယ်ချင်းများနှင့် ပျော်ပျော်ပါးပါးစီးနိုင်ပြီး မစီးတတ်သေးသူများ အတွက် ဂရုတစိုက်သင်ပြပေးမည့် နည်းပြလည်းရှိကြောင်း၊ SUP ဈေးနှုန်းအနေဖြင့် Week Day များတွင် ငွေကျပ် ၁၅၀၀၀၊ Week end များတွင် ငွေကျပ် ၁၈၅၀၀ ဖြင့် အပန်းဖြေ လာရောက်စီး၍ ရကြောင်း ဖော်ပြထားသည်။




လှော်ကားဥယျာဉ်တွင် Birdwatching ၊Trekking နှင့် Water activities (SUP & ADV Boat) စသည့် Activity ပြုလုပ်နေသူအချို့ကို တွေ့ရစဉ်။

လှော်ကားဥယျာဉ်သို့ YBS စီးပြီး လာရောက်လည်ပတ်ချင်သူများအတွက် 37–ထောက်ကြန့်–ဆူးလေ၊ 41– မှော်ဘီ–သခင်မြပန်းခြံ၊ 90 – တိုက်ကြီး–သခင်မြပန်းခြံ၊ 105– မှော်ဘီ–ဆူးလေ၊ 106–ဥက္ကံ–ဆူးလေ၊ 96– ထောက်ကြန့်–သာကေတရှုခင်းသာနှင့် 116– ထောက်ကြန့်–ဆူးလေ စသည့် YBS နံပါတ်များထဲမှ မိမိတို့နှင့်နီးစပ်ရာ YBS ကားနံပါတ်များကို စီးပြီး ၃၇ ဂိတ်ဟောင်းမှတ်တိုင်၊ ရန်ကုန် – ပြည် လမ်းမပေါ်ရှိ လှော်ကားဥယျာဉ် ဆိုသည့် ဆိုင်းဘုတ်အတိုင်း ဝင်လာခဲ့ရုံဖြင့် လာရောက်လည်ပတ်၍ရကြောင်း လှော်ကားဥယျာဉ်မှ အသိပေးထားသည်။

**MT**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ကျင်းပခဲ့သည့် မကုဋာရာမမြန်မာကျောင်းတိုက် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ပွဲအခမ်းအနားနှင့် သာသနာရေးဆိုင်ရာအခမ်းအနားများသို့ တက်ရောက်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၂၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့၌ ဩဂုတ် ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့သည့်မြန်မာဆရာတော် ဘဒ္ဒန္တဝိနယာလင်္ကာရ စတင်တည်ထောင်ခဲ့သော မြန်မာ့ဂုဏ်ဆောင် မကုဋာရာမမြန်မာကျောင်းတိုက် နှစ်တစ်ရာပြည့်အထိမ်းအမှတ်အခမ်းအနားနှင့် အခြားသာသနာရေးဆိုင်ရာအခမ်းအနားများသို့ တက်ရောက်ပြီး ယမန်နေ့ နံနက်ပိုင်းက သီရိလင်္ကာနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

**တက်ရောက်**

ဩဂုတ် ၂၀ ရက်တွင် ကျင်းပခဲ့သည့် မကုဋာရာမမြန်မာကျောင်းတိုက် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ပွဲအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သောဠသမ ရွှေကျင်သာသနာပိုင် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ် အောက်စဖို့ဒ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဓမ္မသာမိ၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့မှ ရာမာညနိကာယ မဟာနာယကဆရာတော် ဘဒ္ဒန္တမကုလေဝေဝိမလ၊ ကော့တေးဗုဒ္ဓဘာသာအဖွဲ့ချုပ်၏ ဒုတိယနာယကဆရာတော် ဘဒ္ဒန္တကိုတာပီတိယေရာဟုလာ၊ ကလျာဏီယဗုဒ္ဓတက္ကသိုလ်၏ ပါမောက္ခချုပ်ဆရာတော် ကောလုပိတိယေမဟိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများ၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သီရိလင်္ကာနိုင်ငံ ပို့ဆောင်ဆက်သွယ်ရေးနှင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ဗန္ဓုလ ဂုဏဝါဒေန၊ သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဒေါ်မာလာသန်းထိုက်၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး မစ္စပရာဗာချီနီပွန်နပေရုမ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ မကုဋာရာမမြန်မာကျောင်းတိုက်အတွင်း ကျောင်းတိုက်ကိုတည်ထောင်ခဲ့သော မြန်မာဆရာတော် ဘဒ္ဒန္တဝိနယာလင်္ကာရ၏ ရုပ်တုနှင့် ကမ္ပည်းမော်ကွန်းကျောက်စာကို သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သောဠသမ ရွှေကျင်သာသနာပိုင် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် အောက်စဖို့ဒ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဓမ္မသာမိနှင့် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့က အမွှေးနံ့သာရည်များ ပက်ဖျန်းဖွင့်လှစ်ပေးခဲ့သည်။



မကုဋ္ဌာရာမမြန်မာကျောင်းတိုက်အတွင်း ကျောင်းတိုက်ကိုတည်ထောင်ခဲ့သော မြန်မာဆရာတော် ဘဒ္ဒန္တဝိနယာလင်္ကာရ၏ရုပ်တုနှင့် ကမ္ပည်းမော်ကွန်းကျောက်စာကို သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သောဠသမ ရွှေကျင်သာသနာပိုင် ဒေါက်တာဘဒ္ဒန္တဉာဏိဿရက အမွှေးနံ့သာရည်များ ပက်ဖျန်းဖွင့်လှစ်ပေးစဉ်။

**ဖတ်ကြားပူဇော်**

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ကျောင်းတိုက်တွင် လက်ရှိသီတင်းသုံး၍ ပညာသင်ကြားနေသော သင်တန်းသား ဆရာတော် ဘဒ္ဒန္တကိတ္တိသာရက မကုဋ္ဌာရာမမြန်မာကျောင်းတိုက်တွင် ပညာသင်ကြားခဲ့မှုများ၊ ကျောင်းတိုက်တည်ထောင်ခဲ့သော ဆရာတော်ကြီးများနှင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့် စီမံအုပ်ချုပ်ရေးနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းဖတ်ကြားပူဇော်သည်။

ယင်းနောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သောဠသမရွှေကျင်သာသနာပိုင် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ အောက်စဖို့ဒ်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ဓမ္မသာမိ၊ သီရိလင်္ကာနိုင်ငံ သျှမ်းနိကာယ ကော့တေးဗုဒ္ဓဘာသာအဖွဲ့ချုပ် ဒုတိယနာယကဆရာတော် ဘဒ္ဒန္တ ကိုတာပီတိယေရာဟုလာတို့က ဩဝါဒကထာများ မြွက်ကြားတော်မူပြီး သီရိလင်္ကာနိုင်ငံ ပို့ဆောင်ဆက်သွယ်ရေးနှင့်ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဗန္ဓုလဂုဏဝါဒေနက ကျောင်းတိုက်၏ နှစ်တစ်ရာပြည့်အခမ်းအနားကျင်းပနိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း လျှောက်ထားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က မြန်မာနိုင်ငံနှင့် သီရိလင်္ကာနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုခိုင်မြဲ၍ ဗုဒ္ဓသာသနာတော်ဆိုင်ရာကိစ္စရပ်များ အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့လျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက သီတဂူဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ကျောင်းစီမံအုပ်ချုပ်ရေးနာယကအဖွဲ့က အခမ်းအနားသို့ တက်ရောက်လာကြသူများအား အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ရှိ မြန်မာသံရုံးသို့ ရောက်ရှိကာ သံရုံးဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုစောင့်သိပြီး ကျရာတာဝန်များကို စည်းလုံးညီညွတ်စွာဖြင့် တာဝန်ထမ်းဆောင်ရင်း အမျိုး၊ ဘာသာ၊ သာသနာအကျိုးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်ကြရန် ပြောကြားခဲ့သည်။

ဩဂုတ် ၂၁ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကန္ဒီမြို့ စွယ်တော်တိုက်ရှိ ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုပြီး အလှူငွေများပေးအပ်လှူဒါန်း၍ စွယ်တော်တိုက်အတွင်းရှိ မြန်မာနိုင်ငံပြခန်းအပါအဝင် နိုင်ငံအလိုက် ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သည့်ပြခန်းများကို ကြည့်ရှုလေ့လာခဲ့သည်။ ယင်းနောက် ကန္ဒီမြို့အတွင်းရှိ ကန္ဒီမြန်မာကျောင်း ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏထံ သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် စွယ်တော်တိုက်အတွင်းရှိ နိုင်ငံအလိုက် ဗုဒ္ဓဘာသာနှင့်သက်ဆိုင်သည့် ပြခန်းများကို ကြည့်ရှုလေ့လာစဉ်။

ဆက်လက်၍ သာသနာနှစ် ၄၅၀ တွင် အရှင်မဟာဓမ္မရက္ခိတအမှူးပြုသော ရဟန္တာမထေရ် အပါးငါးရာက ပေရွက်ပေါ်တွင် စတုတ္ထအကြိမ် သင်္ဂါယနာတင်ခဲ့သည့် မလယဇနပုဒ်၊ အလောကကျောက်တောင်နှင့် ရှင်မဟာဗုဒ္ဓဃောသလိုဏ်ဂူတို့အား သွားရောက်ဖူးမြော်ကြည်ညိုပြီး မာတလေ အနုဝိဟာရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအလူဝိဟာရေ ဆဗာနမ်ကာရ (Venarable Aluvihare Savanamkara Maha Thero) ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဩဂုတ် ၂၂ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သီရိလင်္ကာနိုင်ငံ ကေလနိယမြို့ရှိ ကေလနိယသိမ်တော်ကို လှည့်လည်ဖူးမြော်ကြည်ညို၍ ရာဇမဟာဝိဟာရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောလုပိတိယေမဟိန္ဒ သံဃရက္ခိတထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

မွန်းလွဲပိုင်းတွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ကော့တေးဗုဒ္ဓဘာသာအဖွဲ့ချုပ်ခန်းမ၌ ကျင်းပသည့် ဒေါက်တာဘဒ္ဒန္တဉာဏိဿရအား သီရိလင်္ကာနိုင်ငံ ကော့တေးဗုဒ္ဓဘာသာအဖွဲ့ချုပ်က ထေရဝံသလင်္ကာရ မဟာဂဏစရိယသဒ္ဓမ္မ ကိတ္တိသိရီ ဘွဲ့တံဆိပ် ဆက်ကပ်သည့် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရအား ကော့တေးဗုဒ္ဓဘာသာအဖွဲ့ချုပ်က ဆက်ကပ်ချီးမြှင့်သည့် ထေရဝံသလင်္ကာရ မဟာဂဏစရိယသဒ္ဓမ္မကိတ္တိသိရီဘွဲ့တံဆိပ်အား ဆက်ကပ်ချီးမြှင့်ခဲ့ပြီး ညနေပိုင်းတွင် အခမ်းအနားကို ရုပ်သိမ်းကာ ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်ကြသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

သတင်းစဉ်

## စစ်တောင်းမြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၄

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အောက် တစ်ပေခန့် (၃၀ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

မိုး/ဇလ

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ကြက်ဥအယောင် တိမ်တောင်သဖွယ် မင်းရေးကျယ်
# (ရှုပ်ထွေးလာသည့် ရုရှား-ယူကရိန်းစစ်ပွဲ)

**- - - - - ကိုကိုလှိုင် - - - - -**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလက စတင်ဖြစ်ပွားခဲ့သည့် ရုရှား -ယူကရိန်းစစ်ပွဲမှာ ယခုအခါ နှစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်။ ထိုကာလအတွင်း စစ်ပွဲရေချိန်မှာလည်း အနိမ့်အမြင့်၊ အတက်အကျ အပြောင်းအလဲများစွာရှိခဲ့လေသည်။ ၂၀၂၄ ခုနှစ်အတွင်း ဝင်ရောက်လာသောအခါ၌မူ ရေရှည်၌ ခံနိုင်ရည်ရှိသူက အကဲသာစမြဲဖြစ်သည့်အတိုင်း ရုရှားဘက်မှ အသာစီးရလာခဲ့သည်။ ဒနီပရိုမြစ်၏ အရှေ့ဘက်ကမ်းမှ ရုရှားနွယ်ဖွားဒေသများကို သိမ်းသွင်းထားနိုင်ခဲ့သော ရုရှားနိုင်ငံသည် ပထမကမ္ဘာစစ်ပုံစံ ခံစစ်တူးမြောင်းများဖြင့် ခံစစ်သေဆင်နွှဲနေရာမှ GPS ပဲ့ထိန်းစနစ်တပ် ရောမပေါက်ကွဲအားပြင်း ဗုံးကြီးများ၊ စစ်သည်တစ်ဦးချင်းထိန်းချုပ်သည့် အသေခံ FPV ဒရုံးဗုံးများကို တွင်တွင်ကျယ်ကျယ်အသုံးပြုကာ ယူကရိန်းတပ်များကို အထိနာအောင်တိုက်ခိုက်၍ ရှေ့သို့တိုးကာ ထိုးစစ်ဆင်လာနိုင်ခဲ့သည်။ ထိုကာလတွင် အမေရိကန်နိုင်ငံက ယူကရိန်းကိုပေးအပ်မည့်အကူအညီများမှာလည်း နိုင်ငံရေးအဟန့်အတားများကြောင့် မရောက်လာနိုင်သေးသည့်အချိန်ဖြစ်၍ ယူကရိန်းတို့ များစွာအကျပ်အတည်းဆိုက်ခဲ့ရသည်။ ကမ္ဘာတစ်ဝန်းမှ လေ့လာသူများကလည်း ယူကရိန်း၏နောက်ဆုံးနေ့များမှာ မဝေးတော့ပြီဟု ခန့်မှန်းခဲ့ကြသည်။ ယူကရိန်းသမ္မတ ဇဲလန်းစကီး ကိုယ်တိုင်ပင်လျှင် G7 အစည်းအဝေး၊ စင်ကာပူရှန်ဂရီလာ ကာကွယ်ရေးနီးနှောဖလှယ်ပွဲ စသည့် နိုင်ငံတကာအစည်းအဝေးများသို့သွားရောက်ကာ နိုင်ငံတကာအကူအညီများ ရှာဖွေခဲ့ရသလို၊ ယူကရိန်းငြိမ်းချမ်းရေးဆိုင်ရာ နိုင်ငံတကာထိပ်သီးဆွေးနွေးပွဲတစ်ရပ်ကို အပြေးအလွှား စီစဉ်ခဲ့သော်လည်း တရုတ်၊ အိန္ဒိယနှင့် နိုင်ငံကြီးအများအပြားက တက်ရောက်ရန် စိတ်ဝင်စားခဲ့ခြင်းမရှိသဖြင့် မအောင်မြင်ခဲ့ပေ။

**တစ်ကမ္ဘာလုံးအတွက် အံ့အားသင့်ဖွယ်ဖြစ်ခဲ့ရ**

ဤသို့ ယူကရိန်းတို့ အခြေယိုင်နဲ့နေချိန်တွင် ဩဂုတ်လ ၆ ရက်နေ့က ယူကရိန်း တင့်နှင့် သံချပ်ကာ တပ်ဖွဲ့များ၊ ရုရှားနယ်စပ်မျဉ်းကို ဖြတ်ကျော်၍ မမျှော်လင့်ဘဲ ရုရှားနိုင်ငံ ကတ်စ်ဒေသအတွင်း ဝင်ရောက်ကာ နယ်မြေအနည်းငယ်ကို သိမ်းပိုက်လိုက်သောအခါ တစ်ကမ္ဘာလုံးအတွက် အံ့အားသင့်ဖွယ်ဖြစ်ခဲ့ရသည်။ ယူကရိန်းတို့က နယ်မြေသိမ်းပိုက်နိုင်ရုံမျှမက အငိုက်မိကာ ကြက်သေသေသွားကြသော ရုရှားတပ်ဖွဲ့ဝင်အချို့ကိုပင် အရှင်ဖမ်းကာ ဗီဒီယိုရိုက်ကူး၍ ထုတ်လွှင့်ပြသလိုက်သောအခါ



ရုရှား-ယူကရိန်းစစ်ပွဲကြောင့် ပျက်စီးဆုံးရှုံးမှုများကို တွေ့ရစဉ်။

အနောက်မီဒီယာအများအပြားက "ကိုးလိယက်လူ့ဘီလူးကြီး" ရုရှားကို "နွားကျောင်းသား ဒေဗစ်" ယူကရိန်းက လေးခွဖြင့်ထု၍ အနိုင်ယူလိုက်လေပြီဟု သောင်းသောင်းဖြဖြ ဩဘာပေးခဲ့ကြသည်။

အမှန်တကယ်တွင်မူ ယူကရိန်းတပ်ဖွဲ့များက ရုရှားနိုင်ငံအတွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်သော အကွာအဝေးမှာ မိုင် ၂၀ ခန့်သာဖြစ်ပြီး စုစုပေါင်း သိမ်းပိုက်ထားနိုင်သော နယ်မြေမှာလည်း စတုရန်းကီလိုမီတာ ၁၂၅၀ (စတုရန်းမိုင် ၄၈၀ ခန့်)သာဖြစ်၏။ ရုရှားနိုင်ငံတစ်ခုလုံး၏ ဧရိယာစတုရန်းကီလိုမီတာ ၁၇ သန်းနှင့်ဆိုပါက ၀.၀၀၇၃ ရာခိုင်နှုန်းမျှသာရှိ၏။ သို့သော်လည်း ထိုသို့စာမဖွဲ့လောက်သောသိမ်းပိုက်မှုသည်ပင်လျှင် ကမ္ဘာ့နိုင်ငံရေး၌ အဓိပ္ပာယ်များစွာ ဖော်ဆောင်နေသော ကိစ္စတစ်ရပ် ဖြစ်လာသည်။

ပထမဦးစွာ စိတ်ဝင်စားဖွယ်ကောင်းသော အချက်တစ်ရပ်မှာ ရုရှားနှင့်နှိုင်းစာလျှင် စစ်အင်အားအဆမတန်ကွာဟနေပါလျက်၊ ဒနီပရိုမြစ်ကြောင်းတစ်လျှောက် ရှည်လျားသော စစ်မျက်နှာတွင်လည်း အရေးမလှဖြစ်နေပါလျက် အဘယ်ကြောင့် ယူကရိန်းက အရဲကိုးကာ အလျော်အစားကြီးမားလှသည့် တန်ပြန်တိုက်စစ်ကို ဆင်နွှဲရပါသနည်း ဟူသော မေးခွန်းဖြစ်၏။

ယူကရိန်းသမ္မတ ဇဲလန်းစကီးက ကတ်စ်ဒေသမှနေ၍ ရုရှားအမြောက်များက ယူကရိန်းဘက်သို့ အဆက်မပြတ် ပစ်ခတ်နေသောကြောင့် (မိမိကိုယ်ကို ကာကွယ်သည့်သဘောဖြင့်) ဝင်ရောက်ထိုးဖောက်တိုက်ခိုက်ရပါသည်ဟု ပထမပိုင်းတွင် ပြောကြားခဲ့၏။ နောက်ပိုင်းတွင်မူ ရုရှားပိုင်နယ်တွင် ကြားခံနယ်မြေတစ်ခု တည်ထောင်လိုသောကြောင့် ဝင်ရောက်သိမ်းပိုက်ခဲ့ရသည် ဆိုသည်။

ရုရှားသမ္မတ ပူတင်ကမူ ယူကရိန်းအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် တန်းတူရည်တူ အပေးအယူပြုလုပ်နိုင်ရန်အတွက် နယ်မြေအလဲအထပ်လုပ်နိုင်မည့် သိမ်းပိုက်နယ်မြေတစ်ခု ဖန်တီးရယူလိုခြင်းဖြစ်သည်ဟု ဆိုသည်။

**နောက်ကွယ်၌ ပိုမိုနက်ရှိုင်းသော အကြောင်းရင်းများရှိနိုင်**

ထိုကဲ့သို့ နှစ်ဖက်ခေါင်းဆောင်များ ဖော်ထုတ်လာသည့် အချက်အားလုံးမှာ သူ့ဘက်ကိုယ့်ဘက် အမြင်အရ မှန်ကန်နေကြသည်ဟု ဆိုနိုင်သော်လည်း နောက်ကွယ်၌ ပိုမိုနက်ရှိုင်းသော အကြောင်းရင်းများ ရှိနိုင်သည်ဟု မှန်းဆမိပါသည်။

ထင်သာမြင်သာရှိသော ပထမအကြောင်းရင်းမှာ ယူကရိန်းသမ္မတ ဇဲလန်းစကီးအတွက် သူစတင်ခဲ့သောဇာတ်လမ်းကို ဆုံးခန်းတိုင်ကနိုင်ရန်မှာ ပြည်သူလူထု၏ စစ်ပွဲအပေါ်ထောက်ခံမှု၊ သူ့အပေါ် ထောက်ခံမှုမြှင့်တင်ပေးရန် အရေးတကြီးလိုအပ်လာမှုဖြစ်၏။ ရုရှားနိုင်ငံက ၂၀၂၂ ခုနှစ် စစ်ပွဲအစတွင် အင်အားအလုံးအရင်းဖြင့် ထိုးစစ်ဆင်လာချိန်၌ အနောက်အင်အားကြီးနိုင်ငံများက ဇဲလန်းစကီးကို အင်အားမမျှသည့်အတွက် နိုင်ငံမှထွက်ခွာရှောင်တိမ်းကာ ဥရောပတွင် အဝေးရောက်အစိုးရဖွဲ့ရန် တိုက်တွန်းခဲ့ကြသည်။ သို့သော် ဇဲလန်းစကီးက ခေါင်းမာစွာဆန့်ကျင်ရပ်တည်ကာ ယူကရိန်းမှ လုံးဝထွက်ခွာ အရှုံးပေးမည်မဟုတ်ကြောင်း ရဲရဲတောက်ကြေညာခဲ့သည်။ ယူကရိန်းပြည်သူ ၉၀ ရာခိုင်နှုန်းကလည်း မျိုးချစ်စိတ်ဖြင့် ဇဲလန်းစကီးကို အပြည့်အဝထောက်ခံခဲ့ကြပြီး စစ်သုံးတီရှပ် လက်တိုကိုဝတ်ဆင်၍ စစ်ပွဲကိုကွပ်ကဲနေသော ဇဲလန်းစကီး၏စတိုင်မှာ ကမ္ဘာသိအမှတ်တံဆိပ်တစ်ခုသဖွယ်ဖြစ်ခဲ့ရသည်။

စစ်ပွဲကာလကြာရှည်၍ စစ်အီစစ်ပန်းလာသောအခါ ယူကရိန်းပြည်သူလူထု၏ သဘောထားမှာလည်း ပြောင်း၍လာခဲ့သည်။ ယခုအခါ ဇဲလန်းစကီးကို အပြည့်အဝထောက်ခံသူမှာ ၂၂ ရာခိုင်နှုန်းသာ ကျန်ရှိတော့သည်။ ယူကရိန်းပြည်သူအများစုက အသက်အိုးအိမ်ပိုင်ဆိုင်မှုများ စစ်ကြောင့် ပျက်စီးရမှု၊ မိသားစုများ သေကွဲ သို့မဟုတ် ရှင်ကွဲကွဲရမှုတို့ ကြုံရဖန်များလာသောအခါ၊ နိုင်ပွဲထက်ရှုံးနိမ့်ရမှုများက များလာသောအခါ မျှော်လင့်ချက်တို့ မှေးမှိန်လာကာ "ဆုံးရှုံးထားသော နယ်မြေအားလုံးပြန်မရမချင်း စစ်ဆက်တိုက်မည်"ဟု ကြွေးကြော်ထားသော ဇဲလန်းစကီးအပေါ်ထောက်ခံမှု သိသိသာသာကျဆင်းသွားခဲ့သည်။ ယူကရိန်းတပ်မတော်အတွင်း၌လည်း လူ၊ လက်နက်ပစ္စည်းများ ထည့်မလောက်၊ ဖြည့်မလောက် အဆုံးအရှုံးများနေသောအခါ တိုက်ပွဲဝင်စိတ်ဓာတ်များ ပျက်ပြားလာနေသည်။

စာမျက်နှာ ၇ သို့ ☆

> **"ထင်သာမြင်သာရှိသော ပထမအကြောင်းရင်းမှာ ယူကရိန်းသမ္မတ ဇဲလန်းစကီးအတွက် သူစတင်ခဲ့သော ဇာတ်လမ်းကို ဆုံးခန်းတိုင်ကနိုင်ရန်မှာ ပြည်သူလူထု၏ စစ်ပွဲအပေါ်ထောက်ခံမှု၊ သူ့အပေါ် ထောက်ခံမှုမြှင့်တင်ပေးရန် အရေးတကြီးလိုအပ်လာမှုဖြစ်၏။ ရုရှားနိုင်ငံက ၂၀၂၂ ခုနှစ် စစ်ပွဲအစတွင် အင်အားအလုံးအရင်းဖြင့် ထိုးစစ်ဆင်လာချိန်၌ အနောက်အင်အားကြီးနိုင်ငံများက ဇဲလန်းစကီးကို အင်အားမမျှသည့်အတွက် နိုင်ငံမှ ထွက်ခွာရှောင်တိမ်းကာ ဥရောပတွင် အဝေးရောက်အစိုးရဖွဲ့ရန် တိုက်တွန်းခဲ့ကြသည်။ သို့သော် ဇဲလန်းစကီးက ခေါင်းမာစွာဆန့်ကျင်ရပ်တည်ကာ ယူကရိန်းမှလုံးဝထွက်ခွာ အရှုံးပေးမည်မဟုတ်ကြောင်း ရဲရဲတောက်ကြေညာခဲ့သည်။ ယူကရိန်းပြည်သူ ၉၀ ရာခိုင်နှုန်းကလည်း မျိုးချစ်စိတ်ဖြင့် ဇဲလန်းစကီးကို အပြည့်အဝထောက်ခံခဲ့ကြပြီး စစ်သုံးတီရှပ်လက်တိုကိုဝတ်ဆင်၍ စစ်ပွဲကိုကွပ်ကဲနေသော ဇဲလန်းစကီး၏စတိုင်မှာ ကမ္ဘာသိအမှတ်တံဆိပ်တစ်ခု သဖွယ်ဖြစ်ခဲ့ရ"**

☆ စာမျက်နှာ ၆ မှ

ဇဲလန်းစကီး၏ သမ္မတသက်တမ်းမှာလည်း ၂၀၂၄ ခုနှစ် မေလတွင်ကုန်ဆုံးသွားခဲ့ပြီဖြစ်ပြီး လွှတ်တော်၏ ခွင့်ပြုချက်ဖြင့် စစ်ပွဲကာလတွင် ရွေးကောက်ပွဲအသစ်မကျင်းပဘဲ သမ္မတဆက်လုပ်နေရခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်သူလူထု၏ ထောက်ခံမှုနှင့် တစ်နိုင်ငံလုံး စိတ်ဓာတ်ပြန်လည်မြှင့်တင်နိုင်မှုတို့အတွက် သေးငယ်သော ကန့်သတ်အောင်မြင်မှုဖြစ်စေ အောင်ပွဲတစ်ခုကိုတော့ မဖြစ်မနေရယူရန် အခြေအနေက တွန်းအားပေးနေခြင်း ဖြစ်လေသည်။

**ပြည်ပအကြောင်းတရားကလည်း အရေးပါ**

ထိုသို့ ပြည်တွင်းနိုင်ငံရေးအကြောင်းတရားအပြင် ယူကရိန်းအတွက် ပြည်ပအကြောင်းတရားကလည်း အရေးပါသည်။ ယူကရိန်းတို့၏ စစ်ဆက်တိုက်နိုင်စေရန် အနောက်အုပ်စုနိုင်ငံများက လက်နက်ခဲယမ်းနှင့် ငွေကြေးမှအစ ကူညီထောက်ပံ့နေရခြင်းဖြစ်ပြီး အဓိကအားဖြင့် ကမ္ဘာ့မဟာအင်အားကြီး အမေရိကန်၏ ထောက်ပံ့အားပေးမှုက အရေးအပါဆုံးဖြစ်သည်။ သို့ဖြစ်ရာ အမေရိကန်တို့၏ ထောက်ပံ့အားပေးမှုရပ်ဆိုင်းမသွားစေရန်မှာ ယူကရိန်းအတွက် အသက်တမျှအရေးကြီးသော အကျိုးစီးပွားဖြစ်လာသည်။

ပြဿနာမှာ လာမည့် နိုဝင်ဘာလ၌ကျင်းပမည့် အမေရိကန်သမ္မတ ရွေးကောက်ပွဲ၌ ရီပတ်ဘလစ်ကန်ပါတီမှ ဒေါ်နယ်ထရမ့်သာနိုင်ပါက ယူကရိန်းကို ထောက်ပံ့မှုများ ရပ်ဆိုင်းပစ်မည်ဟု ကြွေးကြော်ထားခြင်းဖြစ်၏။ ထို့ကြောင့် ယူကရိန်းစစ်ပွဲကို ဆက်လက်ထောက်ခံအားပေးမည့် ဒီမိုကရက်ပါတီ အနိုင်ရရှိရေးမှာလည်း ယူကရိန်းအတွက် မဖြစ်မနေလိုအပ်လာပြန်သည်။ ဤတွင် နောက်ထပ်ပြဿနာတစ်ခုမှာ ဒီမိုကရက်ဘက်မှ လက်ရှိသမ္မတဘိုင်ဒင်သည် ဇူလိုင်လ စကားစစ်ထိုးပွဲ၌ အခြေမလှဖြစ်သွားခဲ့မှုနှင့် မရေးမနှောင်းတွင် ရီပတ်ဘလစ်ကန်ဘက်မှ သမ္မလောင်းထရမ့် လုပ်ကြံခံရမှုမှ သီသီလေး လွတ်မြောက်ခဲ့ပြီး လူထုထောက်ခံမှု တစ်ဟုန်ထိုးတက်သွားမှုတို့ တိုက်တိုက်ဆိုင်ဆိုင်ပေါ်ပေါက်လာခြင်းဖြစ်လေသည်။ ဤတွင် ဒီမိုကရက်တစ်ကြိုးကိုင်များက ဘိုင်ဒင်ကို ဇူလိုင်လနှောင်းပိုင်း၌ ရွေးကောက်ပွဲယှဉ်ပြိုင်မှုကနေ အတင်းအကျပ်ဖိအားပေးထွက်ခွာစေခဲ့ပြီး ယင်းအစား ဒုတိယသမ္မတ ကာမလာဟဲရစ်ကို ရွေးချယ်လျာထားခဲ့သည်။ နောက်တစ်ဖန်စိန်ခေါ်မှုတစ်ခုမှာ ဒုတိယသမ္မတ ကာမလာဟဲရစ်အနေဖြင့် ဥပဒေပညာရှင်ဖြစ်၍ တရားဥပဒေဆိုင်ရာ ကျွမ်းကျင်သော်လည်း နိုင်ငံရေးနှင့် နိုင်ငံတကာရေးရာကိစ္စများ၌ ကျွမ်းကျင်မှုလိုအပ်နေသေးသည်ဟု လူအများကရှုမြင်နေကြခြင်းဖြစ်၏။ ထို့ကြောင့် ကာမလာဟဲရစ်ကို ရွေးကောက်ပွဲစင်မြင့်ထက်တွင် ဆွဲတင်ပေးနိုင်ရန် ဒီမိုကရက်တို့ဘက်မှ အခြေအနေကောင်းများကို ဖန်တီးပေးရန် လိုအပ်လာပြန်သည်။ ဤတွင် ဒီမိုကရက်တစ်တို့၏ အရေးပါသော နိုင်ငံရေးမူဝါဒ သဘောထားဖြစ်သည့် ယူကရိန်းတို့ ခြေကုပ်ရစပြုချိန်၌ အမေရိကန်တွင် ဒီမိုကရက်ပြည်လုံးကျွတ်ညီလာခံ၌ ကာမလာဟဲရစ်ကို သမ္မတဟောင်း အိုဘားမား၊ နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်တို့က ချီးမွမ်းထောမနာပြုကာ ဒီမိုကရက်ပါတီ သမ္မတလောင်းအဖြစ် စင်တင်ပေးနေခြင်းမှာ ရှေ့ထွက်မင်းသမီးကို ခေါင်းဆောင်မင်းသမီးအဖြစ် ပွဲထုတ်နိုင်ရန် သမ္ဘာရင့်မင်းသမီးကို လူ့ရွှင်တော်ကြီးများက ပရိသတ်အား မိတ်ဆက်ပေးနေခြင်းနှင့် တူလှသည်။ မည်သို့ပင်ဖြစ်စေ ရုရှား-ယူကရိန်းစစ်ပွဲအခြေအနေကောင်းလျှင် ဒီမိုကရက်ပါတီလည်း ရွေးကောက်ပွဲ၌ အခြေအနေကောင်းမည်။ ဒီမိုကရက်ပါတီ အမေရိကန်ရွေးကောက်ပွဲနိုင်မှလည်း ဇဲလန်းစကီးက ယူကရိန်းစစ်ပွဲကို ရှေ့ဆက်တိုက်နိုင်မည်။ ဤသို့လျှင် အပြန်အလှန်မှီခိုလျက်ရှိကြသည်။

ဤသို့ဖြင့် အမေရိကန်က ယူကရိန်းကို ဒေါ်လာဘီလီယံ ၆၀ ထောက်ပံ့ကူညီရန် ဧပြီလတွင် လွှတ်တော်က သဘောတူခဲ့ပြီးနောက် ပထမဆုံးအသုတ်အဖြစ် အက်ဖ် ၁၆ တိုက်လေယာဉ်များနှင့် အခြားလက်နက်ခဲယမ်းများ ယူကရိန်းသို့ ရောက်ရှိလာချိန်တွင် တန်ပြန်တိုက်စစ် စတင်ခဲ့ခြင်းဖြစ်သည်။ ဤလက်နက်ခဲယမ်းပစ္စည်းများသည်စစ်ပွဲအတွက် အလှည့်အပြောင်းဖြစ်နိုင်မည်လောဟု စဉ်းစားဖွယ်ဖြစ်လာပြန်သည်။ ယေဘုယျအားဖြင့် သုံးသပ်ကြည့်ပါမူ ရုရှားနိုင်ငံက ယူကရိန်းစစ်မျက်နှာ၌ပင် ကြည်းတပ်အင်အား၌ ယူကရိန်းထက် နှစ်ဆသာသည်။ လေတပ်အင်အား၌ ဆယ်ဆသာသည်။ တင့်နှင့် သံချပ်ကာအင်အား၌ ငါးဆသာသည်။ အဏုမြူမဟာဗျူဟာလက်နက်အင်အား၌ လုံးလုံးလျားလျားသာသည်။ ထို့ကြောင့် မည်သို့ပင် တွက်စေကာမူ ယူကရိန်းဘက်က အခြေမလှနိုင်ဟူသော အဖြေကထွက်နေမည်ဖြစ်၏။

**အထိမခံနိုင်သော မြှုပ်ကွက်များရှိနေလေသလော**

သို့ရာတွင် ဤသေးငယ်သော နေရာကလေးသည်ပင် ဂရိဒဏ္ဍာရီမှလူစွမ်းကောင်း အာခိလီစ်၏ ခြေဖနောင့်ကဲ့သို့ အထိမခံနိုင်သော မြှုပ်ကွက်များရှိနေလေသလောဟု ဆန်းစစ်ကြည့်ပါက စိတ်ဝင်စားဖွယ်အချက်အချို့ကို တွေ့ရနိုင်ပေသည်။

**❛ တင်းမာမှုများ မြင့်တက်လာသည်နှင့်အမျှ နိုင်ငံငယ်ကလေးဖြစ်သော ယူကရိန်းအတွက် မဟာဗျူဟာကျောထောက်နောက်ခံ ပိုမိုလိုအပ်လာသည်။ အနီးကပ်ဆုံးကျောထောက်နောက်ခံမှာ အမေရိကန်နှင့် ဥရောပနိုင်ငံများပါဝင်သော နေတိုးစစ်စာချုပ်အဖွဲ့ဖြစ်သည်။ ဇူလိုင်လဆန်းပိုင်းက ကျင်းပခဲ့သော နေတိုးထိပ်သီးအစည်းအဝေးတွင် ယူကရိန်းကို အဖွဲ့ဝင်အဖြစ် လက်ခံမည့်ကတိကဝတ်ကို ပေးခဲ့သည်။ သို့သော် ရုရှားနှင့်ဖြစ်ပွားနေသည့် စစ်ပွဲပြီးသည့်အချိန်ကျမှ ဝင်ရောက်ခွင့်ပြုမည်ဟုဆိုသည်။ ဆိုလိုသည်မှာ ယခုအချိန် ယူကရိန်းကို နေတိုးအဖွဲ့အတွင်းသို့ ဝင်ခွင့်ပြုလိုက်လျှင် နေတိုးစာချုပ် ပုဒ်မ ၅ အရ ၃၂ နိုင်ငံပါဝင်သော နေတိုးအဖွဲ့နှင့် ရုရှားတို့ တရားဝင်စစ်ပွဲဆင်နွှဲကြကာ ကမ္ဘာစစ်အမှန်တကယ် ဖြစ်ပွားရလိမ့်မည်ဖြစ်သည်။ မည်သည့်နေတိုးနိုင်ငံကမျှ နျူကလီးယားလက်နက်ပိုင်ရှင် ရုရှားနှင့် စစ်မဖြစ်ပွားလိုကြပေ ❜**

ပထမအချက်မှာ စစ်ရေးနှင့်ပတ်သက်သည်။ ကတ်စ်ဒေသသည် ရုရှားနိုင်ငံ၏ မြို့တော်မော်စကိုမှ မိုင် ၃၀၀ ကျော်မျှသာကွာဝေးသည်။ အမေရိကန်နှင့် မဟာမိတ်တို့က လောလောလတ်လတ် ပေးပို့ခဲ့သော အက်ဖ် ၁၆ တိုက်လေယာဉ်တွင် တပ်ဆင်နိုင်ဖွယ်ရှိသည့် JASSM ပဲ့ထိန်းတပ် ဝေဟင်မှ မြေပြင်ပစ် ဒုံးပျံသည် ပေါင် ၁၀၀၀ ထိပ်ဖူးကို သယ်ဆောင်ပြီး မိုင် ၃၃၀ အထိ ပစ်ခတ်နိုင်စွမ်းရှိရာ ကတ်စ်ဒေသ ဝေဟင်ပေါ်မှနေ၍ မော်စကိုအထိ ရောက်ရှိအောင် ပစ်ခတ်တိုက်ခိုက်နိုင်စွမ်းရှိလာမည်ဖြစ်သည်။

ဒုတိယအချက်မှာ ဓာတ်ငွေ့ပိုက်လိုင်းနှင့် ပတ်သက်သည်။ ယူကရိန်းတို့သိမ်းပိုက်ခဲ့သည့်နယ်မြေတွင် ရုရှားမှ ယူကရိန်းနိုင်ငံကိုဖြတ်၍ ဩစတြီးယားနှင့် အရှေ့ဥရောပနိုင်ငံများသို့ ဓာတ်ငွေ့တင်ပို့သည့် ပိုက်လိုင်းမှ ဓာတ်ငွေ့ပို့လွှတ်မှု ပမာဏတိုင်းတာသည့် စခန်းရှိသည်။ ထိုစခန်းမှာ ရေနံနှင့် ဓာတ်ငွေ့တင်ပို့မှုမှရသည့်ဝင်ငွေကို အားပြုနေရသည့် ရုရှားစီးပွားရေးအတွက်အရေးပါပြီး ယခုသော် ယူကရိန်းတို့က တိုက်ခိုက်ဖျက်ဆီးပစ်လိုက်ပြီဖြစ်သည်။

တတိယအချက်မှာ အဏုမြူဓာတ်အားပေးစက်ရုံများတွင်ဖြစ်သည်။ ယူကရိန်းသိမ်းပိုက်နယ်မြေနှင့်မလှမ်းမကမ်းတွင် ရုရှားနိုင်ငံ၌ အကြီးဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံ ရှိနေရာ ထိုစက်ရုံကို ယူကရိန်းတို့က အချိန်မရွေးဒုက္ခပေးနိုင်သည်။ ထိုစက်ရုံ၌ နျူကလီးယား ယိုစိမ့်မှုဖြစ်ခဲ့လျှင် အနီးပတ်ဝန်းကျင်တစ်ဝိုက် ရေဒီယိုသတ္တိကြွမှု အဆိပ်သင့်၍ လူသတ္တဝါနှင့် သဘာဝပတ်ဝန်းကျင်ပါ ဒုက္ခများကာ ချာနိုဘိုင်းကပ်ဘေးသဖွယ်ဖြစ်သွားနိုင်သည်။ များမကြာမီကပင် ဒနီပရိုမြစ်ကမ်းရှိ ရုရှားသိမ်းပိုက်နယ်မြေမှ ဇာပိုရစ်ဇီးယားမြို့ရှိနျူကလီးယားစက်ရုံ၏ အအေးခံတာဝါတစ်ခုကို ယူကရိန်းတို့က ဒရုန်းဖြင့်တိုက်ခိုက်ခဲ့မှုကြောင့် ပြဿနာဖြစ်စပြုနေသည်။ သို့ဖြစ်ရာ ဤကိစ္စမှာ ရုရှားအတွက် အထူးသတိထားရမည့် နျူကလီးယားအကျပ်ကိုင်မှု (Nuclear Blackmail )ဖြစ်လာနိုင်ခြေ ရှိနေသည်။

သို့ဖြစ်ရာ ပူတင်အနေဖြင့် ကတ်စ်ဒေသ တန်ပြန်ထိုးစစ်ကို အတန်ပင်စဉ်းစားချိန်ဆနေရဟန်ရှိသည်။ သို့ရာတွင် အခြားတစ်ဖက်မှ ဖိအားပေးသည့်အနေဖြင့် ဒွန်နက်စ်ဒေသမှ ရုရှားတပ်ဖွဲ့များကို ရှေ့တိုးချီတက်၍ ယူကရိန်းစခန်းများကို တိုက်ခိုက်သိမ်းပိုက်စေခဲ့သလို ကိဗ်မြို့တော်ကိုလည်း ဒုံးပျံများဖြင့် အပြင်းအထန်ပစ်ခတ်စေခဲ့သည်။ ယူကရိန်းဘက်ကလည်း ဒရုန်းများကို အုပ်လိုက်အသုံးပြုကာ မော်စကိုတစ်ဝိုက်အထိ သွားရောက်တိုက်ခိုက်စေခြင်းများ တွေ့ရသကဲ့သို့ရုရှားတောင်ပိုင်း ကရိုင်းမီးယားကျွန်းဆွယ်အနီးရှိ ကရာစနိုဒါ ဆိပ်ကမ်းတွင် လောင်စာဆီတင် ကူးတို့သင်္ဘောတစ်စင်းကို ဒုံးပျံဖြင့်ပစ်ခတ်ဖျက်ဆီးမှု စသည်ဖြင့် ရုရှားနယ်မြေအတွင်းပိုင်းသို့ဦးတည်တိုက်ခိုက်မှုများ ပြုလုပ်လာခဲ့သည်ကို တွေ့မြင်လာရသည်။ ဤသို့ဖြင့် နှစ်ဖက်စစ်ရေးတင်းမာမှုများမှာ တိုးမြင့်သည်ထက် တိုးမြင့်လာသည်ကို တွေ့မြင်ရသည်။

ထိုသို့ တင်းမာမှုများ မြင့်တက်လာသည်နှင့်အမျှ နိုင်ငံငယ်ကလေးဖြစ်သော ယူကရိန်းအတွက် မဟာဗျူဟာကျောထောက်နောက်ခံ ပိုမိုလိုအပ်လာသည်။ အနီးကပ်ဆုံးကျောထောက်နောက်ခံမှာ အမေရိကန်နှင့် ဥရောပနိုင်ငံများပါဝင်သော နေတိုးစစ်စာချုပ်အဖွဲ့ဖြစ်သည်။ ဇူလိုင်လဆန်းပိုင်းက ကျင်းပခဲ့သော နေတိုးထိပ်သီးအစည်းအဝေးတွင် ယူကရိန်းကို အဖွဲ့ဝင်အဖြစ် လက်ခံမည့်ကတိကဝတ်ကို ပေးခဲ့သည်။ သို့သော် ရုရှားနှင့် ဖြစ်ပွားနေသည့် စစ်ပွဲပြီးသည့်အချိန်ကျမှ ဝင်ရောက်ခွင့်ပြုမည်ဟု ဆိုသည်။ ဆိုလိုသည်မှာ ယခုအချိန် ယူကရိန်းကို နေတိုးအဖွဲ့အတွင်းသို့ ဝင်ခွင့်ပြုလိုက်လျှင် နေတိုးစာချုပ် ပုဒ်မ ၅ အရ ၃၂ နိုင်ငံ ပါဝင်သော နေတိုးအဖွဲ့နှင့် ရုရှားတို့ တရားဝင်စစ်ပွဲဆင်နွှဲကြကာ ကမ္ဘာစစ်အမှန်တကယ် ဖြစ်ပွားရလိမ့်မည်ဖြစ်သည်။ မည်သည့်နေတိုးနိုင်ငံကမျှ နျူကလီးယားလက်နက်ပိုင်ရှင် ရုရှားနှင့် စစ်မဖြစ်ပွားလိုကြပေ။

ထို့ကြောင့် ယူကရိန်းစစ်ပွဲတွင် တိုက်ရိုက်ပါဝင်မှုအစား အခြားနည်းလမ်းများဖြင့် ပါဝင်ကူညီကြသည်။ လက်နက်ခဲယမ်းများ ထောက်ပံ့သည်။ စစ်သင်တန်းများပေးသည်။ ထောက်လှမ်းရေးသတင်းများပေးသည်။ ယူကရိန်းတွင် နေတိုးကိုယ်စားလှယ်ရုံးထူထောင်၍ စစ်ရေးစီမံမှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုများကို ဆောင်ရွက်ပေးသည်။ ထရမ့်သမ္မတဖြစ်လာစေဦးတော့ ယူကရိန်းတို့ငွေကြေးမပြတ်လပ်စေရန်၊ ရုရှားဘဏ်အပ်ငွေ သိမ်းဆည်းထားသည့် ယူရိုဘီလီယံ ၃၀၀ ကို အပေါင်ထား၍ ယူကရိန်းကိုရေရှည်ချေးငွေ ယူရိုဘီလီယံ ၁၀၀ ထုတ်ပေးနိုင်ရေးလည်း လုံးပန်းနေကြသည်။

**ယူကရိန်းစစ်တွင် နက်နက်ရှိုင်းရှိုင်း ပါဝင်လိုမှုမရှိ**

သို့ရာတွင် အမှန်တကယ်လက်တွေ့၌ နေတိုးနိုင်ငံများ အားလုံးလိုလိုက ယူကရိန်းစစ်တွင် နက်နက်ရှိုင်းရှိုင်း ပါဝင်လိုမှုမရှိသကဲ့သို့ မိမိအိတ်ကစိုက်၍ ထိထိရောက်ရောက် ကူညီပေးဖွယ်လည်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် ယင်းတို့၏ပြည်တွင်းနိုင်ငံရေးအခြေအနေ ရှုပ်ထွေးနေသည့် ပြဿနာများကို ရင်ဆိုင်နေကြရသောကြောင့်ဖြစ်၏။ အမေရိကန်တွင် သမိုင်းတစ်လျှောက် အပြင်းထန်ဆုံးသမ္မတနေရာ ယှဉ်ပြိုင်ရမှုဖြစ်ပွားနေသည်။ ဗြိတိန်၌ ပြည်တွင်းစစ်ဖြစ်နေပြီဟုပင် ဝေဖန်ခံရလောက်အောင် လူအုပ်စုပဋိပက္ခ အဓိကရုဏ်းများဖြစ်နေသည်။ ပြင်သစ်အပါအဝင် ဥရောပနိုင်ငံများ၌ ယူကရိန်းစစ်ကို ထောက်ခံသည့် လစ်ဘရယ်ပါတီများနေရာတွင် မိမိနိုင်ငံရေးကိုသာ ပိုမိုဦးစားပေးမည့် အမျိုးသားရေးဝါဒီများက ပိုမိုအားကောင်းလာမှုနှင့် ကြုံတွေ့နေရသည်။ ထို့ထက်ပို၍ အရေးကြီးသည်မှာ ယူကရိန်းကို မပြီးနိုင်မစီးနိုင် ဝိုင်းဝန်းထောက်ပံ့ပေးရမှုကြောင့် ဥရောပနိုင်ငံများသည် ခြေကုန်လက်ပန်းကျလာခြင်းဖြစ်၏။ ဂျာမနီနိုင်ငံဆိုလျှင် ဘတ်ဂျက် အခက်အခဲကြောင့်လည်းကောင်း၊ ဂျာမနီသို့ ပေးပို့သည့် ရုရှားပိုင် နော့စထရင်းမ် ဓာတ်ငွေ့ပိုက်လိုင်းကို ယူကရိန်းတို့ဖောက်ခွဲခဲ့မှု ပေါ်ပေါက်လာသောကြောင့်လည်းကောင်း လာမည့် ၂၀၂၅ ခုနှစ်တွင် ယူကရိန်းအား ထောက်ပံ့မှုများကို ရပ်ဆိုင်းမည်ဟု ကြေညာခဲ့သည်။

ဤသို့ဖြင့် ဇဲလန်းစကီးကိုယ်တိုင်လည်း ဤအကျပ်အတည်းမှ အေးချမ်းစွာညှိနှိုင်းဖြေရှင်းနိုင်မည့်နည်းကို ရှာဖွေလာရတော့သည့် လက္ခဏာများ တွေ့လာရသည်။ မကြာမီကမှ ရုရှားသို့သွားရန် ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံခဲ့သော အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ယခုအခါယူကရိန်းသို့ရောက်ရှိကာ သမ္မတ ဇဲလန်းစကီးနှင့် တွေ့ဆုံဆွေးနွေးနေခြင်းမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ တစ်ချိန်တည်းမှာပင် ယူကရိန်းစစ်ပွဲ အပစ်အခတ်ရပ်စဲရေး အဆိုပြုချက် ၁၂ ချက်ကို ဖော်ထုတ်တင်ပြခဲ့သည့် တရုတ်နိုင်ငံမှ ဝန်ကြီးချုပ်လီကျင်းကလည်း ရုရှားသို့ သွားရောက်၍ သမ္မတပူတင်နှင့် တွေ့ဆုံနေသည်မှာ ထူးခြားနေပြန်သည်။ ဤအနေအထားအရ ရုရှား-ယူကရိန်း အရေးအခင်းတွင် တတိယအုပ်စုအဖြစ် ထွန်းသစ်စအင်အားကြီးနိုင်ငံများဖြစ်သည့် အိန္ဒိယနှင့် တရုတ်တို့က ကြားဝင်စေ့စပ်သူများအဖြစ် ပါဝင်လာနိုင်ဖွယ်ရှိကြောင်း သုံးသပ်ရပေသည်။

မည်သို့ပင်ဖြစ်စေ ခြုံ၍သုံးသပ်ကြည့်ပါက ရုရှားနိုင်ငံသည်လည်း ယူကရိန်းတစ်နိုင်ငံလုံးကို တိုက်ခိုက်သိမ်းပိုက်ရန် ရည်ရွယ်ချက်ရှိပုံမရ။ ထိုသို့သိမ်းပိုက်ရန် သမားရိုးကျစစ်အင်အား၊ ခနအင်အားတို့ကိုလည်း အစွမ်းကုန်ထုတ်သုံးရမည့် အရေးကိုလည်း တတ်နိုင်ဖွယ်မရှိ။ ထို့ကြောင့် ဖြစ်နိုင်သမျှ အနိုင်နှင့်ပိုင်း၍ ဤစစ်ကို ဖြတ်လိုသည့် ပုံပေါ်သည်။ အမေရိကန်နှင့် အနောက်အုပ်စု၏ ရုရှားကို စစ်နွံတွင်နစ်စေပြီး စီးပွားပါပျက်ကာ နာလန်မထူအောင် လုပ်မည့် စီမံကိန်းမှာလည်း ဖြစ်နိုင်ဖွယ်မရှိကြောင်း ထင်ရှားပေါ်လွင်လာပြီဖြစ်သည်။ ဥရောပအနေဖြင့်လည်း ယူကရိန်းပြီးလျှင် သူတို့အလှည့်လာလိမ့်မည်ဟူသော စိုးရိမ်မှုဖြင့် ကြိုကာရန် ယူကရိန်းကို ဝိုင်းစုထောက်ပံ့နေလိုသည့် နိုင်ငံရေးအုပ်စုနှင့် စစ်ပန်းနေသည့် လူထုတို့အကြား ကွာဟမှုကြီးမားလာနေသည့် အသွင်များကို တွေ့နေရသည်။ ဤအခြေအနေတွင် သမ္မတဇဲလန်းစကီး၏ စွန့်စားမှုကြီးမားသောကစားပွဲသည် မည်သည့်အကျိုးဆက်များ ဆောင်ကြဉ်းလာမည်ကို စိတ်ဝင်စားဖွယ် စောင့်ကြည့်ရန်သာရှိပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။ ။

# အကြိမ် (၃၀)မြောက် ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုက ပခုက္ကူစာပေဆုရန်ပုံငွေသို့ ငွေကျပ် သိန်း ၁၀၀နှင့် မြန်မာနိုင်ငံစာကြည့်တိုက်များနှင့် တပ်မတော်တပ်ရင်းတပ်ဖွဲ့များလက်အောက်ရှိ စာကြည့်တိုက်များသို့ လူထုသိပ္ပံကျမ်းစာအုပ်စုစုပေါင်း ၃၀၀၀ ပေးအပ်လှူဒါန်း




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အကြိမ် (၃၀) မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေစာကြည့်တိုက်ဆုနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရန်ကုန် ဩဂုတ် ၂၄

အကြိမ် (၃၀) မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုက ပခုက္ကူစာပေဆု ရန်ပုံငွေသို့ ငွေကျပ်သိန်း ၁၀၀၊ မြန်မာနိုင်ငံစာကြည့်တိုက်များနှင့် တပ်မတော်တပ်ရင်းတပ်ဖွဲ့များလက်အောက်ရှိစာကြည့်တိုက်များသို့ လူထုသိပ္ပံကျမ်းစာအုပ် စုစုပေါင်း ၃၀၀၀ ပေးအပ်လှူဒါန်းသည့်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ လူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ မြန်မာနိုင်ငံစာရေးဆရာအသင်း နာယကများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကော်မတီဝင်များ၊ စာရေးဆရာ၊ ဆရာမကြီးများ၊ စာပေဆုရပုဂ္ဂိုလ်များ၊ ပညာရည်ချွန်ဆုရကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ "စာပေကဏ္ဍအတွက် တန်ဖိုးဖြတ်မရနိုင်သော ပခုက္ကူစာပေဆု ဗီဒီယိုကလစ်နှင့် ပါရီအိုလံပစ်ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား" ဗီဒီယိုကလစ်တို့ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် မိမိတို့၏ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အဓိကထား အထောက်အကူပြုနေသည့် ပခုက္ကူစာပေဆု ဆုနှင်းသဘင် အခမ်းအနားဖြစ်ပါကြောင်း၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးမှာ မြန်မာစာပေပညာရှင်တို့၏ ဝိုင်းဝန်းကြိုးပမ်းမှုများ ပါဝင်သကဲ့သို့ စာပေပညာရှင်များကို ချီးမြှင့်သည့် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိက စာပေဆု တည်ထောင်သူများ၏ အားစိုက်ထုတ်မှုများကလည်း အဓိကကျပါကြောင်း၊ ပခုက္ကူဦးအုံးဖေစာပေဆုသည် ၁၉၉၄ ခုနှစ်တွင် စတင်ခဲ့သည်ဖြစ်သည့်အတွက် သက်တမ်းရှည်ပုဂ္ဂလိက စာပေဆုတစ်ခုဖြစ်ပါကြောင်း။

လွန်ခဲ့သည့်နှစ်ပေါင်း၃၀ ကျော် ၁၉၉၂ ခုနှစ်တွင် ပခုက္ကူမြို့မှ သိန်းတစ်ရာ ဆေးပေါင်းရုံပိုင်ရှင် ဦးအုံးဖေက စာပေရန်ပုံငွေတစ်ရပ် တည်ထောင်ရန်အတွက် ငွေကျပ် ၇၆ သိန်းနှင့် ၁၂၇၉ ကျပ်တို့ကို မတည်၍ နိုင်ငံတော်သို့ လှူဒါန်းခဲ့ပါကြောင်း၊ ၁၉၉၄ ခုနှစ်မှ စတင်ပြီး ဦးအုံးဖေ၏ စာပေအလှူဒါနမတည်ငွေနှင့် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုနှင့် စာပေဆုဘာသာရပ်လေးမျိုးကို စတင်ချီးမြှင့်ခဲ့ပါကြောင်း၊ ယခုအခါတွင် တစ်သက်တာ စာပေဆုနှင့် ဘာသာရပ်ငါးမျိုးကို ဆုချီးမြှင့်လျက်ရှိပါကြောင်း။

၎င်းမကွယ်လွန်မီက ပခုက္ကူဦးအုံးဖေ စာပေဆုပေးပွဲအခမ်းအနားတစ်ခုတွင် "စာပေဟာ ကျွန်တော့်ကို မြေတောင်မြှောက်၊ ရေလောင်း ပေါင်းသင်ပေးတဲ့ ကျေးဇူးရှင်ပါ။ ဒါကြောင့် ကိုယ်ပိုင်ငွေတွေကို ကိုယ်ကျိုးအတွက် အသုံးမပြုဘဲ စာပေကို ကျေးဇူးဆပ်တဲ့အနေနဲ့ စာပေဆု၊ ပညာရည်ချွန်ဆုများအတွက် လှူဒါန်းပေးပြီး စာကြည့်တိုက်များ တည်ဆောက်လှူဒါန်းခြင်း ဖြစ်ပါတယ်။ လမ်းမှား၊ အမြင်မှားရောက်နေတဲ့ လူတွေကိုလည်း စာဖတ်ခြင်းအားဖြင့် အမြင်မှန်ရကာ ကျွန်တော့်လို မကောင်းတဲ့ဘဝက ကောင်းတဲ့ဘဝကို ပြောင်းလဲစေချင်လို့ပါ" ဆိုပြီး ပြောကြားခဲ့သည်ကိုလည်း မှတ်သားခဲ့ဖူးပါကြောင်း။

ယနေ့ ဆုချီးမြှင့်ပွဲတွင် တစ်သက်တာစာပေဆု အပါအဝင် ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်ဆု၊ ကျမ်းစာပေဆုနှင့် သုတေသနစာပေဆု စုစုပေါင်း ၁၆ ဆုကို ချီးမြှင့်နိုင်ခဲ့သည့်အတွက် ဆုရရှိသူ စာရေးဆရာ ဆရာမကြီးများအတွက် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း၊ ဘာသာရပ်တိုင်းတွင် ဆုရရှိသော စာမူလက်ရာများသည် နိုင်ငံနှင့်ပြည်သူအတွက် ရသ၊ သုတ ဖြည့်ဆည်းပေးမည့် ဘဝလမ်းညွှန်စာမူကောင်းများ ဖြစ်ကြပါကြောင်း၊ ဆုရရှိသူ ဆရာ ဆရာမကြီးများအားလုံး မိမိတို့၏ကလောင်အစွမ်းဖြင့် နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါကြောင်း၊ ထို့နည်းတူ ပညာရည်ချွန်ဆု ရရှိကြသော သားငယ်၊ သမီးငယ်လေးများကိုလည်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/ တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များအတွက် စာအုပ် စာစောင်များကိုလည်း မကြာခဏ လှူဒါန်းပေးလျက်ရှိပါကြောင်း၊ ယနေ့အခမ်းအနားတွင်လည်း လူထုသိပ္ပံကျမ်း အတွဲ (၆) နှင့် အတွဲ (၇) တစ်မျိုးလျှင် အုပ်ရေ ၁၅၀၀ စီဖြင့် စုစုပေါင်း အုပ်ရေ ၃၀၀၀ ကို ထပ်မံလှူဒါန်းပါကြောင်း၊ စာကြည့်တိုက်များ၏ အခန်းကဏ္ဍအရေးကြီးပုံနှင့် စာကြည့်တိုက်ယဉ်ကျေးမှု ထွန်းကားရေးကို လုပ်ဆောင်ကြရန် လိုအပ်ပုံကို

စာမျက်နှာ ၉ သို့ ✻



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှမိသားစုက တပ်မတော်တပ်ရင်းတပ်ဖွဲ့များလက်အောက်ရှိ စာကြည့်တိုက်များသို့ ပေးအပ်လှူဒါန်းသည့် လူထုသိပ္ပံကျမ်းအတွဲ (၆) နှင့် အတွဲ (၇) တစ်မျိုးလျှင် အုပ်ရေ ၅၀၀ စီ စုစုပေါင်း အုပ်ရေ ၁၀၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ထွန်းထွန်းဦး လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှမိသားစုက ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုရန်ပုံငွေသို့ ပေးအပ်လှူဒါန်းသည့် ငွေကျပ် သိန်း ၁၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က လက်ခံရယူစဉ်။

❋ စာမျက်နှာ ၈ မှ

❋ စာမျက်နှာ ၈ မှ

တိုက်တွန်းလေ့ရှိသကဲ့သို့ စာတတ်သူတိုင်း စာဖတ်ကြရေး၊ စာတတ်ရုံ၊ အတတ်ပညာပြည့်ဝရုံသာမက စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာပြည့်ဝသည့်၊ ဗလငါးတန်ပြည့်ဝသောလူငယ်များ ပေါ်ထွက်လာစေရေးအတွက် တာဝန်ရှိသူများအပြင် မိဘ၊ ဆရာ ပူးပေါင်းဆောင်ရွက်မှုကလည်း အရေးကြီးပုံကို အလေးထားမှာကြားလေ့ရှိပါကြောင်း၊ ထို့အပြင် ကျောင်းစာကြည့်တိုက်နှင့် ရပ်ကွက်စာကြည့်တိုက်များ တိုးပွားရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်နှင့် စာပေ၏အရေးကြီးသော အခန်းကဏ္ဍကို အလေးထားရန် မိမိတို့ကို မှာကြားလေ့ရှိပါကြောင်း။

စာပေ၏ အစွမ်းသတ္တိသည် အမှောင်ခွင်းပြီး အလင်းဆောင်နိုင်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ရန်ပုံငွေသို့ ငွေကျပ် သိန်း ၁၀၀ ကို ထည့်ဝင်လှူဒါန်းပါကြောင်း၊ ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသော စာပေပညာရှင်ကြီးများကလည်း စာပေဗိမာန်မှ ဆောင်ရွက်လျက်ရှိသည့် စာပေဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ကူညီအားဖြည့်ပေးကြပါဟု မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှမိသားစုက ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ရန်ပုံငွေသို့ လှူဒါန်းငွေကျပ်သိန်း ၁၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) ကလည်းကောင်း၊ မြန်မာနိုင်ငံ စာကြည့်တိုက်များသို့ လှူဒါန်းသည့် လူထုသိပ္ပံကျမ်းအတွဲ (၆) နှင့် (၇) တစ်မျိုးလျှင် အုပ်ရေ ၁၀၀၀ စီ စုစုပေါင်းအုပ်ရေ၂၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးညွန့်ဆွေ (မောင်ဆွေသက်) ကလည်းကောင်း၊ တပ်မတော်တပ်ရင်းတပ်ဖွဲ့များလက်အောက်ရှိစာကြည့်တိုက်များသို့ လူထုသိပ္ပံကျမ်းအတွဲ (၆) နှင့် (၇) တစ်မျိုးလျှင် အုပ်ရေ ၅၀၀ စီ စုစုပေါင်းအုပ်ရေ ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ထွန်းထွန်းဦးက လည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုရန်ပုံငွေသို့ ငွေကျပ် ၇၅ သိန်းကို ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က လက်ခံရယူပြီး စာပေဆု ရွေးချယ်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပခုက္ကူစာပေ တစ်သက်တာ ဆုများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်ရာ ဆရာကြီး ဦးခင်အောင် (ရွှေဘိုဘာမထီခင်အောင်) ကိုယ်စား သမီးဖြစ်သူ ဒေါ်သရဖီစိမ်းအောင်နှင့် ဆရာကြီး ဦးတင့်လွင် (တက်လူ) ကိုယ်စား သားဖြစ်သူ ဦးစည်သူလွင်တို့က လက်ခံရယူကြသည်။

ယင်းနောက် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ မြန်မာနိုင်ငံ စာရေးဆရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) နှင့် ဦးညွန့်တင် (မောင်ငြိမ်းသူ–ကြို့ပင်ကောက်) တို့က ပခုက္ကူစာပေဆုဝတ္ထုရှည် ဒုတိယဆုရ မေတ္တာထွေး နွေးပါသည် ဝတ္ထုရေးသားသူ ဆရာညိမ်းညို၊ ဝတ္ထုရှည် တတိယဆုရ စိတ်ဝတ္ထုရေးသားသူ ဆရာနေစိုးသော်၊ ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ မုသားချိုချိုနှင့် အခြားဝတ္ထုတိုများကို ရေးသားသူ ဆရာအမေ့သား (နတ်မောက်)၊ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ အတိုဆုံးဝတ္ထု၊ အရှည်ဆုံးပြဇာတ်နှင့် အခြားဝတ္ထုတိုများကို ရေးသားသူ ဆရာကိုနီသွေး (မန်းမြို့)၊ ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ မွေးရပ်မြေနှင့် သူငယ်ချင်းနှင့် သုတရသဝတ္ထုတိုပေါင်းချုပ်ကို ရေးသားသူ ဆရာထွန်းလှိုင် (မြိုင်)၊ ကျမ်းစာပေ ပထမဆုရ ကုန်းဘောင်ခေတ်စာဆို လက်ဝဲသုန္ဒရ၏ ဘဝနှင့် စာပေကို ရေးသားသူ ဆရာကိုတိုး (ရန်ကင်း)၊ ကျမ်းစာပေ ဒုတိယဆုရ ရတနာပုံအိမ်ရှေ့စံကို ရေးသားသူ ဆရာဦးဝင်းမြင့်မောင် (လင်းအရုဏ်ဦး)၊ ကျမ်းစာပေ တတိယဆုရ ရုပ်ရှင်နှင့်နိုင်ငံရေး၊ အမျိုးသားရေးအခန်းကဏ္ဍကို ရေးသားသူ ဆရာ သက်ဦးမောင်၊ သုတေသနစာပေပထမဆုရ သရေခေတ္တရာပျူတို့၏ ရွှေထည်၊ ငွေထည်ယဉ်ကျေးမှုအနုလက်ရာများကို ရေးသားသူ ဆရာမာန်သစ်ငြိမ်း (ရှေးဟောင်းသုတေသန)၊ ကဗျာပေါင်းချုပ် ပထမဆုရ ရောင်နီသန်းချိန် ပန်းပွင့်ချိန်ကို ရေးသားသူ ဆရာကောင်းနွဲ့၊ ကဗျာပေါင်းချုပ် ဒုတိယဆုရ မွေးမြဂုဏ်ရည် စာပန်းသီကဗျာများကို ရေးသားသူ ဆရာရွှေမင်းသား (စစ်ကိုင်း)၊ ကဗျာပေါင်းချုပ် တတိယဆုရ ဘဝတေးသံကဗျာများ ရေးသားသူ ဆရာတော် ကနောင်နိုင်နွယ်ဦး၊ သုတေသနစာပေ ဒုတိယဆုရ ဆိုကရေးတီးရိုးရာခရီးကို ရေးသားသူ ဆရာကိုဇော်ဌေး (ယဉ်ကျေးမှု) နှင့် သုတေသနစာပေတတိယဆုရ လပြည့်နေ့ဖွား မြန်မာလူကျော်များကို ရေးသားသူ ဆရာလက်ယာ (မေတ္တာတံခွန်) တို့က ဆုများ လက်ခံရယူကြသည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အကြိမ် (၃၀) မြောက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုနှင့် ပညာရည်ချွန်ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

ထို့နောက် အကြိမ် (၃၀) မြောက် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုရရှိသူများနှင့် ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရရှိသူများကို ပခုက္ကူစာပေဆု ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ဦးသိန်းခိုင်ဦးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာ ကေသီထွေးတို့က ဆုများပေးအပ်ချီးမြှင့်ရာ ကျွန်တော်သိသော ကျွန်တော့်ရွာ စာအုပ်ရေးသားသူ ဆရာခင်မောင်ဝင်း (အညာမြေ)၊ သရဖွေးလင်္ကာအဖွင့်ကျမ်းစာအုပ်ရေးသားသူ ဆရာသဲ၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ပညာသင်ဆုရရှိသူ မသန့်ဖြူဖြူထွန်း (ဒုတိယနှစ်၊ ပန်းချီပညာဌာန)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ပညာသင်ဆုရရှိသူ မောင်မင်းသုဟန်ကျော် (ဒုတိယနှစ်၊ ပန်းချီပညာဌာန) တို့က ဆုများ လက်ခံရယူကြသည်။

ယင်းနောက် စာပေအလှူရှင် ပခုက္ကူဦးအုံးဖေကိုယ်စား ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ဦးသိန်းခိုင်ဦးက ရှင်းလင်းပြောကြားပြီး ဆုရရှိသူများကိုယ်စား ပခုက္ကူစာပေဆု သုတေသနစာပေ ပထမဆုရ ဆရာမာန်သစ်ငြိမ်း (ရှေးဟောင်းသုတေသန)က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများသည် ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားတွင် ပြသထားသည့် ဆုရရှိသူများ၏ ဓာတ်ပုံများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ (၁၃) ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ



ရန်ကုန် ဩဂုတ် ၂၄

ပညာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဘူရီယမ်မြို့တွင် ဩဂုတ် ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် (၁၃) ကြိမ်မြောက်အာဆီယံပညာရေးဝန်ကြီးများအစည်းအဝေး၊ (၇) ကြိမ်မြောက် အာဆီယံအပေါင်း ၃ နိုင်ငံများ ပညာရေးဝန်ကြီးများအစည်းအဝေးနှင့် (၇) ကြိမ်မြောက် အရှေ့အာရှ ပညာရေးဝန်ကြီးများ ထိပ်သီး အစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့နံနက် ၆ နာရီတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ရန်ကုန်တိုင်း အခြေခံပညာဦးစီးဌာန တိုင်းပညာရေးမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ လေ့လာဆန်းစစ် အကဲဖြတ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ လိုက်ပါသွားကြသည်။

အဆိုပါ အစည်းအဝေးကို "ဒစ်ဂျစ်တယ်ခေတ် ပညာရေးအသွင် ကူးပြောင်းရေး" ဟူသော ခေါင်းစဉ်ဖြင့် ထိုင်းနိုင်ငံက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ပညာရေးဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ဆွေးနွေးကြမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ MNL မှ

ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့် နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ထိန်းကစားနေသဖြင့် ထိရောက်သည့် ဂိုးသွင်းခွင့်အနည်းငယ်သာရခဲ့ပြီး ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းအစတွင် ရတနာပုံအသင်း ဦးဆောင်ဂိုးရခဲ့ပြီး တိုက်စစ်မှူး တည်ငြိမ်မင်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်း၏ဦးဆောင်မှုမှာ မိနစ်အနည်းငယ်သာ ကြာခဲ့ပြီး ၅၄ မိနစ်တွင် တောင်ပံတိုက်စစ်ကစားသမား ဆွမ်လမန်က ဒဂုံစတားအသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရတနာပုံတိုက်စစ်မှူး တည်ငြိမ်မင်းက ရရှိသည်။ ယခုပွဲအပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက ၁၆ မှတ်၊ ရတနာပုံအသင်းက ၁၄ မှတ် ရရှိထားသည်။

ဩဂုတ် ၂၃ ရက်က ကျင်းပသည့်ပွဲများတွင် မဟာယူနိုက်တက်အသင်းက မြဝတီအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး သစ္စာအားမာန်အသင်းနှင့် Dagon Port အသင်း သုံးဂိုးစီသရေကျခဲ့သည်။

ပွဲစဉ် (၈) တတိယနေ့ကို ဩဂုတ် ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း၊ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှောဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း–ကိုညီလေး**
**ဓာတ်ပုံ–MNL**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း နေပြည်တော်ကောင်စီနယ်မြေအတွင်း လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၂၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်နှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ၃၃/ ၁၁ ကေဗွီ စက်မှုဇုန်ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့် မီတာစမ်းသပ်စစ်ဆေးရေးဌာနခွဲမှ မီတာများ စမ်းသပ်စစ်ဆေးဆောင်ရွက်ခြင်း လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ်ရှိ ၃၃/ ၁၁ ကေဗွီ စက်မှုဇုန်ဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ဓာတ်အားခွဲရုံ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ဗို့အားပြည့်ဝတည်ငြိမ်စွာ ဖြန့်ဖြူးပေးနိုင်ရေးနှင့် ဓာတ်အားပြတ်တောက်မှု မဖြစ်စေရေးအတွက် ဓာတ်အားခွဲရုံတွင် နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်သွားရန်၊ ဓာတ်အားခွဲရုံ မြေနေရာဧရိယာပိုင်အမည်ပေါက်ရရှိရေး ဆောင်ရွက်သွားရန်၊ ဓာတ်အားခွဲရုံ အတွင်း/ အပြင် သန့်ရှင်းသာယာလှပရေး၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်သွားရန်နှင့် မြေနေရာလွတ်များတွင် သီးပင်စားပင်၊ နှစ်ရှည်ပင်နှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးသွားရန် မှာကြားပြီး ဓာတ်အားခွဲရုံမှ မြို့တွင်းနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ်ရှိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း မီတာစမ်းသပ်စစ်ဆေးရေးဌာနခွဲသို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ပြည်သူတို့၏လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် သတ်မှတ်ထားသည့် တစ်ရက်လျှင်မီတာအလုံးရေ ၄၀၀ နှုန်းဖြင့် တစ်လလျှင် မီတာအလုံးရေ ၁၂၀၀၀၊ တစ်နှစ်လျှင် မီတာအလုံးရေ ၁၅၀၀၀၀ ထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် ဆောင်ရွက်ရာတွင်လည်း မီတာများ၏ သတ်မှတ်အရည်အသွေးနှင့် လုံခြုံမှုရှိစေရန် စနစ်တကျ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ စမ်းသပ်စစ်ဆေးရမည့်မီတာများ သတ်မှတ်ချိန်များအတွင်း အချိန်မီရောက်ရှိစေရေးနှင့် စဉ်ဆက်မပြတ်ပို့ဆောင်နိုင်ရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်၊ စမ်းသပ်စစ်ဆေးပြီး မီတာများကိုလည်း မြို့နယ်များသို့ အချိန်မီပို့ဆောင်သွားရန်နှင့် ပြည်သူလူထု အမြန်ဆုံးတပ်ဆင်အသုံးပြုနိုင်ရေး စီမံချက်ရေးဆွဲ၍ အင်တိုက်အားတိုက် တွန်းအားပေးဆောင်ရွက်သွားရန်လိုအပ်ကြောင်း မှာကြားပြီး မီတာများအား စမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်နှင့် ပစ္စည်းသိုလှောင်ရေး စတိုအတွင်း ထိန်းသိမ်းထားရှိသည့် ရုံးလုပ်ငန်းသုံးပရိဘောဂပစ္စည်းများ၊ ဓာတ်အားလိုင်း/ ဓာတ်အားခွဲရုံသုံးပစ္စည်းများနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် လုပ်ငန်းသုံးပစ္စည်းများ ဖြန့်ခွဲနေရာချထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဆရာဒကာကျောင်းများဖြစ်သော ဇမ္ဗူသီရိမြို့နယ်ရှိ မဟာဝိဟာရကျောင်းကြီးကျောင်းတိုက်၊ မဇ္ဈိမဝိဟာရကျောင်းတိုက်နှင့် မဟာစည်သတိပဋ္ဌာန်ကျောင်းတိုက်တို့သို့သွားရောက်ပြီး ကျောင်းတိုက်အသီးသီးရှိ ပဓာနနာယကဆရာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။ အဆိုပါကျောင်းတိုက်များ အတွင်း/ အပြင် သန့်ရှင်းရေးကောင်းမွန်စေရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စုပေါင်း၍ လုပ်အားဒါန ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှု ကြည့်ရှုအားပေး



နေပြည်တော် ဩဂုတ် ၂၄

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့တွင် ဆက်လက်ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှတာဝန်ရှိသူများက ပြိုင်ပွဲယှဉ်ပြိုင်နေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီး (မီတာ ၅၀၀၀ လမ်းလျှောက်၊ အလျားခုန်၊ မီတာ ၈၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀ တန်းကျော်၊ ကြိုးတပ်သံလုံးပစ်၊ မီတာ ၂၀၀၀ တားဆီးကျော်ပြေး) ပြိုင်ပွဲများနှင့် အမျိုးသား (ကြိုးတပ်သံလုံးပစ်၊ မီတာ ၈၀၀၊ မီတာ ၂၀၀၊ အလျားခုန်၊ မီတာ ၄၀၀ တန်းကျော်) ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ယမန်နေ့က ကျင်းပခဲ့သည့် ပြိုင်ပွဲများဖြစ်သော အမျိုးသား (မီတာ ၁၀၀၀၀ လမ်းလျှောက်၊ မီတာ ၃၀၀၀) ပြိုင်ပွဲများ၊ အမျိုးသမီး မီတာ ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီး (သံပြားဝိုင်းပစ်၊ မီတာ ၄၀၀၊ တန်းမြင့်ခုန်၊ ၁၀၀x၄ လက်ဆင့်ကမ်း)ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများအား ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဂုဏ်ဆောင် ပြေးခုန်ပစ်လက်ရွေးစင်အားကစားသမားဟောင်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယနေ့ပြိုင်ပွဲများအပြီးတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်းများမှ အဆင့်ရပ်တည်မှုအနေဖြင့် ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် နှစ်ခုဖြင့် ရှမ်းပြည်နယ်အသင်းက ပထမ၊ ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် သုံးခုဖြင့် တနင်္သာရီတိုင်းဒေသကြီးအသင်းက ဒုတိယ၊ ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် ခြောက်ခုဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တတိယ၊ ရွှေတံဆိပ် နှစ်ခုဖြင့် မန္တလေးတိုင်းဒေသကြီးအသင်းက စတုတ္ထနေရာများတွင် ရပ်တည်နိုင်ခဲ့ကြသည်။

ဩဂုတ် ၂၅ ရက် နံနက် ၆ နာရီခွဲမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား (မီတာ ၅၀၀၀၊ သံလုံးပစ်၊ တုတ်ထောက်ခုန်၊ မီတာ ၁၁၀ တန်းကျော်၊ မီတာ ၂၀၀၊ မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊ မီတာ ၈၀၀) ပြိုင်ပွဲများနှင့် အမျိုးသမီး (မီတာ ၃၀၀၀၊ မီတာ ၁၀၀ တန်းကျော်၊ သံလုံးပစ်၊ တုတ်ထောက်ခုန်၊ မီတာ ၂၀၀၊ မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊ မီတာ ၈၀၀) ပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်၍ အားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထားဝယ်မြို့၌ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

ထားဝယ် ဩဂုတ် ၂၄

တနင်္သာရီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့် ထားဝယ်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း အမှတ်စဉ်(၉/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသက်နိုင်ဝင်းက ဌာနက လိုအပ်သောနည်းပညာများ ပံ့ပိုးကူညီသွားမည့်အကြောင်း ပြောကြားပြီး ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်အောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ဘက်စုံသုံးဆပ်ပြာရည်၊ ရေချိုးဆပ်ပြာပြုလုပ်နည်း၊ ပန်းကန်ဆေးဆပ်ပြာဆီ၊ အဝတ်လျှော်ဆပ်ပြာဆီပြုလုပ်နည်း၊ အထည်အမွေးဆီပြုလုပ်နည်း၊ ဆံပင်ပေါင်းဆေးဆီ၊ Herbal Scrub အမျိုးမျိုး၊Hair Coat၊ Face Scrub ပြုလုပ်နည်း၊ ဆံသားနှပ်ဆီနှင့် ကမ်းဇော်ပရုတ်ဆီတို့အပါအဝင် နေ့စဉ်အသုံးပြုနေသည့် လူသုံးကုန်ပစ္စည်းများထုတ်လုပ်နည်းတို့အပြင် လူသုံးကုန်တွင်ပါဝင်သော ဓာတုပစ္စည်းများအကြောင်းကို တာဝန်ရှိသူများက သင်တန်းသား၂၅ ဦးအား ဩဂုတ် ၂၈ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

# ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြု ဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

**ဒေါက်တာထွန်းတင့်**

## မြန်မာဗျည်းအက္ခရာများ

(၁၉-၈-၂၀၂၄ ရက်နေ့မှအဆက်)

ဈ

**ဈ/ ဇၩမျင်ဆွဲ /**

**ဈ** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ကိုးလုံးမြောက် ဗျည်းအက္ခရာဖြစ်သည်။ ဈမျဉ်းဆွဲဟုခေါ်သည်။ စ ဆ ဇ ဈ ည ဟူသော စဝဂ်အက္ခရာငါးလုံးတွင် စတုတ္ထဗျည်းအက္ခရာဖြစ်ခြင်းကြောင့် စဝဂ်၏ စတုတ္ထက္ခရာဟုခေါ်သည်။ ပါဠိဘာသာတွင် သံထင်သံတင်း ဗျည်းဖြစ်သည်။ ဃောသဓနိတဖြစ်သည်။ မြန်မာဘာသာတွင်မူ သံထင်သံလျော့နှင့် သံထင်သံတင်းကို မခွဲနိုင်ကြပေ။ ဃောသသိထိလနှင့် ဃောသဓနိတကို မခွဲနိုင်ကြပေ။ တစ်နည်းအားဖြင့်ဆိုသော် တတိယက္ခရာနှင့် စတုတ္ထက္ခရာကို အသံမခွဲနိုင်ကြပေ။ မြန်မာဘာသာတွင် တတိယက္ခရာရော စတုတ္ထက္ခရာပါ အနက်မရှိသဖြင့် အသံမခွဲနိုင်သော်လည်း ပြဿနာမရှိပါ။ တတိယက္ခရာနှင့် စတုတ္ထက္ခရာကို အသံမခွဲဘဲ တတိယက္ခရာအသံသာရှိသဖြင့် စတုတ္ထက္ခရာ ဈ ကို တတိယက္ခရာ ဇ သံဖြင့်ပင် ရွတ်ဖတ်ကြသည်။ ပါဠိဘာသာ၊ သက္ကတဘာသာတို့တွင် ဈျဟု အသံထွက်သည်။ အာစောက်ဗျည်းဖြစ်သည်။ မြန်မာဘာသာတွင် ဇ ရော ဈ ပါ ဇ ဟု အသံထွက်သဖြင့် သွားရင်းဌာန်ဖြစ် ဗျည်းဖြစ်သည်။ ဈ ၏ အမည်ကို ယခုအခါ ဈမျဉ်းဆွဲဟု သတ်မှတ်ခေါ်ဝေါ်သည်။ စလုံးအက္ခရာနှင့်တူသော ဗျည်းအက္ခရာ၏ ဘေး၌ကပ်လျက် ယပင့်သဏ္ဌာန်နှင့်တူသော မျဉ်းကိုဆွဲ၍ ရေးထားသောကြောင့် ဈမျဉ်းဆွဲဟု ခေါ်ဆိုကြခြင်းဖြစ်မည်။ ဒုတိယကျော်အောင်စံထားဆရာတော်ကမူ ဈမြင်းဆွဲဟု ခေါ်ဝေါ်ခဲ့သည်။ ဆရာတော်၏ အာဘော်ကို ထောက်သော် ဈမြင်းဆွဲဟူ၍ခေါ်ရာမှ နှုတ်တက်သလို ဈမြင်ဆွဲဟု ခေါ်ခြင်းဖြစ်သည်ဟု ဆိုလိုဟန်တူသည်။ ဈမြင့်ဆွဲမှ ဈမြင်ဆွဲဖြစ်လာသည်ဟုလည်း ကြံဆနိုင်သေးသည်။ ဈမျဉ်းဆွဲ(ဈမြင်ဆွဲ)နှင့် ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က အကျယ်တဝင့် ရှင်းပြထားသည်ကို တွေ့ရသည်။ ဆရာတော်၏အာဘော်ကို မပျက်စေဘဲ ချုပ်၍ဆိုရသော် "ဤ ဈမြင်ဆွဲအက္ခရာသည်ကား သံယုဂ်ကင်းလျက်ပင်။ အချို့ကားဆလိမ်တွင်မတင်၏သို့ (ၛ) ရေးကုန်၏။ အချို့ကား စလုံးကို ယပင့်၏သို့ (ဈ) ရေးကုန်၏။ အချို့ကား စလုံးရေးပြီးလျှင် နောက်အဖို့၌ ဥ ဦးခေါင်းထုတ်သကဲ့သို့ (ၹ) သအက္ခရာ၌ နောက်ထက်ဝက် အဖို့ကဲ့သို့ ရေးကုန်၏။ ထိုသို့ရေးရာ၌ ဆလိမ်ကို မ အက္ခရာတင်၏သို့ ရေးခြင်းသည် အက္ခရာနှစ်လုံးကဲ့သို့၊ ဇကွဲဆင့်ပြန်လျှင် သုံးလုံးကဲ့သို့ ထင်မှားဖွယ်ရှိသောကြောင့်လည်းကောင်း၊ ရေးရေးနှောင်းနှောင်း၊ အသုံးအစွဲ နည်းရာသောကြောင့်လည်းကောင်း၊ ဈမြင်ဆွဲဟူသော ဝေါဟာရနှင့် လျော်အံ့သို့မရှိသောကြောင့်လည်းကောင်း သင့်နိုးအံ့မထင်။ စလုံးကို ယပင့်ရေးသည်မှာလည်း ယပင့်ကြိမ်လတ်သော် နှစ်ထပ်ပင့်သကဲ့သို့ ရှိခဲ့သောကြောင့်လည်းကောင်း၊ ရစ်ရသောအရာ၌ ပင့်လည်းပင့်၊ ရစ်လည်းရစ်မရှိရာသောအရာကို ရေးဘိသကဲ့သို့လည်းကောင်း ထင်မှားဖွယ်ရှိသောကြောင့် မသင့်နိုး။ စလုံးရေးပြီးလျှင် ဥ ဦးခေါင်း ထုတ်သကဲ့သို့ သ ၏နောက်ထက်ဝက်ကဲ့သို့ရေးသည်ကား ဈမြင်ဆွဲဟူသော ဝေါဟာရ၌ စလုံး၏အသွင် ရှေ့ထက်ဝက်အဝန်းသည်ကား မြင်းဆက် (ဇက်) သံကွင်းသဖွယ်၊ ဥ ဦးခေါင်းတပ်၏သို့၊ နောက်ထက်ဝက်အဖို့သည်ကား မြင်းဆက် (ဇက်) သံကွင်းဝယ် အစွဲပြု၍ချည်သော ဆက်(ဇက်) ကြိုးကဲ့သို့ လျော့လျော့ကျကျ အတင့်အတယ် အဖြည်းအညင်း ဆွဲကိုင်သော အခါကဲ့သို့ အသွင်တူအံ့သည်ကို ထောက်သဖြင့် ဈမြင်ဆွဲဟူသော ဝေါဟာရနှင့် လျော်အံ့သို့ရှိ၏" ဟု ရှင်းပြထားပါသည်။

ဤတွင် ထပ်ဆင့်၍ ရှင်းလင်းရန် ရှိပါသေးသည်။ ဈမျဉ်းဆွဲသည် စလုံးယပင့်လည်းမဟုတ်ပါ။ ဇကွဲတွင် ဟဆွဲထားသည်လည်း မဟုတ်ပါ။ ဇကွဲသည် အက္ခရာတစ်လုံး၊ ဈမျဉ်းဆွဲသည် သီးခြားအက္ခရာတစ်လုံးဖြစ်ပါသည်။ မြန်မာအက္ခရာများအခြေခံရာ ဗြာဟ္မီအက္ခရာတွင် ဈမျဉ်းဆွဲသည် ဤသို့ ( $Y$ ) သဏ္ဌာန်ရှိသောကြောင့် မူလ ဈမျဉ်းဆွဲ၏ပုံသဏ္ဌာန်သည် အလွန်စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ ယခင်က မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ဈမျဉ်းဆွဲဗျည်းအက္ခရာကို စလုံးယပင့်လျက် ရေးဆွဲခဲ့သဖြင့် စလုံးယပင့်နှင့် ဈမျဉ်းဆွဲ မခွဲခြားနိုင်ပါ။ ယခုအခါ ယူနီကုဒ်စနစ် မြန်မာစာတွင် ဈမျဉ်းဆွဲကို စလုံးယပင့်နှင့်ကွဲအောင် ပုံရိုပ်ဖော်ထားပါသည်။

အထူးမှတ်ရန်မှာ ယခင်ကဈမျဉ်းဆွဲကို စုတ်ချက်သုံးချက်ဆွဲ၍ ရေးရသော်လည်း ယခုအခါ **ဈမျဉ်းဆွဲ**သည် စုတ်ချက်နှစ်ချက်ဆွဲအက္ခရာ ဖြစ်ပါသည်။

ည

**ည/ညၩ/**

**ည** သည်မြန်မာဗျည်းအက္ခရာသုံးဆယ့်သုံးလုံးတွင် ဆယ်လုံးမြောက် ဗျည်းအက္ခရာဖြစ်သည်။ သီးခြားနာမည်မရှိ။ ည ဟုပင်ခေါ်သည်။ စဝဂ်ဗျည်းငါးလုံးတွင် ပဉ္စမဗျည်းအက္ခရာ ဖြစ်ခြင်းကြောင့် စဝဂ်၏ ပဉ္စမက္ခရာ ဟုခေါ်သည်။ စဝဂ်တွင် နောက်ဆုံးဗျည်းအက္ခရာဖြစ်ခြင်းကြောင့် ဝဂ္ဂန္တဗျည်းဟုလည်း ခေါ်သည်။ သံထင်သံလျော့ဗျည်းဖြစ်သည်။ အာစောက်၌ဖြစ်သော အက္ခရာဖြစ်သည်။ သို့ရာတွင် နှာခေါင်းမှလည်း လေထွက်မှုထင်ရှားသောကြောင့် နိဂ္ဂဟိတ်ဗျည်းဟုလည်းခေါ်သည်။ အာစောက်နှင့် နှာခေါင်းနှစ်ဌာန် တစ်ပြိုင်တည်းဖြစ်ခြင်းကြောင့် ဒွိဇဗျည်းဟုလည်း ခေါ်သည်။ အထူးမှတ်သားရသည်မှာ ညကြီးနှင့် ဉ ကလေးဟူ၍ နှစ်မျိုးရှိသည်။ ပါဠိဘာသာတွင် ဉ ကလေးသာရှိပြီး ညကြီးမရှိပါ။ မြန်မာဘာသာတွင် ညကြီးသာရှိပြီး ဉ ကလေးမရှိပါ။ ပါဠိဘာသာတွင် အညမည၊ ပညာ၊ ဝိညာဏ၊ ပုည စသည်တို့မှ ညကြီးဆိုသည်မှာ ဉ ကလေးနှစ်လုံး ဆင့်ထားခြင်းဖြစ်သည်။ မြန်မာဘာသာတွင် ဉ ကလေးဖြင့် အနက်ထင်သော ဝေါဟာရမရှိပါ။ မြန်မာဘာသာတွင် ညကြီးသတ် နှစ်မျိုးရှိသည်။ ဖွင့်ရွတ်ညကြီးသတ်နှင့် ပိတ်ရွတ်ညကြီးသတ်ဖြစ်သည်။ အသတ်ကွဲပြားစေရန် ဖွင့်ရွတ်ကို ညကြီးသတ်သုံးပြီး ပိတ်ရွတ်ညကြီးသတ်ကို ဉ ကလေးသတ်နှင့် ဖလှယ်ထားခြင်းဖြစ်ပါသည်။ မြန်မာမင်းများလက်ထက်က ဉ ကလေးသတ်သည် ဦးခေါင်းမဲ့ ဉ ဖြစ်သဖြင့် မင်္ဂလာမရှိဟု ယူဆပြီး ညကြီးသတ်ကိုသာ သုံးသည်ဟုဆိုသည်။ ညနှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် ပါဠိဘာသာ ဉ ကလေးကို ပဓာနထားပြီး "ဉ အက္ခရာ၌ သင်္ကေတကား ဦးခေါင်းမဲ့ ဦးခေါင်းရှိသာထူး၏။ ထိုတွင် ပါဠိပါကန်တို့၌ကား ဦးခေါင်းထုတ်သည့် သံယုဂ်ပင်ဖြစ်သောကြောင့် သံယုဂ်မလိုရာ၌မသင့်။ ဉ ဦးခေါင်းထွက် သံယုဂ်ရှိရာသည်ကား ကညာ၊ ပညာ၊ သညာ စသည်တို့ကဲ့သို့ ရှေ့၌ တစ်လုံးသောအက္ခရာရှိ၏" ဟု အစချီကာ အကျယ်တဝင့် ရှင်းပြထားလေသည်။

**ညကြီး**သည် စုတ်ချက်နှစ်ချက်ဆွဲ အက္ခရာ၊ **ဉ ကလေး**သည် စုတ်ချက်တစ်ချက်ဆွဲ အက္ခရာဖြစ်သည်။

ဋ

**ဋ / တၩတလင်းကျိတ် /**

**ဋ** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ဆယ့်တစ်လုံးမြောက်ဗျည်းအက္ခရာဖြစ်သည်။ ဋသန်လျင်းချိတ်ဟု ခေါ်သည်။ သန်လျင်းဆိုသည်မှာထမ်းပိုးတွင်ချိတ်ဆွဲ၍ရှေ့နောက်ထမ်းရသော ထိုင်စရာထမ်းစင်ဖြစ်သည်။ သန်လျင်းချိတ်ဆိုသည်မှာ ထမ်းပိုးနှင့် သန်လျင်းကို ချိတ်ဆွဲထားသော သံချိတ်ဖြစ်သည်။ ဋ ဌ ဍ ဎ ဏ ဟူသော ဋဝဂ်ဗျည်းငါးလုံးတွင် ပထမဗျည်းအက္ခရာဖြစ်သည်။ ထို့ကြောင့် ဋဝဂ်၏ ပထမက္ခရာဟုခေါ်သည်။ သံနှုံသံလျော့ဗျည်းဖြစ်သည်။ သံညင်းသံလျော့ ဟုလည်းဆိုကြသေးသည်။ ပါဠိ ဘာသာဖြင့် အဃောသသိထိလဖြစ်သည်။ စင်စစ်အားဖြင့် ဋဝဂ်ဗျည်း ငါးလုံးစလုံး မြန်မာမှု၌ အနက်မရှိပေ။ ဋဝဂ်တစ်ခုလုံး လျှာထိပ်အရပ်တွင်ဖြစ်သဖြင့် ဋ ကို လျှာထိပ်အက္ခရာဟု ဆိုရသည်။ ပါဠိဘာသာအားဖြင့် မုဒ္ဓဇအက္ခရာဟု ခေါ်သည်။ ပါဠိသဒ္ဒါအရလည်း မုဒ္ဓဇအက္ခရာဟုပင် သတ်မှတ်သည်။ မုဒ္ဓါသဒ္ဒါသည် ဦးခေါင်း၊ ထိပ်၊ ဦးထိပ်ဟော ဖြစ်သည်။ မုဒ္ဓဌာန်သည် လျှာထိပ်အရပ်၊ အာခေါင်အရပ် မုဒ္ဓဌာန်ကို ဟောရာ မုဒ္ဓဇအက္ခရာကိုလျှာထိပ်အက္ခရာဟုဆိုရသည်။ လျှာ၏ထိပ် လျှာ၏အထက်ဖြစ် အက္ခရာဟူသောအနက်ဖြင့် မုဒ္ဓဇအက္ခရာ လျှာထိပ်အက္ခရာဟု ခေါ်ခြင်းဖြစ်သည်။ (ယခုအခါ အာထိပ်အက္ခရာဟု တွင်နေသည်။) ဋသန်လျင်းချိတ်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် "ဋသန်လျင်းချိတ်အက္ခရာ၏ သင်္ကေတကား ဋခြေစင်းဟူ၍ အချို့သော သူဟောင်းတို့ခေါ်ဝေါ်သည်ကို လိုက်၍လည်းကောင်း၊ သန်လျင်းချိတ် ဟူသည်ကို လိုက်၍ လည်းကောင်း သန်လျင်းချိတ်သဖွယ် အကွေ့အညောင်းရေးပြီးလျှင် ခြေစင်းဟူသည်နှင့်အညီ အမြီးအခြေကို ရှေ့သို့လည်းကောင်း၊ နောက်သို့လည်းကောင်း စင်းစင်းရေးရ အံ့သို့ရှိ၏။ ခြေစင်းဟူသည်တွင် စင်း၏ဟူသည်ကား အစောက် မတ်လတ်ထောင်လျက်ရှိသည်ကို ဆိုလိုသောအရာသည် နည်းအံ့သည်။ ပြန့်ပြန့်လျားလျားစင်း၏သို့လဲလျက်တည်သော အရာကိုသာ စင်းလျင်းဟူ၍ ဆိုသောအရာများ၏။ ထိုကိုထောက်၍ ရှေ့နောက် အမှတ်မဲ့ စင်းစင်းပြန့်ပြန့်လျားလျား ရေးရအံ့သို့ရှိသည်။ ထိုတွင် ရှေ့နောက်အားဖြင့် စင်းလျင်းရေးချေသော် ရှေ့နောက်အက္ခရာတို့နှင့် ထွေးယှက်ဖွယ်ရှိ၏။ ခြေဆင်းဟူ၍ ဆလိမ်အက္ခရာဖြင့် ခေါ်ဝေါ်မှုကား . . . ခြေဆင်းဟူသည်တွင် သစ်မြစ်ဆင်းသည် ဟူသကဲ့သို့ နိမ့်ရာ အောက်အဖို့သို့ လျှောသည်၊ ကျသည်ကို ယူသင့်သောကြောင့်တစ်ကြောင်း၊ သာရုပ္ပရှိပါသည် တစ်ကြောင်းဖြစ်၍ အောက်သို့ ယိမ်းလျက် အခြေထားသည်ဟု ယူသင့်၏" ဟု ရှင်းပြထားပါသည်။

ဋကို ဋတလင်းချိတ်၊ ဋသလင်းချိတ်၊ ဋ တနင်းချိတ်၊ ဋ တယင်းချိတ်၊ ဋတညင်းချိတ် စသည်ဖြင့် ဒေသအလိုက် အမျိုးမျိုးခေါ်ဝေါ်ကြသော်လည်း ဋ၏ အမည်မှန်၊ စာလုံးပေါင်း အမှန်မှာ ဋသန်လျင်းချိတ် ဖြစ်သည်။

**ဋသန်လျင်းချိတ်**သည် စုတ်ချက်တစ်ချက်ဆွဲ အက္ခရာဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

## ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ



မိုင်းယောင်း ဩဂုတ် ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲကို ယနေ့နံနက်၁၀ နာရီက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိဖြစ်သူ ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမ အသင်းဥက္ကဋ္ဌ ဦးစိုင်းအောင်ဇော်လင်းနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းမာနွယ်တို့က အမှာစကားပြောကြားကာ အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှုစာရင်းများအား ဒေါ်ဝင်းဝင်းအောင်က ဖတ်ကြားတင်သွင်းသည်။

ထို့နောက် အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှုစာရင်းများအား အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် သဘာပတိ၏ အတည်ပြုချက်ရယူခြင်းတို့ဆောင်ရွက်ကာ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် အသင်းသား အသင်းသူများ၏ သားသမီးများအား ထောက်ပံ့ငွေပေးအပ်ခြင်း၊ အမှုဆောင်အဖွဲ့သစ် ပြန်လည်ရွေးချယ် အတည်ပြုခြင်းများ ဆောင်ရွက်ပြီး အသင်းသားအသင်းသူများသို့ အစုပေါ်အမြတ်နှင့် စုဆောင်းငွေပေါ်အတိုး စုစုပေါင်းငွေကျပ် ၅၂၈၇၀၀၀၀ ကို ထုတ်ပေးပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **ဝေဝေခိုင်(ပြန်/ဆက်)**

# ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားတက်ရောက်



**ပုသိမ် သြဂုတ် ၂၄**

ရေဝတီတိုင်းဒေသကြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် ဗီဒီယိုပြသမှုနှင့် ကျောင်းသား ကျောင်းသူလေးများ၏ "လက်ဆေးခြင်း" ကဗျာဖြင့် တေးသရုပ်ဖော်တင်ဆက်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက အလယ်တန်းကျောင်းသား ကျောင်းသူလေးများအား သံခါတ် ဆေးဝါးများ တိုက်ကျွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ကျိုင်းတုံမြို့၌ ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး၊ အာဟာရဖွံ့ဖြိုးရေး ကျောင်းကျန်းမာရေး သတင်းပတ်လှုပ်ရှားမှု ပြည်နယ်အဆင့် အခမ်းအနားကျင်းပ

**ကျိုင်းတုံ သြဂုတ် ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများနှင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကို သြဂုတ် ၂၄ ရက် နံနက် ၉ နာရီခွဲက ကျိုင်းတုံမြို့ သူနာပြုနှင့်သားဖွားသူနာပြုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစည်သူအောင်က ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အထိမ်းအမှတ် ဗီဒီယိုနှင့် ကျောင်းကျန်းမာရေး သီတင်းပတ်အထိမ်းအမှတ်ဗီဒီယိုကိုပြသပြီး ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျောင်းကျန်းမာရေးလှုပ်ရှားမှု အထိမ်းအမှတ် ပြည်နယ်အဆင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက အသက်ငါးနှစ်အောက် ကလေးများအား ဗီတာမင်အေ တိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရအစားအစာများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများနှင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု ပြည်နယ်အဆင့် အထိမ်းအမှတ်ပြခန်းများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တရားရေးဦးစီးမှူးများ၏ (၂၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်း

**ဘားအံ သြဂုတ် ၂၄**

နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၂၄ ခုနှစ် သြဂုတ် ၁၉ ရက်မှ ၂၀ ရက်ထိ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်တရားရေး ဦးစီးမှူးများ၏ (၂၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို သြဂုတ် ၂၃ ရက် နံနက် ၈ နာရီက ကရင်ပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ထပ်ဆင့်ရှင်းလင်းပွဲတွင် ကရင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းက အမှုများကို ကြန့်ကြာမှုမရှိစေဘဲ မှန်ကန်မြန်ဆန်စွာ စစ်ဆေးပြီးပြတ်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ကြီးလေးသည့်ပြစ်မှုကျူးလွန်သူများအပေါ် ထိရောက်သည့် ပြစ်ဒဏ်များချမှတ်ကြရန်၊ စေ့စပ်ဖြေရှင်းရေး စနစ်သည် အချိန်တိုအတွင်း အမှုများပြီးပြတ်သည့်အတွက် တရားမမှုများ မှန်ကန်မြန်ဆန်စွာ ပြီးပြတ်ရေး အထောက်အကူ ဖြစ်သောကြောင့် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်၊ သက်သေခံပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး မြန်မြန်ဆန်ဆန် စစ်ဆေးဆုံးဖြတ်ကြရန်၊ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မှားယွင်းမှုများ၊ အားနည်းချက်များ မရှိစေရေးအဆင့်ဆင့်အလေးထား စိစစ်ဆောင်ရွက်ကြရန်၊ အလေးထားဆောင်ရွက်ရမည့် ကိစ္စရပ်များအပေါ် သေချာစွာစိစစ်ဆောင်ရွက်ကြရန်၊ သေချာစွာစိစစ်မှုမပြုခြင်းကြောင့် ထိခိုက်နစ်နာမှုများမဖြစ်ပွားစေရန် ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းများလိုက်နာစောင့်ထိန်းရမည့် ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ် စည်းကမ်းများကို ကျေပွန်စွာ လိုက်နာစောင့်ထိန်းကြရန် စသည်ဖြင့် မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။



**တက်ရောက်**

အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲသို့ ပြည်နယ် တရားလွှတ်တော်တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူးနှင့် ပြည်နယ်တရားလွှတ်တော်၊ ခရိုင်/မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများ စုစုပေါင်း ၃၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပဲခူးမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**ပဲခူး သြဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းရှိ အားကစားရုံ၌ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နီအေးက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချစ်ချစ်သန်းက လူငယ်စကားဝိုင်း ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပဲခူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။ ထို့နောက် လူငယ်စကားဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဇင်က ဦးဆောင်ဆွေးနွေးပြီး အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် ဆိုရှယ်မီဒီယာ၊ ငယ်စဉ်လှုပ်ရှားအားကစား



စသည့်ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးကြသည်။ ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် တက်ရောက်လာသူများက ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူငယ်အသိပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် သုတ၊ ရသ စာအုပ်များကို လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ပြည့်ဝဆီများကို**
**တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ**
**စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# တရုတ်သိပ္ပံပညာရှင်များက လကမ္ဘာ၏မြေဆီလွှာမှ ရေထုတ်လုပ်နိုင်သည့် နည်းလမ်းသစ်တစ်ခု တွေ့ရှိ

ပေကျင်း ဩဂုတ် ၂၄

တရုတ်နိုင်ငံမှ သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့သည် လကမ္ဘာ၏မြေဆီလွှာမှ ရေထုတ်လုပ်နိုင်သည့် နည်းလမ်းသစ်တစ်ခုကို တွေ့ရှိကြောင်း ပြောကြားသည်။

တရုတ်သိပ္ပံအကယ်ဒမီမှ သိပ္ပံပညာရှင်များသည် အဆိုပါ ရေထုတ်လုပ်ခြင်းဆိုင်ရာနည်းလမ်းကို တွေ့ရှိခဲ့ကြောင်း နိုင်ငံပိုင်ရုပ်သံလိုင်း China Central Television တွင် ဩဂုတ် ၂၂ ရက်က သတင်းဖော်ပြခဲ့သည်။

အဆိုပါအဖွဲ့သည် ၂၀၂၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံမှ လွှတ်တင်ခဲ့သော Chang'e-5 မောင်းသူမဲ့ စူးစမ်းရေးယာဉ်မှ ယူဆောင်လာသည့် နမူနာများကို ခွဲခြမ်းစိတ်ဖြာလျက်ရှိသည်။

လကမ္ဘာ၏မြေဆီလွှာကို ၁၀၀၀ ဒီဂရီစင်တီဂရိတ်တွင် အပူပေးသောအခါ ၎င်းအတွင်းရှိ ဟိုက်ဒရိုဂျင်နှင့် သံအောက်ဆိုက်များသည် ရေငွေ့ထုတ်ပေးနိုင်သည့် ဓာတုဗေဒဆိုင်ရာ တုံ့ပြန်မှုတစ်ခုဖြစ်လာကြောင်း ၎င်းတို့က ပြောကြားသည်။ မြေဆီလွှာ တစ်ဂရမ်တွင် ရေ ၇၆ မီလီဂရမ်အထိ ထုတ်လုပ်ပေးနိုင်ကြောင်း ၎င်းတို့က ခန့်မှန်းပြောကြားသည်။

မြေဆီလွှာကို အပူပေးရန်အတွက် နေရောင်ခြည်စွမ်းအင်ကို အသုံးပြုကြောင်း သိရသည်။ ထို့ပြင် ၂၀၃၀ ပြည့်နှစ်တွင် လွှတ်တင်မည့် Chang'e-8 မစ်ရှင်ကိုအသုံးပြု၍ လကမ္ဘာစမ်းသပ်မှုများ ဆက်လက်လုပ်ဆောင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

သိပ္ပံနည်းကျ စမ်းသပ်မှုများနှင့် အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လကမ္ဘာပေါ်ရှိ သုတေသနစခန်းတစ်ခုကို ၂၀၃၅ ခုနှစ်တွင် တည်ဆောက်ရန် ရည်မှန်းထားကြောင်း သိရသည်။ အောက်ဆီဂျင်နှင့် လောင်စာထုတ်လုပ်မှုအတွက် လိုအပ်သည့်ရေကို ဖန်တီးထုတ်လုပ်နိုင်ခြင်းသည် သုတေသန၏ အဓိကအကြောင်းအရင်းများအနက် တစ်ခုဖြစ်ကြောင်း သိရသည်။



ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်



# ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့များက တိုက်ခိုက်မှုများ ဆက်လက်ဆင်နွှဲ

ဂျေရုဆလင် ဩဂုတ် ၂၄

အစ္စရေးနှင့် ဟားမတ်စ်တို့၏ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိစဉ် ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့များက ပြင်းထန်စွာတိုက်ခိုက်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဩဂုတ် ၂၂ ရက်တွင် ဂါဇာမြောက်ပိုင်း ဘီရိတ်လာဟီရာမြို့ရှိ လူနေအိမ်တစ်လုံးကို အစ္စရေးတပ်ဖွဲ့များက ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ကလေးငယ်များနှင့် အမျိုးသမီးများအပါအဝင် ၁၁ ဦးသေဆုံးခဲ့ကြောင်း ပါလက်စတိုင်းမီဒီယာက သတင်းဖော်ပြသည်။

ထို့ပြင် ဂါဇာအလယ်ပိုင်းရှိ ဒီရာအယ်ဘာလာ၇် ဒေသတွင် ပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အမိန့်ထုတ်ပြန်ပြီး မကြာမီအချိန်တွင် အစ္စရေးတပ်ဖွဲ့များသည် တင့်ကားအမြောက်မြားနှင့် စက်သေနတ်များဖြင့် ပစ်ခတ်ခဲ့ရာ အနည်းဆုံးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အပစ်အခတ်ရပ်စဲရေးနှင့် ဟားမတ်စ်တို့ သိမ်းပိုက်ထားသော ဓားစာခံများ လွှတ်မြောက်ရေးဆိုင်ရာ နောက်ထပ်ဆွေးနွေးပွဲတစ်ရပ်ကို အီဂျစ်နိုင်ငံ၌ ကျင်းပရန်စီစဉ်ထားကြောင်း သိရသည်။

ဟားမတ်စ်က အမေရိကန်တင်သွင်းသည့် နောက်ဆုံးအဆိုပြုချက်ကို ပယ်ချကြောင်းဖော်ပြပြီး အစ္စရေးအတွက် လက်ခံနိုင်သည့် အခြေအနေများကို ၎င်းတို့သဘောတူထားသည့်အတိုင်း ထည့်သွင်းထားကြောင်း ပြောကြားသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် ဩဂုတ် ၂၁ ရက်တွင် တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့သည်။ အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများလွှတ်ပေးရေး သဘောတူညီချက်ကိုလက်ခံရန် နေတန်ယာဟုကို ဘိုင်ဒင်က တိုက်တွန်းခဲ့သည်။

အစ္စရေးနှင့် ဟားမတ်စ်တို့၏စေ့စပ်ညှိနှိုင်းမှုသည် သဘောတူညီချက်တစ်ရပ်ထွက်ပေါ်လာရန် အလားအလာနည်းပါးကြောင်း နိုင်ငံရေးလေ့လာသူများက ဆိုသည်။

နေတန်ယာဟုက ဂါဇာနှင့် အီဂျစ်တောင်ပိုင်းကြားရှိ နယ်မြေတစ်လျှောက်တွင် အစ္စရေးတပ်ဖွဲ့ဝင်များကို တပ်ဖြန့်ထားရှိရန် တောင်းဆိုထားသည်။ ပါလက်စတိုင်းနယ်မြေမှ အစ္စရေးတပ်ဖွဲ့များ အပြည့်အဝဆုတ်ခွာပေးရန် ဟားမတ်စ်အဖွဲ့က တောင်းဆိုထားကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်

# ဖီဂျီနိုင်ငံ၌ ဆိုက်ဘာခြိမ်းခြောက်မှုအန္တရာယ်ကာကွယ်ရေး ပြင်ဆင်ဆောင်ရွက်

ဆူဗာ ဩဂုတ် ၂၄

ဖီဂျီနိုင်ငံမှ ပညာရေးတာဝန်ရှိသူများသည် နိုင်ငံအတွင်း ကျောင်းသားများအား ဆိုက်ဘာခြိမ်းခြောက်မှုအန္တရာယ်မှ ကာကွယ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

နိုင်ငံအတွင်းရှိ ပညာရေးဆိုင်ရာအဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့် ကျောင်းသားများအား ဆိုက်ဘာခြိမ်းခြောက်မှုအန္တရာယ်မှကာကွယ်ရန် သင့်တော်သည့် နည်းလမ်းများဖြင့် စီမံခန့်ခွဲဆောင်ရွက်မည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနတာဝန်ရှိသူဂျိဆာနာဆာလီက ဆရာ ဆရာမများအသင်းညီလာခံတွင် ပြောကြားသည်။

ဆိုက်ဘာခြိမ်းခြောက်ခံရသူများကို နှစ်သိမ့်ဆွေးနွေးပညာပေးရေးအစီအစဉ်များအား စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မိဘများအနေဖြင့် မိမိ၏သားသမီးတို့သည် ဆိုက်ဘာခြိမ်းခြောက်ခြင်းခံရပါက ရဲတပ်ဖွဲ့သို့ တိုင်ကြားရန်လိုအပ်ကြောင်းနှင့် ရဲတပ်ဖွဲ့က လိုအပ်သလို အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ဆိုရှယ်မီဒီယာပလက်ဖောင်းများတွင် ကလေးငယ်များအတွက် မသင့်လျော်သည့် အကြောင်းအရာများရှိပါက ဖယ်ရှားနိုင်ရန်အတွက် အွန်လိုင်းလုံခြုံရေးအဖွဲ့အစည်းထံ အကူအညီတောင်းခံနိုင်ပြီး ၎င်းအဖွဲ့အစည်းကလည်း ကျောင်းသားများအတွက် စိတ်ချရသည့် ဒစ်ဂျစ်တယ်ဆိုင်ရာ ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အောင်ကျော်ကျော်

# ဘင်္ဂလားဒေ့ရှ်၌ ရေကြီးမှုကြောင့် လူ ၁၃ ဦး သေဆုံးခဲ့ပြီး လေးသန်းကျော် ထိခိုက်

ဒါကာ ဩဂုတ် ၂၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒေသအချို့တွင် ရေကြီးမှုကြောင့် လူ ၁၃ ဦး သေဆုံးခဲ့ပြီး လူပေါင်း သန်းနှင့်ချီ ထိခိုက်ခဲ့ကာ မိသားစုများစွာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။



ဘင်္ဂလားဒေ့ရှ် နိုင်ငံ၏ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ကယ်ဆယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးညှိနှိုင်းရေးစင်တာမှ နေ့စဉ်သဘာဝဘေးအစီရင်ခံချက်အရ နိုင်ငံ၏ စုစုပေါင်း ခရိုင် ၁၁ ခုတွင် ရေကြီးမှုကြောင့် လူပေါင်း ၄ ဒသမ ၄ သန်းခန့် ထိခိုက်ခံစားခဲ့ရကြောင်း သိရသည်။

ရာသီအလိုက် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် အိန္ဒိယနယ်စပ်ရှိ တောင်ကုန်းများမှ ရေများစီးဝင်လာခြင်းကြောင့် ရေကြီးခြင်းနှင့် မြေပြိုခြင်းများသည် နိုင်ငံအနှံ့ အပြားရှိ နေရာအနှံ့ရှိအိမ်များ၊ ကောက်ပဲသီးနှံများ၊ လမ်းများနှင့် အဝေးပြေးလမ်းများကို ပျက်စီးစေခဲ့ကြောင်း သိရသည်။

အာဏာပိုင်များ အနေဖြင့် ကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်ရန်၊ ကယ်ဆယ်ရေး ပစ္စည်းများ ဖြန့်ဝေခြင်းနှင့် လူပေါင်း ၂၀၀၀၀၀ ခန့် ခိုလှုံနေကြသော စခန်းများကိုကြီးကြပ်ရန် အာဏာပိုင်များက သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေး တပ်ဖွဲ့ဝင်များကို အလျင်အမြန် စေလွှတ်လျက်ရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# ထိုင်းနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွား၊ ကိုးဦးသေဆုံး

ဗန်ကောက် ဩဂုတ် ၂၄

ထိုင်းနိုင်ငံ(တောင်ပိုင်း) ဖူးခက်ကျွန်းတွင်မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားရာ ကိုးဦးသေဆုံးပြီး ဒေသခံအချို့ ပျောက်ဆုံး လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။



ဖူးခက်ခရိုင်ရှိ ဒေသအများအပြားတွင် မိုးရေချိန် ၂၀၀ မီလီမီတာအထိ ရွာသွန်းခဲ့သဖြင့် အိမ်ခြေ ၂၅၀ ခန့် ထိခိုက်ပျက်စီးခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက မှတ်ချက်ပြုပြောကြားသည်။ ဒေသအတွင်း ရာသီဥတုအခြေအနေနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် သိသင့်သိထိုက်သည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ရန် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး တာဝန်ရှိသူများနှင့် ဒေသဆိုင်ရာ တာဝန်ရှိသူများကို ပြည်ထဲရေးဝန်ကြီး အနုတင်ချန်ဗီယာကားက ညွှန်ကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် ဒေသခံများအား မြေပြိုမှုများ ထပ်မံဖြစ်ပွားနိုင်သည့် ဒေသများတွင် နေထိုင်ခြင်းမပြုရန် ၎င်းက ထပ်လောင်းညွှန်ကြားခဲ့သည်။ နိုင်ငံအတွင်းခရိုင် ၄၃ ခုရှိ ဒေသခံများကိုလည်း ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းနှင့် အခြားသဘာဝဘေးများ ဖြစ်လာနိုင်သည့်အတွက် သတိဖြင့်နေထိုင်ကြရန် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနက သတိပေးထားပြီး သဘာဝဘေးများအတွက် လိုအပ်သည့်အစီအမံများ ကြိုတင်ဆောင်ရွက်ထားရှိရန် တာဝန်ရှိသူများအား ညွှန်ကြားခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

ကြေးမုံ



# တရားမဝင် စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ




အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

နေပြည်တော် ဩဂုတ် ၂၄

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ထိုင်းနိုင်ငံထုတ် Lipovitan-D အားဖြည့်အချိုရည် ပုလင်း ၉၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၂၃ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် LK 995 Silicone Sealant ကီလိုဂရမ် ၆၄၀၊ Plastic Scraps ကီလိုဂရမ် ၃၀၇၂၀၊ Happy Rose Tissue ကီလိုဂရမ် ၂၇၆၁၂ ဒသမ ၅၀၊ စိုက်ပျိုးရေးသုံးဖြန်းဆေး ၁၂၅ ဘူးနှင့် Porcelain Tiles ၅၅၈ ဒသမ ၇၂ စတုရန်းမီတာ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၇၂၇၀၅၃၅၇) ကိုလည်းကောင်း၊ ရန်ကုန်လေဆိပ်(ကုန်လှောင်ရုံ)၌ ကုမ္ပဏီမှ စွန့်လွှတ်ကြောင်း တင်ပြလာသော ဓာတုပစ္စည်းများ ဖြစ်သည့် Attenuzyme Pro Glucoamylase Glucan ၇၅ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၆၅၀၀) ကို လည်းကောင်း၊ ရွှာသာကြီး Dry Port ၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Elephant Gypsum Board ကီလိုဂရမ် ၂၀၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၈၄၇၅၈) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractro Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၁၅၃၆၆၁၅ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပလိပ်မြို့ မြို့အဝင် BOC ဆီဆိုင်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ခရီးဆောင်အိတ် ၂၅ လုံး၊ ထိုင်းနိုင်ငံထုတ် M-150 အားဖြည့်အချိုရည် ၁၇၅၅ ဘူး အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၀၂၃၇၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၂၃၇၅၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ယင်းမာပင်မြို့နယ် အတွင်း၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၅၀၊ ရေနံချက်ဆီ ဂါလန် ၁၇၉၅၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၆၀၆၀၃၆၅) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**သိမ်းဆည်းခံရနိုင်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Htet Nandar Lwin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ပေါက်တိုင်းကျေးရွာနေ ထက်နန္ဒာလွင်အား မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "Min Min Khant" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ကျောင်းကုန်းကျေးရွာနေ မင်းမင်းဦး(ခ)ထွန်းထွန်းလင်းအား ညနေ ၅ နာရီ ၃၅ မိနစ်တွင် လည်းကောင်း၊ "Nay Moe Lwin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ ကျော်ဇေယျ (ခ)နေမိုးလွင်အား ည ၇ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "Kaung Htet Moe" Facebook အကောင့် ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ရေထွက်ကျေးရွာနေ ကောင်းထက်မိုး(ခ)ကောင်းကြီးအား ည ၁၀ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၈-၂၀၂၄ တနင်္ဂနွေနေ့

### MRTV HD

- ၀၆း၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တောရှုက်သုတ်)
- ၀၇း၀၀ နံနက်ခင်းသတင်း
- ၀၈း၄၀ စွန့်ပစ်ပစ္စည်းမှသည် လက်မှုအနုပညာရပ်ဆီ (အုန်းခွံ)
- ၀၉း၂၀ ကာတွန်းအစီအစဉ် 'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း' (အပိုင်း-၄)
- ၁၀း၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀း၃၀ 'International Songs' တေးဂီတ ဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
- ၁၁း၄၀ အသိပညာနှင့်အမှန်တရား
- ၁၂း၃၀ This Week's Special Interest
- ၁၃း၃၀ MRTV National News
- ၁၄း၀၀ မြန်မာဂန္ထဝင်ရုပ်ရှင် 'မုဲ့တစ်ပေါက်'
- ၁၆း၅၀ Sports Diary
- ၁၇း၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၇း၂၅ Economic Review
- ၁၈း၀၀ ပြည်တွင်းသတင်း
- ၁၈း၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၃၀)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁း၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁း၁၅ ဘဝနှင့်အနုပညာ 'အမျိုးသားစာပေ တစ်သက်တာဆုရှင် ဒေါက်တာထွန်းတင့်' (အပိုင်း-၂)
- ၂၁း၄၀ ဆေးရောင်စုံရုပ်ရှင် 'ဝပျစ်ချိုနဲ့ချယ်ရီပိုင်'

### mitv

- 07:01 Evergreen Classic: Metta Inngyin Yagon (Sein Lei Lei)
- 07:12 Thilawa SEZ Thriving Model Special Economic Zone
- 07:41 Myanmar Childhood Games (Episode-1)
- 07:50 People's Military Service Law 2
- 08:01 News
- 08:28 Famous Ywar Ngan Coffee From Shan Highlands
- 08:49 Broom Making Business
- 09:02 Commercial Farming to GDP Growth, Pomelo Grower
- 09:31 Today Myanmar: Ceremony for School Libraries Development and Reading Habit Promotion Activity
- 09:41 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-9)
- 09:55 K- Pop Live Show (Sojugak)
- 10:01 News

### MRTV NRC

**ဝ (၀၆း၀၀ မှ ၀၈း၀၀)**
မတူညီသောပုံရိပ်များ (အပိုင်း-၁)(ဇာတ်လမ်း)

**ကချင် (၀၈း၀၀ မှ ၁၀း၀၀)**
ကချင်ရိုးရာ တူရိယာများအကြောင်း သိကောင်းစရာ

**ကယား (၁၀း၀၀ မှ ၁၂း၀၀)**
ဖျော်လင့်ခြင်းဟားစည်

**ဝကောကရင် (၁၂း၀၀ မှ ၁၃း၀၀)**
အိမ်သန့်ရှင်းရေးအတွက် လိုအပ်သောအရာ တံမြက်စည်း

**အနောက်ပိုးကရင် (၁၃း၀၀ မှ ၁၄း၀၀)**
တိုင်းရင်းသားကျေးရွာက ကရင်ရိုးရာအိမ်လေးသို့

**အရှေ့ပိုးကရင် (၁၄း၀၀ မှ ၁၅း၀၀)**
ဒေါင်ဒင်အင်းနှင့် စုပေါင်းငါးဖမ်းပွဲတော်

**ချင်း (လိုင်ဇိုး) (၁၅း၀၀ မှ ၁၆း၀၀)**
နှလုံးကျန်းမာရေးအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၁၆း၀၀ မှ ၁၇း၀၀)**
တိုးတက်မြင့်တင် ချင်းတောင်တန်းက စိုက်ပျိုးစီးပွား အသွင်အပြင်

**မွန် (၁၇း၀၀ မှ ၁၉း၀၀)**
မြန်မာ့မြေမှ စိုက်ပျိုးစီးပွားလူမှုဘဝများ (တောင်ပလုရွာက ငှက်သိုက်လုပ်ငန်းနှင့် ရွာလွတ်ဆေးတံ)(အပိုင်း-၃)

**ရခိုင် (၁၉း၀၀ မှ ၂၁း၀၀)**
ငယ်ချစ်ဦးရဲ့ရင်ခွင်ပျောင်းဆီ

**ရှမ်း (၂၁း၀၀ မှ ၂၃း၀၀)**
ကောက်ညှင်းကျည်တောက်နှင့် ခေါ်ပုတ်မီးကင်

### MRTV NEWS

- ၀၆း၀၀ အဖွင့်၊ တေးသီချင်း
- ၀၆း၄၀ အားကစားသတင်း
- ၀၈း၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁း၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄း၀၀ MRTV National News
- ၁၆း၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၈း၄၅ တိုကျိုက အပင်အခြေခံသော အစားအစာ
- ၁၉း၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉း၁၅ Next Level
- ၂၀း၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀း၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁း၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉း၀၀ အဖွင့်၊ အလံ
- ၀၉း၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (အစ္စရေးနိုင်ငံ)
- ၀၉း၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ငရအသုံးကုန်တစ်ဝက်'
- ၁၀း၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဆွစ်ဇာလန်နိုင်ငံ)
- ၁၁း၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
- ၁၁း၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၄၄)

### MRTV FARMERS' / HTV Channel

- ၀၆း၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆း၄၅ စိုက်ပျိုးရေးကိုအခြေတည် တန်ဖိုးရှိတဲ့ မြန်မာ့ထုတ်ကုန်ဆီ
- ၀၇း၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၀၇း၁၅ ဖတ်စရာမှတ်စရာ ဆောင်းပါးကဏ္ဍ
- ၁၈း၀၀ News Flash
- ၁၈း၃၀ Asteriod City (နိုင်ငံခြားဇာတ်လမ်း)
- ၂၂း၀၀ သားပိုက်ကောင် (ဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆း၀၀ အဖွင့်
- ၀၆း၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆း၄၀ Weekly Sports Info
- ၀၇း၄၅ Weekend News
- ၁၀း၀၀ အားကစားသတင်း
- ၁၅း၁၅ မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု Yangon United FC Vs Ayeyarwady United FC

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉း၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

# မော်လမြိုင်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

မော်လမြိုင် ဩဂုတ် ၂၄

မွန်ပြည်နယ် ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားတွင် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က ပြိုင်ပွဲကျင်းပမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသား အမျိုးသမီး မဟာဂီတ၊ ခေတ်ဟောင်း၊ ဝါသနာရှင် (အဆင့်) ပထမတန်း၊ ဒုတိယတန်းနှင့် အခြေခံပညာ အသက် (၁၀ နှစ်မှ- ၁၅ နှစ်) အမျိုးသား အမျိုးသမီး အဆိုပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိကြသူများအား လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုးက အခြေခံပညာ အသက် (၁၀ နှစ်မှ- ၁၅ နှစ်) အမျိုးသား အမျိုးသမီး ခေတ်ဟောင်းတေးသီချင်းများ ပြိုင်ပွဲတွင် ဆုရရှိကြသူများအား လည်းကောင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် တေးသီချင်းများဖြင့် ပြိုင်ပွဲတွင် ဝါသနာရှင် (အဆင့်) ပထမတန်း၊ ဒုတိယတန်း၊ အလွတ်တန်း ပြိုင်ပွဲများနှင့် မွန်အဆို ခေတ်ဟောင်းတေးသီချင်းများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိကြသူများ၊ ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများတွင် ဆုရရှိသူများအား လည်းကောင်း ပြည်နယ်ဝန်ကြီးများက ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဗဟိုအဆင့်သို့ သွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များက ဖျော်ဖြေတင်ဆက်မှုများနှင့် ပြိုင်ပွဲဆုရ ဗဟိုအဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အဆိုပြိုင်ပွဲဝင်၊ အကပြိုင်ပွဲဝင်၊ အရေးပြိုင်ပွဲဝင်၊ အတီးပြိုင်ပွဲဝင်များနှင့် မွန်တိုင်းရင်းသားရိုးရာယိမ်းအကပြိုင်ပွဲဝင်အဖွဲ့များက မွန်တိုင်းရင်းသားရိုးရာယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြမှုအပေါ် ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဗဟိုအဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အဆိုပြိုင်ပွဲဝင်၊ အကပြိုင်ပွဲဝင်၊ အရေးပြိုင်ပွဲဝင်၊ အတီးပြိုင်ပွဲဝင်များနှင့် မွန်တိုင်းရင်းသားရိုးရာယိမ်းအကပြိုင်ပွဲဝင်အဖွဲ့များကို ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ခဲ့ပြီး ဗဟိုအဆင့်သို့ သွားရောက်ယှဉ်ပြိုင်မည့် အဖွဲ့ခေါင်းဆောင် မွန်ပြည်နယ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်နိုင်မိုးထံသို့ အောင်နိုင်ရေးအလံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် စာကြည့်တိုက်များ ပြင်ဆင်ဆောက်လုပ်မှုအခြေအနေအပေါ် သုံးသပ်ခြင်း အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက ငွေကျပ်သိန်း ၅၀ ဖြင့် ပြုပြင်ဆောင်ရွက်သည့် စာကြည့်တိုက် ခြောက်တိုက်နှင့် ငွေကျပ်သိန်း ၁၅၀ ဖြင့် ဆောက်လုပ်သည့် စာကြည့်တိုက် ၁၂ တိုက်တို့၏ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေး ကော်မတီအကြံပေးအဖွဲ့မှ ဆရာကြီး ဆရာမကြီးများနှင့် ကော်မတီဝင်များက အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌက စာကြည့်တိုက်များ ရေရှည်တည်တံ့နိုင်စေရန်အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၈-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၇၅ | ၃၀၅၅ | ၃၀၃၀ | ၂၉၈၅ | ၃၀၅၅ | ၃၀၇၀ | ၃၀၈၀ | ၃၀၃၅ | ၃၁၆၅ | ၃၁၉၀ | ၃၀၄၅ | ၃၀၆၀ | ၃၀၉၅ | ၃၀၈၀ | ၃၀၉၅ | ၃၄၉၅ | ၅၈၀၀ |
| 95 Ron | ၃၁၁၅ | ၃၁၉၅ | ၃၁၇၀ | ၃၁၂၅ | ၃၂၀၀ | ၃၂၁၀ | ၃၂၂၅ | ၃၁၇၅ | ၃၃၀၅ | ၃၃၃၅ | ၃၁၈၅ | ၃၂၀၀ | ၃၂၃၅ | ၃၂၂၀ | ၃၂၃၅ | ၃၆၄၀ | ၆၀၀၀ |
| HSD (500 ppm) | ၂၆၁၀ | ၂၆၉၀ | ၂၆၆၅ | ၂၆၂၀ | ၂၆၉၀ | ၂၇၀၅ | ၂၇၁၅ | ၂၆၇၀ | ၂၇၉၅ | ၂၈၂၅ | ၂၆၈၀ | ၂၆၉၅ | ၂၇၂၅ | ၂၇၁၅ | ၂၇၂၅ | ၃၁၃၀ | ၅၈၀၀ |
| HSD (50 ppm) | ၃၂၀၀ | ၃၂၈၀ | ၃၂၅၅ | ၃၂၁၀ | ၃၂၈၅ | ၃၂၉၅ | ၃၃၁၀ | ၃၂၆၀ | ၃၃၉၀ | ၃၄၂၀ | ၃၂၇၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၀၅ | ၃၃၂၀ | ၃၇၂၅ | ၅၈၀၀ |
| HSD (10 ppm) | ၃၂၀၀ | ၃၂၈၀ | ၃၂၅၅ | ၃၂၁၀ | ၃၂၈၅ | ၃၂၉၅ | ၃၃၁၀ | ၃၂၆၀ | ၃၃၉၀ | ၃၄၂၀ | ၃၂၇၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၀၅ | ၃၃၂၀ | ၃၇၂၅ | ၅၈၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၁၉ | ၂၉၀၉ |
| 95 Ron | ၂၉၅၅ | ၃၀၄၈ |
| HSD (500 ppm) | ၂၄၆၄ | ၂၅၄၃ |
| HSD (50 ppm) | ၃၀၃၇ | ၃၁၂၈ |
| HSD (10 ppm) | ၃၀၃၇ | ၃၁၂၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ယင်းမာပင်မြို့၌ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ယင်းမာပင် ဩဂုတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့၌ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုပေါင်း၍ ယနေ့နံနက် ၇ နာရီက အမှတ် (၂) အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ သန့်ရှင်းရေးဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ကျောင်းအတွင်းရှိ အမှိုက်များ၊ ချုံနွယ်များ၊ ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများအတွင်းရှိ အမှိုက်များကို ဖယ်ရှားရှင်းလင်းကြပြီး အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျသယ်ဆောင်၍ စွန့်ပစ်ခဲ့ကြရာ သန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ရာသို့ ရှေ့တန်းအမှတ်(၂) စစ်ဗျူဟာအဖွဲ့၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ စစ်ဗျူဟာမှူးဦးစီး၍ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ စီမံဆောင်ရွက်ပေးကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ကချင်ပြည်နယ်ဝန်ကြီးချုပ် အခြေခံကျောင်းများအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဥပဒေရေးရာဝန်ကြီးဌာန၏ သုံးနှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲ ကြည့်ရှုအားပေး

မြစ်ကြီးနား ဩဂုတ် ၂၄

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ဩဂုတ် ၂၄ ရက် နံနက် ၇ နာရီခွဲက မြစ်ကြီးနားမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက်အတွင်းရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာ အရာထမ်း/ အမှုထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ကျောင်းဝင်းအတွင်းရှိ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်း၊ အမှိုက်များကောက်ယူစွန့်ပစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရန်ကြီးအောင်ရပ်ကွက်အတွင်းရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၏ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေသူများအတွက် မုန့်နှင့် ရေသန့်များကို လိုက်လံဝေငှကျွေးမွေးခဲ့ကြသည်။



ယင်းနောက် သီတာရပ်ကွက် ငြိမ်းချမ်းသာယာအားကစားရပ်ဝင်းအတွင်း ပြည်နယ်ဥပဒေချုပ်ရုံးက ကြီးမှူးကျင်းပသော ဩဂုတ် ၃၀ ရက်တွင် ကျရောက်မည့် ဥပဒေရေးရာဝန်ကြီးဌာန၏ သုံးနှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဥပဒေနှင့် တရားလွှတ်တော်ရုံးဝန်ထမ်းများ၏ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲသို့တက်ရောက်ပြီး အဖွင့်ပွဲစဉ်အဖြစ် ဘောလုံးယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်မှုဇုန်ရပ်ကွက်အတွင်းရှိ ကျောက်မျက်ရုံးဝင်းသို့ သွားရောက်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေး၊ အများပြည်သူပူးပေါင်းပါဝင်သော အမှိုက်စွန့်ပစ်စနစ် ပိုမိုကောင်းမွန်လာစေရေးအတွက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဝယ်ယူဖြည့်တင်းပေးခဲ့သော အမှိုက်သိမ်းသုံးဘီးယာဉ် ၁၀ စီးအား ကြည့်ရှုစစ်ဆေးခဲ့ကြကာ အဆိုပါကျောက်မျက်ရုံးဝင်းအတွင်း စည်ပင်သာယာရေးအဖွဲ့ အရာထမ်း/ အမှုထမ်းများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ အဆိုပါကျောက်မျက်ဝင်းအတွင်း ကျောက်မျက်ရတနာရောင်းဝယ်ရေးရုံ၌ ကျောက်စိမ်းအသားကျောက်များနှင့် ကျောက်စိမ်းပန်းပုအချောထည်များ ရောင်း/ ဝယ်ဖောက်ကားနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး အရောင်းအဝယ်ဖြစ်ထွန်းမှုအခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်သည် ယမန်နေ့ညနေ ၆ နာရီခွဲကလည်း ပြည်နယ်အားကစားကွင်းအတွင်းရှိမိုးလုံလေလုံအားကစားခန်းမ၌ နေပြည်တော်တွင် ကျင်းပခဲ့သော ၂၀၂၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုများနှင့် အကောင်းဆုံးကစားသမားဆုများရရှိခဲ့သော အောင်ပွဲရ ပြည်နယ်လက်ရွေးစင်အမျိုးသားနှင့် အမျိုးသမီးဖူဆယ်ဘောလုံးအသင်းများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဖူဆယ်ဘောလုံးအသင်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၅၀ ကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက အောင်ပွဲရအမျိုးသမီးဖူဆယ်အသင်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၅၀ နှင့် အကောင်းဆုံးကစားသမားဆုရသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းစီဖြင့် စုစုပေါင်းငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ ဘောလုံးဝါသနာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက စုစုပေါင်းချီးမြှင့်ငွေကျပ်သိန်း ၇၀ ကျော်ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ကော့သောင်းမြို့၌ ဥပဒေအသိပညာပေးသင်တန်း အမှတ်စဉ်(၂/ ၂၀၂၄) ဖွင့်လှစ်

ကော့သောင်း ဩဂုတ် ၂၄

တနင်္သာရီ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် ပညာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ဥပဒေအသိပညာပေး သင်တန်း အမှတ်စဉ်(၂/၂၀၂၄) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ ပြုလုပ်သည်။

ဖွင့်ပွဲ အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းသန်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။




ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်ဦးအုန်းသန်းက ရာဇသတ်ကြီး၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ ဆက်သွယ်ရေးဥပဒေ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတို့ကိုလည်းကောင်း၊ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးညွန့်လွင်က "The Prevention and Suppression of Trafficking in Person Law" လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေနှင့် သိမှတ်ဖွယ်ရာဥပဒေ ဗဟုသုတများကို ဟောပြောပို့ချခဲ့ကြပြီး အဆိုပါသင်တန်းသို့ ကော့သောင်းမြို့အတွင်းရှိ အခြေခံပညာကျောင်းများမှ သင်တန်းသား ဆရာ ဆရာမများ၊ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# သင်္ကန်းကျွန်း ပညာရေးဒီဂရီကောလိပ်၌ ဥပဒေဆိုင်ရာအသိပညာပေးဟောပြောပွဲ ကျင်းပ

သင်္ဃန်းကျွန်း ဩဂုတ် ၂၄

သင်္ဃန်းကျွန်းမြို့နယ် သင်္ကန်းကျွန်းပညာရေးဒီဂရီကောလိပ် ပညာနေခြည်ခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောမြိုင်အုန်းက ကျောင်းသား ကျောင်းသူများအား ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သင်္ဃန်းကျွန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောမြိုင်အုံးက ရာဇသတ်ကြီး၊ လောင်းကစားဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေ၊ ဆက်သွယ်ရေးဥပဒေနှင့် စစ်မှုထမ်းဥပဒေ၊ ဆက်သွယ်ရေးဥပဒေများနှင့် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥဒေများတွင် ပြဋ္ဌာန်းချက်ပါ သိမှတ်ဖွယ်ရာများကို အသိပညာပေးဟောပြောဆွေးနွေးခဲ့သည်။

အဆိုပါအသိပညာပေးဟောပြောပွဲကို သင်္ကန်းကျွန်းပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၄၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သိန်းအောင်**



# ကျုံပျော်မြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူရေးအကြောင်း သိကောင်းစရာဟောပြော

ကျုံပျော် ဩဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အကြောင်း သိကောင်းစရာ Talk Show ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ရုံး လူထုအခြေပြုဇာတ်ပြဌာနခန်းမ၌ ဩဂုတ် ၂၂ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။




ထိုသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းစိုးက သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ သိကောင်းစရာများကို မေးမြန်းရာ မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီ အတွင်းရေးမှူး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းစိုးအောင်က သန်းခေါင်စာရင်း၏အဓိပ္ပာယ်၊ ရည်ရွယ်ချက်၊ ကောက်ယူမည့် အချိန်ကာလနှင့် မေးခွန်းပုံစံ၊ စာရင်းကောက်ယူမည့်သူများနှင့် မကောက်ရမည့်သူများ၊ မှန်ကန်စွာဖြေဆိုခြင်းဖြင့်ရရှိမည့်အကျိုးကျေးဇူးများ၊ ဖြေကြားသည့် အချက်အလက်လုံခြုံစိတ်ချရမှုနှင့် အကာအကွယ်ပေးသည့် ဥပဒေပြဋ္ဌာန်းထားမှုအပါအဝင် သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် ရှင်းလင်းဖြေကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၂၄

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

# တစ်ကျော့ပြန်မျောက်ကျောက်ရောဂါ သတိပြုပါ

မေဃ-မျိုးအောင် (MANA)



အာဖရိကတွင်ဖြစ်ပွားနေသော ကူးစက်မြန်မျောက်ကျောက်ရောဂါ ကူးစက်ပြန့်ပွားမှုများနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် ကြေညာခဲ့သည်။ မျောက်ကျောက်ရောဂါမျိုးကွဲသစ် ကူးစက်ပျံ့နှံ့နေသဖြင့် ယင်းသို့ အသိပေးထုတ်ပြန်ရခြင်းဖြစ်သည်ဟု တာဝန်ရှိသူများကပြောသည်။ ရောဂါဖြစ်ပွားမှု သိသိသာသာတိုးလာပြီး ကွန်ဂိုနိုင်ငံတွင် ယခုနှစ်စကတည်းက မျောက်ကျောက်ရောဂါ ကူးစက်ခံရသူပေါင်း ၁၅၆၀၀ ကျော်နှင့် သေဆုံးသူ ၅၃၇ ဦးအထိ ရှိခဲ့ကြောင်း သိရသည်။ အဆိုပါရောဂါသည် ရောဂါကူးစက်ခံထားရသည့်တိရစ္ဆာန်ကို ကိုင်တွယ်ထိတွေ့ခြင်းမှ လူသို့ကူးစက်စေသည့်ရောဂါဖြစ်သည်။ ရောဂါဖြစ်ပွားနေသူ၏ ခန္ဓာကိုယ်မှထွက်ရှိသော အရည်များ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ အမှုန်အမွှားများနှင့် ညစ်ညမ်းနေသော အိပ်ရာပေါ်ရှိပစ္စည်းများနှင့် ထိတွေ့ခြင်းဖြင့် လူတစ်ဦးမှတစ်ဦးသို့ ကူးစက်နိုင်သည်။ ကွန်ဂိုအပြင် ဘူရွန်ဒီ၊ ဗဟိုအာဖရိကသမ္မတနိုင်ငံ ရဝမ်ဒါအပါအဝင် အခြားအာဖရိကနိုင်ငံများသို့လည်း ပျံ့နှံ့လျက်ရှိပြီး ထိန်းချုပ်နိုင်ရန် ပြင်းပြင်းထန်ထန်လုပ်ဆောင်ရမည်ဟု ကျွမ်းကျင်သူများက သတိပေးထားသည်။

## နိုင်ငံအချို့သို့ စတင်ပျံ့နှံ့လျက်ရှိ

မျောက်ကျောက်ရောဂါဖြစ်ပွားမှု အစောပိုင်းကာလတွင် အာဖရိကတိုက်တွင်သာ တွေ့ရလေ့ရှိသော်လည်း ယခုအခါ ယခင်က ဖြစ်ပွားခဲ့ခြင်းမရှိသော နိုင်ငံအချို့သို့ စတင်ပျံ့နှံ့လျက်ရှိသည်။ ကူးစက်မှု သိသိသာသာမြင့်တက်ခဲ့ပြီးနောက် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် WHO က နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ထုတ်ပြန်ကြေညာခဲ့သော်လည်း ယမန်နှစ် မေလ ၁၁ ရက်နေ့တွင် ရောဂါဖြစ်ပွားမှု ကျဆင်းလာသဖြင့် အရေးပေါ်အခြေအနေမှ ရုပ်သိမ်းခဲ့သည်။ မူလက မျောက်ကျောက် (Monkey Pox) ရောဂါဟု ခေါ်ဆိုနေကြသော်လည်း ယင်းဗိုင်းရပ်စ်ပိုး အမည်မှည့်ရာတွင် ခွဲခြားမှုနှင့် မနှစ်မြို့စရာများရှိနေကြောင်း စောဒကတက်မှုများကြောင့် ၂၀၂၂ ခုနှစ်ကုန်တွင် Mpox သို့ ပြောင်းလဲခေါ်ဆိုရန် WHO က ကြေညာခဲ့သည်။ မှတ်တမ်းများအရ မျောက်ကျောက်ရောဂါသည် ကျောက်ကြီးရောဂါကဲ့သို့ ဗိုင်းရပ်စ်မျိုးနွယ်စုဝင်ဖြစ်ပြီး အာဖရိကအလယ်ပိုင်းနှင့် အနောက်ပိုင်းရှိ အပူပိုင်းမိုးသစ်တောများတွင် အဓိကဖြစ်ပွားကာ တစ်ခါတစ်ရံ အခြားဒေသများသို့လည်း ပျံ့နှံ့လေ့ရှိသည့် ဗိုင်းရပ်စ်တစ်မျိုး ဖြစ်သည်။ ၎င်းရောဂါပိုးကို ၁၉၅၈ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် ရောဂါဖြစ်ပွားမှုကို ကွန်ဂိုနိုင်ငံ၌ ပထမဆုံးတွေ့ရှိခဲ့ကြောင်း သိရသည်။ လက်ရှိတွင် ဗိုင်းရပ်စ်မျိုးကွဲ နှစ်ခုရှိပြီး ပထမအမျိုးအစားမှာ ၂၀၂၂ ခုနှစ်တွင် ဥရောပနှင့်အခြားနိုင်ငံများအထိ ကူးစက်ခဲ့သော ဗိုင်းရပ်စ်ဖြစ်သည်။

ရောဂါကို ထိန်းချုပ်ရန် အခွင့်အလမ်းများရှိနေသဖြင့် စိုးရိမ်စရာမရှိဟု WHO က ဆိုထားသော်လည်း ကူးစက်ရောဂါဆိုင်ရာ ကျွမ်းကျင်သူအချို့က အဆိုပါဗိုင်းရပ်စ်သည် ယခင်က မတွေ့ရှိခဲ့သောနိုင်ငံများ၌ အမြစ်တွယ်သွားမည်ကို စိုးရိမ်နေကြသည်။ လူနာအများစုသည် ရက်သတ္တပတ်အနည်းငယ်အတွင်း၌ ရောဂါလက္ခဏာများ ပျောက်ကင်းသွားနိုင်သည်။ အချို့မှာ နောက်ဆက်တွဲ ရောဂါဆိုးကျိုးများဖြစ်ပွားကာ သေဆုံးသည်အထိလည်း ဖြစ်ပွားလေ့ရှိသည်။ ကလေးများနှင့် ခုခံအားကျဆင်းနေသည့်သူများသည် မျောက်ကျောက်ရောဂါကြောင့် ပိုမိုပြင်းထန်သော ရောဂါလက္ခဏာများ ခံစားရနိုင်ပြီး အသက်သေဆုံးသည်အထိ အန္တရာယ်ရှိနိုင်သည်ဟု WHO ကဆိုသည်။

ယခင်က မျောက်ကျောက်ရောဂါဟု လူသိများသော ကူးစက်မြန်ရောဂါသည် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ကနဦးဖြစ်ပွားမှုအတွင်း လူပေါင်း ၄၅၀ ထက်မနည်းကို သေဆုံးစေခဲ့သည်။ Mpox ရောဂါသည် မျောက်ကျောက်ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသည်။ ၎င်းသည် ကျောက်ရောဂါကဲ့သို့သော ဗိုင်းရပ်စ်အုပ်စုတစ်ခုတည်းမှဖြစ်သော်လည်း အန္တရာယ်ပို၍နည်းပါးသည်။ ယင်းဗိုင်းရပ်စ်သည် မူလက တိရစ္ဆာန်များမှ လူသို့ကူးစက်သော်လည်း ယခုအခါ လူအချင်းချင်းလည်း ကူးစက်နိုင်သည်။ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံများတွင် အပူပိုင်းအမြဲစိမ်းသစ်တောများရှိသည့် ဝေးလံခေါင်သီသော ကျေးရွာများတွင် အဖြစ်များသည်။ အဆိုပါဒေသများတွင် ရောဂါ ဖြစ်ပွားသူ နှစ်စဉ် ထောင်နှင့်ချီရှိပြီး သေဆုံးသူ ရာနှင့်ချီရှိကာ ၁၅ နှစ်အောက်ကလေးများ အဆိုးရွားဆုံးထိခိုက်ခံစားရသည်။ Mpox တွင် Clade 1 နှင့် Clade 2 ဟူ၍ အဓိကဗိုင်းရပ်စ်အမျိုးအစား နှစ်မျိုးရှိသည်။

၂၀၂၂ ခုနှစ်က နိုင်ငံတကာ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေ ကြေညာခဲ့သော ယခင် Mpox သည် အနည်းငယ်ပျော့သော Clade 2 အမျိုးအစားဖြစ်သည်။ ယင်းသည် ဥရောပနှင့် အာရှတိုက်ရှိ နိုင်ငံအချို့အပါအဝင် ဗိုင်းရပ်စ်ကို ပုံမှန်အားဖြင့် တွေ့ရှိရခြင်းမရှိသော နိုင်ငံပေါင်း ၁၀၀ နီးပါးသို့ ပျံ့နှံ့သွားခဲ့ပြီး ထိခိုက်လွယ်သောအုပ်စုများကို ကာကွယ်ဆေးထိုးခြင်းဖြင့် ထိန်းချုပ်နိုင်ခဲ့သည်။ သို့သော် ယခုတစ်ကြိမ်သည် ယခင်ဖြစ်ပွားသူအရေအတွက်၏ ၁၀ ရာခိုင်နှုန်းအထိ သေဆုံးစေခဲ့သည့် ဗိုင်းရပ်စ် Clade 1 ဖြစ်သည်။ ယမန်နှစ် စက်တင်ဘာလခန့်က ဗိုင်းရပ်စ်အပြောင်းအလဲဖြစ်ပေါ်ခဲ့သည်။ ဗီဇပြောင်းလဲမှုများသည် Clade lb ဟုခေါ်သော မျိုးဆက်သစ်တစ်ခုသို့ ဦးတည်သွားပြီး ထိုမှစတင်ကာ လျင်မြန်စွာပျံ့နှံ့လာခဲ့သည်။ ဤမျိုးဗီဇအသစ်ကို သိပ္ပံပညာရှင်တစ်ဦးက အန္တရာယ်အရှိဆုံးဟု တံဆိပ်ကပ်ထားသည်။ အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာန (CDC) က ၂၀၂၄ ခုနှစ်စမှ ဇူလိုင်လကုန်အထိ Mpox ကူးစက်မှု ၁၄၅၀၀ ကျော်နှင့် Mpox ကြောင့် သေဆုံးမှု ၄၅၀ ကျော်ရှိကြောင်း ပြောကြားခဲ့သည်။ ယင်းသည် ကူးစက်မှုရာခိုင်နှုန်း ၁၆၀ တိုးလာပြီး ၂၀၂၃ ခုနှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက သေဆုံးမှု ၁၉ ရာခိုင်နှုန်း တိုးလာသည်။

## ဗိုင်းရပ်စ်မျိုးကွဲကြောင့် ကွန်ဂိုနိုင်ငံတွင် လူပေါင်းရာချီသေဆုံး

Mpox ရောဂါဖြစ်ပွားမှု၏ ၉၆ ရာခိုင်နှုန်းသည် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ဖြစ်သော်လည်း ပုံမှန်ဆိုလျှင် ရောဂါဖြစ်ပွားမှုမရှိသော ဘူရွန်ဒီ၊ ကင်ညာ၊ ရဝမ်ဒါနှင့် ယူဂန်ဒါကဲ့သို့သော အိမ်နီးချင်းနိုင်ငံများအထိ ပျံ့နှံ့သွားသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ယခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် Mpox ရောဂါကူးစက်ခံရသူကိုတွေ့ရှိခဲ့ကြောင်း ဩဂုတ်လ ၁၉ ရက်နေ့က ကြေညာခဲ့သော်လည်း ထိုရောဂါသည် ပြင်းထန်သည့် Mpox ဗိုင်းရပ်စ်မျိုးကွဲသစ် ဟုတ်၊ မဟုတ်ကို မဆုံးဖြတ်ရသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ ထိုဗိုင်းရပ်စ်မျိုးကွဲကြောင့် ကွန်ဂိုနိုင်ငံတွင် လူပေါင်းရာချီသေဆုံးခဲ့ပြီးနောက် မကြာသေးမီရက်များအတွင်း ဆွီဒင်နှင့် ပါကစ္စတန်နိုင်ငံတို့တွင်လည်း ထိုဗိုင်းရပ်စ်မျိုးကွဲကူးစက်မှုများကို တွေ့ရှိခဲ့သည်။ ကျွမ်းကျင်ပညာရှင်များက ယခုရောဂါပိုးအသစ်သည် ပိုမို၍လွယ်ကူစွာပျံ့နှံ့နိုင်ပြီး ကလေးငယ်များနှင့် အရွယ်ရောက်ပြီးသူများတွင် ရောဂါပိုမိုပြင်းထန်မှုနှင့် သေဆုံးမှုပိုများနိုင်သည်ဟု ဆိုသည်။ မျောက်ကျောက်ရောဂါ၏ ကနဦးလက္ခဏာရပ်များတွင် အဖျားတက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ရောင်ရမ်းခြင်း၊ ခါးနာခြင်းနှင့် ကြွက်သားများနာကျင်ခြင်းတို့ ခံစားရနိုင်သည်။ အဖျားပျောက်ပြီးသည်နှင့် အဖုအပိမ့်များ ဖြစ်ပေါ်လာတတ်ပြီး မျက်နှာပေါ်မှစတင်ကာ ခန္ဓာကိုယ်၏ အခြားအစိတ်အပိုင်းများသို့လည်း ပျံ့နှံ့သွားနိုင်သည်။ အများအားဖြင့် လက်ဖဝါးနှင့် ခြေဖဝါးများတွင် အဖြစ်များသည်။ အလွန်အမင်း ယားယံခြင်း သို့မဟုတ် နာကျင်ခြင်းဖြစ်နိုင်သည့် အဖုအပိမ့်များသည် တဖြည်းဖြည်းအနာဖေးမဖြစ်ပေါ်မီ အဆင့်အမျိုးမျိုးသို့ ပြောင်းလဲသွားကာ နောက်ဆုံးတွင် ကျွတ်ထွက်သွားသည်။ အနာများက အမာရွတ်များအဖြစ် ကျန်စေနိုင်သည်။ ရောဂါပိုးသည် အများအားဖြင့် သူ့အလိုလိုပျောက်ကင်းသွားပြီး ၁၄ ရက်မှ ၂၁ ရက်အကြား ကြာမြင့်သည်။ ပြင်းထန်သောဖြစ်ပွားမှုများတွင် ခန္ဓာကိုယ်တစ်ခုလုံးနှင့် အထူးသဖြင့် ပါးစပ်၊ မျက်လုံးများနှင့် လိင်အင်္ဂါများကိုပါ ဖြစ်ပွားနိုင်သည်။ Mpox သည် ရောဂါပိုးရှိသူနှင့် အနီးကပ်ထိတွေ့ခြင်းမှတစ်ဆင့် လူတစ်ဦးမှတစ်ဦးသို့ ကူးစက်တတ်သည်။ လိင်ဆက်ဆံခြင်း၊ အရေပြားချင်းထိတွေ့ခြင်း၊ အခြားသူတစ်ဦးနှင့်နီးကပ်စွာနေထိုင်ခြင်း သို့မဟုတ် နီးကပ်စွာ အသက်ရှူခြင်းတို့မှလည်း ကူးစက်နိုင်သည်။

## ရောဂါပိုးရှိသည့် တိရစ္ဆာန်များနှင့် အနီးကပ်ထိတွေ့ခြင်းကလည်း ကူးစက်နိုင်

ဗိုင်းရပ်စ်ပိုးသည် ပျက်စီးနေသော အရေပြား၊ အသက်ရှူလမ်းကြောင်း သို့မဟုတ် မျက်လုံး၊ နှာခေါင်း သို့မဟုတ် ပါးစပ်မှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်နိုင်သည်။ အိပ်ရာ၊ အဝတ်အစားနှင့် မျက်နှာသုတ်ပဝါများကဲ့သို့သော ဗိုင်းရပ်စ်ပိုးကြောင့် ညစ်ညမ်းနေသောအရာများကို ထိတွေ့ခြင်းမှလည်း ကူးစက်နိုင်သည်။ ကူးစက်နိုင်သော အခြားလမ်းကြောင်းတစ်ရပ်မှာ မျောက်များ၊ ကြွက်များနှင့် ရှဉ့်များကဲ့သို့သော ရောဂါပိုးရှိသည့် တိရစ္ဆာန်များနှင့် အနီးကပ်ထိတွေ့ခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ်က ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါကာလအတွင်း ဗိုင်းရပ်စ်သည် လိင်ပိုင်းဆိုင်ရာ ထိတွေ့မှုမှတစ်ဆင့် အများဆုံးပျံ့နှံ့သွားခဲ့သည်။ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ လက်ရှိဖြစ်ပွားမှုတွင် လိင်ပိုင်းဆိုင်ရာ ထိတွေ့မှုက အဖြစ်များနေသော်လည်း အခြားအကြောင်းအချက်များကလည်း ပျံ့နှံ့နိုင်ကြောင်းတွေ့ရှိရသည်။

Mpox ရောဂါ ကြိုတင်ကာကွယ်ရန်မှာ Mpox ရှိသူနှင့် အနီးကပ်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ရန်နှင့် သင့်အသိုင်းအဝိုင်းတွင် ဗိုင်းရပ်စ်ပိုးရှိနေပါက လက်ကို ဆပ်ပြာ၊ ရေတို့ဖြင့် သေချာစွာပွတ်တိုက်၍ ဆေးကြောရန်ဖြစ်သည်။ Mpox ရှိသူများကို ၎င်းတို့၏အနာများ ပျောက်ကွယ်သွားသည်အထိ အခြားသူများနှင့် သီးသန့်ခွဲထားသင့်သည်။ ပြန်လည်ကောင်းမွန်လာပြီးနောက် ၁၂ ပတ်ကြာအတွင်း လိင်ဆက်ဆံသောအခါတွင် ကွန်ဒုံးကို ကြိုတင်ကာကွယ်မှုအဖြစ် အသုံးပြုသင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ပြောသည်။

Mpox ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်သည့် အကောင်းဆုံးနည်းလမ်းမှာ ကာကွယ်ဆေးများထိုးခြင်းဖြစ်သည်။ ကာကွယ်ဆေးများရှိသော်လည်း အန္တရာယ်ရှိသူများ သို့မဟုတ် ရောဂါပိုးရှိသူနှင့် နီးကပ်စွာထိတွေ့ဖူးသူများအတွက်သာ ပုံမှန်အားဖြင့် ကာကွယ်ဆေးရရှိနိုင်သည်။ မကြာသေးမီက WHO သည် ဆေးဝါးထုတ်လုပ်သူများအား ၎င်းတို့၏ Mpox ကာကွယ်ဆေးများကို တရားဝင်ခွင့်ပြုချက်မရသေးသည့်တိုင် အရေးပေါ်အသုံးပြုရန် တောင်းဆိုထားသည်။ ယခုအခါ အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာန (CDC) က အာဖရိကတိုက်ကြီးတစ်ဝန်းတွင် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာထားသောကြောင့် အစိုးရများသည် ၎င်းတို့၏တုံ့ပြန်မှုကို ပိုမိုကောင်းမွန်စွာ ညှိနှိုင်းဆောင်ရွက်နိုင်ပြီး ရောဂါသက်ရောက်ရာဒေသများသို့ ဆေးဘက်ဆိုင်ရာ ထောက်ပံ့မှုများနှင့် အကူအညီများစီးဆင်းမှုကို တိုးမြှင့်နိုင်မည်ဟု မျှော်လင့်ရသည်။ ကမ္ဘာကြီးသည် အကျပ်အတည်းပေါင်းများစွာနှင့် ရင်ဆိုင်ခဲ့ရသော်လည်း နောက်ဆုံးတွင် နိုင်ငံအသီးသီး၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကျော်လွှားနိုင်ခဲ့သည်။ လက်ရှိတွင်လည်း ကိုဗစ်ကပ်ရောဂါနှင့် အသားကျနေပြီဖြစ်သော ကမ္ဘာကြီးသည် မျောက်ကျောက်ရောဂါကို အလိုက်သင့်ခုခံနိုင်မည်သာဖြစ်သည်။ သို့သော် အများပြည်သူတို့အနေဖြင့် မျောက်ကျောက်ရောဂါနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကိုလည်း အလေးထားလိုက်နာရေးမှာ အရေးကြီးသည့်အချက်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

> ❝ကမ္ဘာကြီးသည် အကျပ်အတည်းပေါင်းများစွာနှင့်ရင်ဆိုင်ခဲ့ရသော်လည်း နောက်ဆုံးတွင် နိုင်ငံအသီးသီး၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကျော်လွှားနိုင်ခဲ့သည်။ လက်ရှိတွင်လည်း ကိုဗစ်ကပ်ရောဂါနှင့် အသားကျနေပြီဖြစ်သော ကမ္ဘာကြီးသည် မျောက်ကျောက်ရောဂါကို အလိုက်သင့်ခုခံနိုင်မည်သာဖြစ်သည်။ သို့သော် အများပြည်သူတို့အနေဖြင့် မျောက်ကျောက်ရောဂါနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကိုလည်း အလေးထားလိုက်နာရေးမှာ အရေးကြီးသည့်အချက်ဖြစ်❞

# မန္တလေးတိုင်းဝန်ကြီးချုပ် Mpox(မျောက်ကျောက်)ရောဂါကာကွယ်ထိန်းချုပ်ကုသရေးအတွက် ချမ်းမြသာစည်လေဆိပ်ရှိ သီးခြားကန့်သတ်ကုသဆောင်နှင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှု



**မန္တလေး ဩဂုတ် ၂၄**

မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက Mpox (မျောက်ကျောက်)ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးအတွက် ချမ်းမြသာစည်လေဆိပ်ရှိသီးခြားကန့်သတ်ကုသဆောင်နှင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုခဲ့သည်။

**သွားရောက်ကြည့်ရှု**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ချမ်းမြသာစည်လေဆိပ်ရှိ သီးခြားကန့်သတ်ကုသဆောင် (ယခင်၂၀၄ ခုတင်ဆံ့၊ ကိုဗစ်သီးခြားကုသဆောင်)၌ ကိုဗစ်ကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်း ဆောင်ရွက်စဉ်က အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို စနစ်တကျထိန်းသိမ်းထားရှိမှု၊ အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက ချက်ချင်းအသုံးပြုနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ အဆောင်ပရဝုဏ်အတွင်း၊ အပြင် သန့်ရှင်းရေးဆောင်ရွက်နေမှုများနှင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့သွားရောက်ကြည့်ရှုခဲ့သည်။

ထိုသို့ကြည့်ရှုစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်အား တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင် ဦးဆောင်သောအဖွဲ့၊ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများက ဆေးရုံပရဝုဏ်အတွင်း၊ အပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု၊ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး) ဝင်ပေါက်တွင် Mpox (မျောက်ကျောက်) ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်နေမှု၊ သံသယလူနာတွေ့ရှိပါက လေဆိပ်တွင် ခေတ္တသီးခြားထားရှိနိုင်မည့် နေရာပြင်ဆင်ထားရှိမှုနှင့် လွှဲပြောင်းဆေးရုံအဖြစ် သတ်မှတ်ထားရှိသော မန္တလေးပြည်သူ့ဆေးရုံကြီးသို့ စနစ်တကျလွှဲပြောင်းနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု၊ လူနာတွေ့ရှိပါက ရောဂါကာကွယ်ထိန်းချုပ်ကုသရေးအတွက် သီးခြားလူနာဆောင်များ ဆောင်ရွက်ထားရှိမှုစသည့် Mpox (မျောက်ကျောက်) ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း၊ ထိန်းချုပ်တုံ့ပြန်ဆောင်ရွက်ခြင်း၊ ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းအစီအမံများနှင့် စပ်လျဉ်း၍ လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ကျိုက်ထိုမြို့နယ်၌ Mpox မျောက်ကျောက် ရောဂါနှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေး

**ကျိုက်ထို ဩဂုတ် ၂၄**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ Mpox မျောက်ကျောက် ရောဂါနှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျိုက်ထိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ကျိုက်ထိုမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူးအဆင့် (၁) ဦးထွန်းညီညီက Mpox (မျောက်ကျောက်) ရောဂါအား ဩဂုတ် ၁၄ ရက်တွင် နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့၍ မိမိနိုင်ငံအတွင်း ကူးစက်ပြန့်ပွားမှုမရှိစေရန် ကာကွယ်နိုင်မည့်နည်းလမ်း ကိုးမျိုး၊ ရောဂါကူးစက်နိုင်သည့်နည်းလမ်းရှစ်မျိုး၊ သံသယဖြစ်ဖွယ်ရောဂါ လက္ခဏာများနှင့်ကာကွယ်နိုင်မည့် နည်းလမ်းများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# သထုံမြို့နယ်၌ မျောက်ကျောက်ရောဂါကာကွယ်ရေး အသိပညာပေး

**သထုံ ဩဂုတ် ၂၄**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများပူးပေါင်းကာ Mpox(မျောက်ကျောက်)ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ ပိုစတာစိုက်ထူခြင်း၊ လက်ကမ်းစာစောင်များဝေငှပေးခြင်းတို့ကို ယမန်နေ့ နံနက်ပိုင်းက ရွှေစာရံစေတီအနီးရှိ အဝေးပြေးယာဉ်ရပ်နားကွင်းဝန်းကျင်ရှိ လူစည်ကားရာနေရာများ၌ လိုက်လံဆောင်ရွက်ခဲ့ကြသည်။



အသိပညာပေး လှုပ်ရှားရာတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းဦး ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများက Mpox (မျောက်ကျောက်)ရောဂါလက္ခဏာများနှင့် ကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ ရောဂါပျိုးရက်ဖြစ်သည့် လက္ခဏာများ၊ သံသယဖြစ်ပွားဖွယ်ရောဂါလက္ခဏာများ၊ ကာကွယ်နိုင်သည့်နည်းလမ်းများ စသည်တို့ကို ခရီးသွားပြည်သူများ၊ ဈေးရောင်းဈေးဝယ်သူများအား အသိပညာပေးဆွေးနွေးကြပြီး သုဝဏ္ဏဈေး၊ ရွှေစာရံစေတီ ယာဉ်ရပ်နားကွင်းစသည့် လူစည်ကားရာနေရာတို့၌ ပိုစတာများစိုက်ထူကာ Mpox (မျောက်ကျောက်) ရောဂါကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

❖ကျောဖုံးမှ

တိုက်စစ်မှူး ဝဲလ်ဘက်ဟာ သူ့ရဲ့ကစားသမား ဘဝတစ်လျှောက် ကလပ်အသင်းသွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး အသင်းဟောင်း မန်ယူအသင်းဘက်ကို သွင်းယူခဲ့တဲ့သွင်းဂိုးကတော့ ခြောက်ဂိုးအထိ ရှိလာခဲ့တာဖြစ်ပါတယ်။

**အဝေးကွင်းရှုံးပွဲကြုံ**

လက်ရှိအချိန်မှာ ဘရိုက်တန်အသင်းဟာ မန်ယူအသင်းကို အနိုင်ရရှိခဲ့တာကြောင့် မန်ယူအသင်းကို အိမ်ကွင်းသုံးပွဲဆက်နိုင်ပွဲရရှိတဲ့ မှတ်တမ်းတစ်ရပ်ကို စိုက်ထူနိုင်ခဲ့ပြီး ပရီမီယာလိဂ်ပွဲစဉ် နှစ်ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ်ခြောက်မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးကို ယာယီဦးဆောင်ခွင့် ရရှိထားကာ မန်ယူအသင်းကတော့ ဆိုးရွားတဲ့ခံစစ်ပြဿနာကြောင့် ဘရိုက်တန်အသင်းကို အဝေးကွင်းရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။

**ငွေကြယ်**

# Mpox (မျောက်ကျောက်) ရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် Mpox (မျောက်ကျောက်)ရောဂါကူးစက်မှုအား နိုင်ငံတကာပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။

**ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ**

- ရောဂါပိုးရှိသူနှင့်လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ နမ်းရှုပ်ခြင်း၊ ပွေ့ဖက်ခြင်းတို့မှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊ (စကားပြောခြင်း၊ အသက်ရှူခြင်း)
- ရောဂါပိုးရှိသူ၏ အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးများ ကပ်တင်ကျန်နေသည့် အသုံးအဆောင်ပစ္စည်းများ၊ မျက်နှာပြင်များကို လက်ဖြင့် ကိုင်တွယ်ထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊
- မသန့်ရှင်းသောဆေးထိုးအပ်နှင့် ဆေးရုံသုံးပစ္စည်းများမှတစ်ဆင့် ကူးစက်ခြင်း၊
- Mpox ဗိုင်းရပ်စ်ရောဂါပိုးကူးစက်ခံထားရသည့် တိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- မိခင်မှကလေးသို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးနောက်တွင် ကူးစက်ခြင်း၊

**ရောဂါပျိုးရက်**

- ရောဂါပိုးစတင်ဝင်ရောက်ပြီး ၁ ရက်မှ ၂၁ ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်ပါသည်။

**သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ**

- မျက်နှာ၊ ပါးစပ်၊ လက်နှင့် ခြေထောက်၊ ခန္ဓာကိုယ်၊ စအိုဝန်းကျင်နှင့် လိင်အင်္ဂါများတွင်အနီကွက်များထွက်ခြင်း၊ အရည်ကြည်ဖုများပေါက်ခြင်း၊
- ဖျားခြင်း (>38.5°C)၊
- အကြိတ်များရောင်ရမ်းခြင်း၊
- လည်ချောင်းနာခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကျောအောင့်ခြင်း၊
- မောပန်းနွမ်းနယ်ခြင်း၊

(လွန်ခဲ့သည့်(၂၁)ရက်အတွင်း ရောဂါပိုးတွေ့ရှိရာ နိုင်ငံ/ဒေသများမှ ပြန်လည်ဝင်ရောက်လာသူများတွင် အထက်ပါလက္ခဏာများဖြစ်ပွားလာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ရန် လိုအပ်ပါသည်။)

**ကာကွယ်နိုင်မည့် နည်းလမ်းများ**

- Mpox(မျောက်ကျောက်) ရောဂါလက္ခဏာခံစားနေရသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်ထိတွေ့ခြင်း၊ လိင်ပိုင်းဆိုင်ရာထိတွေ့ဆက်ဆံခြင်းများကို ရှောင်ကြဉ်ပါ၊
- အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း(Mask)ကို တပ်ဆင်ပါ၊
- သံသယရောဂါလက္ခဏာခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ် ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း(Mask)ကို တပ်ဆင်ခြင်းကို ပြုလုပ်ပါ၊
- လက်ကို ဆပ်ပြာနှင့် ရေ သို့မဟုတ် အယ်လ်ကိုဟောအနည်းဆုံး (၆၀%)ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည် အသုံးပြု၍ စနစ်တကျဆေးကြောပါ၊ လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့် မျက်လုံးများကို ကိုင်တွယ်ခြင်းမပြုပါနှင့်၊
- တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ပါ၊
- နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာဖုံးအုပ်ပါ၊
- အသုံးအဆောင်ပစ္စည်းများ (အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အထည်စသည့်...)များကို ရေ၊ ဆပ်ပြာနှင့် စနစ်တကျလျှော်ဖွပ်၍ အသုံးပြုပါ၊
- တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ပါနှင့်၊ အသားများကို ကျက်အောင်ချက်ပြုတ်စားပါ၊

Mpox (မျောက်ကျောက်)ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း (သို့မဟုတ်) ရောဂါသံသယလက္ခဏာများ ခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့၍ လိုအပ်သောစစ်ဆေးစမ်းသပ်မှုနှင့် ကုသမှုခံယူပါ။

**ကျန်းမာရေးဝန်ကြီးဌာန**
**ဩဂုတ်လ၊ ၂၀၂၄**

ဝတ္ထုတို

## ပိုင်ဆု(ပညာရေး)

========================




(၁)

"ကိုစော နောက်ကျလှချည်လားဗျာ"

"နောက်ကျဆို အိမ်ကမိန်းမရဲ့မင်္ဂလာတေးကို နားဆင်နေရသေးတယ်လေဗျာ.. ဒါနဲ့ ခင်ဗျားရော ရောက်တာကြာပြီလား"

"ဆယ့်ငါးမိနစ်လောက်ရှိပြီ ဆိုပါတော့ဗျာ"

"အေးဗျာ ကျုပ်ဟိုဘက်ခြမ်းသွားလိုက်ဦးမယ်"

ကိုမြင့်ဖေကို နှုတ်ဆက်ပြီးသည်နှင့် ကိုစောသည် ငါးကန်၏ မြောက်ဘက်ခြမ်းသို့ လျှောက်လာခဲ့သည်။ လက်ထဲက နာရီကိုကြည့်လိုက်တော့ နေ့လယ်ဆယ့်နှစ်နာရီပင်ခွဲနေပြီဖြစ်သည်။ ငါးကန်တွင် ငါးမျှားသူများပင် အတော်အတန်သင့်ရောက်နေပြီဖြစ်ကြောင်း ကိုစော သတိထားမိသည်။ နေပူရှိန်လွတ်ပြီး အရိပ်ရသောနေရာတစ်ခုတွင် ရွေးပြီးထိုင်လိုက်သည်။ ငါးမျှားတံကိုမဆင်ခင် ပူအိုက်သောကြောင့် အိမ်မှ ဆောင်းလာသောနီးဦးထုပ်အစုတ်ကြီးကိုချွတ်ပြီး ယပ်ခတ်လိုက်သည်။

"ဗျို့ ကိုစောရေ နောက်ကျလှပါလားဗျ"

မလှမ်းမကမ်းမှ ငါးမျှားနေသော တင်ကြီး အော်လိုက်ခြင်းဖြစ်သည်။ ငါးကန်ကိုလာကတည်းက နောက်ကျသည့်အကြောင်းချည်းပဲ ဖြေနေရသဖြင့် ကိုစော ဖြေချင်စိတ်မရှိတော့ပေ။ ထို့ကြောင့်ပင် ဘာမှပြန်မဖြေလိုက်ဘဲ အသာအယာ လက်ပြလိုက်သည်။

တင်ကြီးကို သတိထားကြည့်လိုက်တော့ ငါးအတော်အတန်သင့်ရနေပြီကို တွေ့လိုက်သည်။ ထို့ကြောင့် ကိုစောလည်း အချိန်မဖြုန်းနေတော့ဘဲ ငါးမျှားဖို့ပြင်ဆင်လိုက်တော့သည်။ စိတ်ထဲတွင် အိမ်ကမိန်းမဖြစ်သူ မိမွေးကိုတော့ မကျေမနပ်ဖြစ်မိသည်။ ကိုစော ငါးကန်ကိုနောက်ကျရခြင်းမှာ မိမွေးကြောင့်ပင် ဖြစ်သည်။

(၂)

ကိုစောတစ်ယောက် အိပ်ရာထမျက်နှာသစ်ပြီးသည်နှင့် မိမွေးအသင့်ပြင်ထားသော မနက်စာထမင်းကြော်ကို စားလိုက်သည်။ သမီးနှင့်သားကတော့ ကျောင်းပိတ်ရက်ဖြစ်သည့် အတွက် အိမ်ရှေ့ခန်းတွင် ထိုင်ဆော့နေကြသည်။ ကိုစောလည်း ထမင်းကြော်စားပြီး ရေနွေးသောက်နေသည့်အချိန်မှာပင် မိမွေးသည် အိမ်ပေါ်သို့ ဆောင့်ကြီးအောင့်ကြီးဖြင့် တက်လာပြီး ဈေးဆွဲခြင်းတောင်းကို ပစ်ချလိုက်သည်။

"ဟဲ့ မိမွေး ဘာဖြစ်လာပြန်ပြီလဲ နင့်ကြည့်လိုက်တိုင်း အလန့်တကြားနဲ့"

"အမလေး ဘာဖြစ်ရမှာလဲတော်ရေ အရွဲ့ခံခဲ့ရလို့ အရွဲ့ခံခဲ့ရလို့"

"ဘယ်သူကရွဲ့လို့လဲ မိမွေးရဲ့"

"ဘယ်သူဖြစ်ရမှာတုန်း ကျော်ကြီးမိန်းမ အေးသီတာပေါ့၊ သူ့ယောကျ်ားက သူ့အတွက် ပါတိတ်ဝမ်းဆက်ဝယ်ပေးလို့တဲ့၊ နောက်ပြီးကလေးတွေအတွက် ဘယ်လိုမုန့်တွေ ဝယ်ပေးတာတွေဆိုပြီး လာကြွားလို့တော်ရေ၊ ကြွားတာကခံနိုင်ပါတယ်၊ အခုသူက နင့်ယောကျ်ားငါးမျှားတာရော အဆင်ပြေလားဆိုပြီး သူများတွေရှေ့မှာ ရွဲ့သလိုစောင်းသလို လာမေးတာလေ"

"သြော် မိမွေးရယ် ရိုးရိုးသားသားပြောတာလည်း ဖြစ်ချင်ဖြစ်မှာပါ"

"မဖြစ်နိုင်ပါဘူး တမင်ပြောတာနေမှာ ဆိုက်ကားသမားမယား ပြောတာတော့ မခံနိုင်ဘူး"

"မိမွေးရယ် သူများကို အဲဒီလိုမပြောပါနဲ့၊ သူတို့ကမှ ဆိုက်ကားရှိသေးတယ် ငါတို့က စက်ဘီးအစုတ်လေးတောင် ပြင်လိုက်စီးလိုက်နဲ့"

"အဲဒါ တော် အသုံးမကျလို့လေ"

ဆက်ပြောနေရင် ရန်ဖြစ်မည်စိုးသောကြောင့် ကိုစော ဆက်မပြောတော့ပေ။ ကိုစောသည်လည်း တခြားအလုပ်တွေထက် ငါးမျှားပြီးရသည့်ငါးတွေကို ဒိုင်သွင်း၊ နည်းသည့်အခါတွင်တော့ အိမ်အတွက်ဟင်းစားအဖြစ်လုပ်ရင်းသာ ရပ်တည်နေခဲ့ရသည်။ ကိုစောတို့ နေထိုင်သည့် ကျူးကျော်ရပ်ကွက်ထဲတွင် သိပ်အဆင်ပြေလှသူတော့မရှိပေ။ ကျပန်းအလုပ်လုပ်ရင်း ခက်ခဲစွာရပ်တည်နေသူတွေပင် များလှသည်။ လူ့သဘောသဘာဝအတိုင်း နည်းနည်းလေးအဆင်ပြေလာသည့်အခါ ကြွားချင်ဝါချင်စိတ်တော့ ရှိကြမည်။ ကိုစောသည် နားလည်မှုရှိပေမယ့် မိမွေးသည် မိန်းမသားဆိုတော့လည်း ကိုစော အပြစ်မပြောလိုပေ။

"ကဲ..မိမွေးရေ ငါ ငါးကန်သွားတော့မယ် အရင်ရက်တွေထက် ငါပိုကြိုးစားခဲ့မယ် ဟုတ်ပြီလား"

ကိုစောသည် သင့်တင့်သလောက်ရပြီဆိုသည်နှင့် အလုပ်သိမ်းလေ့ရှိသည်။ ဒီတစ်နေ့တော့ ပိုပြီးကြိုးစားမှဖြစ်ပေလိမ့်မည်။ မိမွေးအတွက်လည်း ဈေးဝင်ပြီး ပါတိတ်ဝမ်းဆက် တစ်စုံလောက် ဝယ်ပေးချင်သေးသည်။ ကလေးတွေကလည်း စာမေးပွဲနီးနေတော့ လိုတာလေးတွေ ဝယ်ပေးချင်သေးသည်။

"အင်းပါ ရှင်ခဏနေမှသွား ကျွန်မရပ်ကွက်ရုံးမှာ ဆီသွားတန်းစီမလို့ ကလေးတွေခဏကြည့်ပေးထား ကျွန်မပြန်လာမှသွား သိပ်မကြာပါဘူး"

ပြောရင်းနှင့်ပင် ဆီဘူးကိုင်ကာ ပြေးဆင်းသွားသော မိမွေးကိုကြည့်ရင်း ကိုစောတစ်ယောက် အိမ်မှာ ကျန်ခဲ့ရတော့သည်။

(၃)

ငါးမျှားနေရင်းနှင့် ငါးကန်သို့ နောက်ကျမှ ရောက်လာရခြင်းအကြောင်းကိုတွေးပြီး ကိုစော တစ်ယောက်တည်း ပြုံးမိသည်။ မည်သို့ပင်ဆိုစေ အိမ်ထောင်ဦးစီးဆိုတော့လည်း ကိုစောတာဝန်ကျေချင်သည်။ ငယ်စဉ်ကတည်းကပင် တစ်ဖက်သားအပေါ် နားလည်ပေးတတ်သည့် စိတ်အခံရှိခြင်းကပင် ကိုစောအတွက် တော်သေးသည်ဟုဆိုရမည်။

"ဟာ ကိုစော ဒီနေ့မနည်းပါလားဗျ ခါတိုင်းဆို ကိုစော အစောပြန်နေကျပါ ဒီနေ့ဖွဲ့ကောင်းလှချည်လား"

တင်ကြီး၏ စကားသံကြားမှ သတိထားမိသည်။ ငါးတွေအတော်အတန်သင့်ရနေပြီဖြစ်ကြောင်း သတိထားမိသည်။ အရင်ကဆို ဒီလောက်တောင်မရဘဲနှင့် ပြန်နေကျဖြစ်သည်။ ယခုထိမပြန်သေးဘဲ အားစိုက်ထုတ်နေသည့် အကြောင်းရင်းကို ကိုယ်တိုင်ပင်သိသောကြောင့် ကိုစော ကြိတ်ပြီး ပြုံးလိုက်မိသည်။

"ဒီလိုပါပဲတင်ကြီးရာ အချိန်လေးရှိတုန်းရှာရတာပေါ့ကွာ ကဲ..ဆက်မျှားလိုက်ဦးမယ်"

တင်ကြီးကို ပြန်ဖြေလိုက်ပြီး ဆက်မျှားနေလိုက်သည်။ ကိုစောတို့သည် ရသည့်ငါးတွေကို ငါးကန်ပိုင်ရှင်ထံတွင် အချိန်နှင့် ပြန်ရှင်းပြီး ယူရသည်။ အပြင်တွင် တစ်ပိဿာနှစ်ထောင်လောက်ပေါက်လျှင် ငါးကန်ပိုင်ရှင်အား ငါးရာခြောက်ရာခန့်ဖြင့်သာ ရှင်းယူရသောကြောင့် ကိုစောတို့အတွက် အဆင်ပြေသည်။ ဟင်းစားအဖြစ်လာမျှားသူတွေရှိသလို ဒိုင်ပြန်သွင်းပြီး စီးပွားလာရှာသူများလည်း ရှိသည်။ ကိုစောကတော့ ဒိုင်ပြန်သွင်းသည်ဆိုပေမယ့် များများစားစားတော့မဟုတ်ပေ။

မည်သို့ပင်ဆိုစေ ဒီနေ့အတွက်တော့ အိမ်စရိတ်အပြင် မိမွေးအတွက် ပါတိတ်ဝမ်းဆက်တစ်စုံလောက် ဝယ်နိုင်မည်ဖြစ်သောကြောင့် ကိုစောကြိတ်ပြီးကျေနပ်နေမိပါသည်။ ထို့ကြောင့် တက်ကြွသော စိတ်အစဉ်ဖြင့် အတွေးရေယဉ်ကြောကို ဖြန့်ကြက်ပြီး ကိုစောတစ်ယောက် ငါးဆက်မျှားနေလိုက်တော့သည်။

(၄)

"ဟေး ကိုစော လာပါဦးဗျ တစ်ပွဲတစ်လေလောက်ဆော့ပါဦးဗျ"

"မလာတော့ပါဘူးဗျာ"

ငါးကန်ကပြန်တိုင်း ကိုစောအား လှမ်းခေါ်နေကျဖြစ်သော ဆိုက်ကားဂိတ်မှ ကျော်ကြီးတို့အုပ်စုအား ပြန်ဖြေပြီး ငြင်းလိုက်သည်။ ကျော်ကြီးတို့သည် ဆိုက်ကားဂိတ်တွင် ထိုင်ပြီးအံစာဝိုင်းထိုင်၍ ဆော့ကစားနေကြခြင်း ဖြစ်သည်။ ကိုစောကတော့ တစ်ခါမှဝင်ရောက်ကစားခဲ့ခြင်းမရှိပေ။ ဝါသနာလည်းမပါပေ။ ကိုစော ငြင်းလိုက်ပေမယ့် ကျော်ကြီး လက်ထဲတွင်ကိုင်ထားသော ပါတိတ်ဝမ်းဆက်တစ်စုံကို သတိထားမိသောကြောင့် အံစာဝိုင်းသို့ ခြေဦးပြန်လှည့်လိုက်သည်။

"ကဲကွာ ရော့ဒါခဏယူထား ဟိုနေ့က မှ မိန်းမအတွက်ဝယ်ထားတဲ့ ပါတိတ်အသစ်ကြီး."

"ဟာ မင်းဟာက ဖြစ်ပါ့မလား ကျော်ကြီးရာ"

"ဘာလို့မဖြစ်ရမှာလဲ အောင်ကိုရာ ငါဝယ်ပေးထားတာပဲ အိမ်ရောက်မှ ကြည့်ရှင်းလိုက်မယ်"

ကျော်ကြီးတို့ ပြောဆိုနေကြသော အသံကို ကြားလိုက်ရခြင်းဖြစ်သည်။ ကျော်ကြီးကို ကြည့်လိုက်တော့လည်း တစ်ကိုယ်လုံး ဇောချွေးတွေ ပြန်နေသည်။ ကိုစောလည်း ကျော်ကြီးကိုကြည့်ရင်း သက်ပြင်းချလိုက်သည်။ ကျော်ကြီးသည် အလုပ်ထက် လောင်းကစားကို ပိုခင်တွယ်နေသူဖြစ်သည်။ အနိုင်ရစဉ်ကတော့ မိသားစုအတွက်ဝယ်နိုင်ပေမယ့် အရှုံးကြုံလာသောအခါ မိသားစုများ၏ ပစ္စည်းများကိုပင် ပြန်လည်အသုံးချနေခြင်းဖြစ်ကြောင်း ကိုစော သိလိုက်ပါသည်။ မိမွေးကတော့ သေချာမသိဘဲ အားကျနေခဲ့သည်။ ကျော်ကြီး၏မိန်းမ အေးသီတာကတော့ အခုလောက်ဆိုအတော်ခံစားနေရပေလိမ့်မည်။ ထိုကိစ္စတွေကို မိမွေးအားလည်း ပြန်မပြောရန် ဆုံးဖြတ်လိုက်သည်။ မိမိ၏ အမှုမဲ့အမှတ်မဲ့ စကားတစ်ခွန်းကြောင့် မည်သူ့ကိုမှ ထိခိုက်မှုမရှိစေချင်သလို ပြဿနာတွေလည်း မဖြစ်စေချင်သည်မှာ ကိုစော၏ အရိုးခံစိတ်ထားပင်ဖြစ်သည်။

လောကတွင် ကိုယ်နှင့်ထိုက်သလောက်သာရသည့် ကံတရားအပေါ်တွင် ရောင့်ရဲတင်းတိမ်သင့်ကြောင်း ကိုစောသိပါသည်။ လောဘနှင့်လည်ပတ်နေသရွေ့တော့ နိမ့်တစ်လှည့် မြင့်တစ်လှည့် လောကဓံကြားတွင် ကျော်ကြီးတို့ကဲ့သို့ ပူလောင်နေရပေလိမ့်မည်။ ထို့ကြောင့် ကိုယ်နှင့်ထိုက်၍ရလာသော ကံတရားအပေါ်တွင် ကိုစောကျေနပ်နိုင်ပါသည်။ ကိုယ့်ထိုက်နှင့်ကိုယ့်ကံဆိုသည့်အတိုင်း လူသားအားလုံး၏ ဖြစ်တည်မှုများကို နားလည်လက်ခံသင့်သည်။ မိမိ၏ ကြိုးစားအားထုတ်မှုအစစ်အမှန်သည်သာလျှင် မိမိနှင့်ထိုက်သော ကံတရားတစ်ခုဖြစ်ကြောင်း ကိုစောသိမြင်တွေ့ခဲ့ရပြီးဖြစ်သည်။

ထို့ကြောင့် ကိုစောလည်း ဆက်ကြည့်မနေတော့ဘဲ ငါးများကိုကိုင်ကာ ဈေးဘက်သို့ ခြေလှမ်းပြင်လိုက်တော့သည်။ ထို့နောက် ဈေးကအပြန် မိမွေးအတွက် ပါတိတ်ဝမ်းဆက်တစ်စုံနှင့် ကလေးတွေအတွက် လိုအပ်တာတချို့ဝင်ဝယ်ရဦးမည်ဟု တွေးလိုက်သည်။

ကိုစောဝယ်လာမည့် မိမွေးအတွက် ပါတိတ်ဝမ်းဆက်ကတော့ မိမွေးထံတွင် ထာဝရခိုနားမည့် ပါတိတ်တစ်ထည်ဖြစ်ကြောင်း ကိုစောအပြည့်အဝယုံကြည်မိပါတော့သည်။ ။

## မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာ အပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်း မရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

ဆောင်းပါး

# အချိန်နှင့်ကိုယ်စွမ်းကိုယ်စ

**ထက်အောင်လှူ(နံ့သာမြေ)**

အချိန်ဆိုသည်မှာ "နေ့၊ လ စသည့်သတ်မှတ်ထားသောကာလ"ဟု မြန်မာအဘိဓာန်ကဆို၏။ ဆရာကြီးဦးအောင်သင်းကမူ "ဖြောင်းဖြောင်း" ဟု လက်ခုပ်နှစ်ချက်တီးပြီးပြကာ ဒါအချိန်ပဲဟုဆိုသည်။ လက်ခုပ်သံနှစ်ချက်ကြားက ကြာချိန်ကာလလေးအား အချိန်ဟုပြောသည်။ ထို့ကြောင့် မွေးဖွားခြင်းနှင့် သေဆုံးမှုကြားက ကြာအချိန်လေးကို ဘဝဟုဆိုသည်။ အချိန်ရှိလျှင် ဘဝရှိ၍ အချိန်မရှိလျှင် ဘဝမရှိနိုင်ပါပေ။ အချိန်ကိုတန်ဖိုးထားမှသာ ဘဝကိုလေးနက်စေပြီး အဓိပ္ပာယ်ရှိပါပေသည်။ ကျွန်တော်တို့သည် ဖြစ်ပေါ်လာသော ကာလဒေသ၊ ကာလံဒေသံကို လိုက်လျော၍ အချိန်ကိုအသုံးချကာရှင်သန်နေထိုင်ကြရသည်။ သို့မှသာ သောကတို့လျော့နည်းလျက် ဘဝသည် အဆင်ပြေချောမွေ့ပါပေမည်။

ကျွန်တော်တို့ကြားဖူးပါသော ကျီးငှက်တစ်ကောင်သည် ဘဝကိုရေစုန်မျောလျက် ဆင်သေ၏ဝမ်းဗိုက်ပေါ်၌လိုက်ပါနေရင်း သမုဒ္ဒရာအတွင်း ပြန်လမ်းမရှိပိတ်မိ၍ ဘဝဆုံးရလေသည်။ ထို့အတူ ကျွန်တော်တို့သည်လည်း ပျင်းရိခြင်းဟူသော ကျီးငှက်စိတ်ထားနှင့် ဘဝကိုသက်သောင့်သက်သာဖြတ်သန်းရေစုန်မျောပါမူ လောကဓံဝဲဂယက်အတွင်း သက်ဆင်းရပေလိမ့်မည်။ ဘဝဟူသည်တိုက်ပွဲတစ်ခုဖြစ်၍ အချိန်ကိုအသုံးချလျက်ရဲရဲရင့်ရင့် လှော်ခတ်ပန်းဝင်နိုင်ရမည်။ ဘဝကိုအရှုံးမပေးသောစိတ်ဓာတ်နှင့် မှန်ကန်သောလမ်း လျှောက်လှမ်းနိုင်ရေးကိုမူ တစ်ပါးသူတို့၏အတွေ့အကြုံများအား သင်ခန်းစာယူလျက်မိမိဘဝအလှဆုံးဖြစ်အောင်ဖန်တီးတည်ဆောက်ကြရပေမည်။ ရှင်သန်ခိုက်၌ အတွေ့အကြုံများနှင့် မှန်ကန်မှုရှိစေရန်မှာ စာအုပ်စာပေတို့အား အမြဲမပြတ်ဖတ်မှတ်ရပေမည်။ "အလိမ္မာစာမှာရှိ" ဟူသောစကားနှင့်အညီ ဘဝကိုလိမ္မာပါးနပ်စွာ ဖြတ်သန်းနိုင်ရေး စာပေနှင့်ထိန်းကျောင်းမောင်းနှင်ရပေမည်။ "လူတစ်ယောက်၏အနာဂတ်ကို သိလိုလျှင် အားလပ်ချိန်များ၌ မည်သည့်အရာလုပ်သနည်း" ဟူသောစကားနှင့်အညီ မိမိအားလပ်ချိန်များ၌ အချိန်များကိုမဖြုန်းတီးပါဘဲ ကောင်းကျိုးများဖြစ်ထွန်းရေးအတွက် တွေးတောကြံဆပြုလုပ်နေရပေမည်။ လူအများစုကဲ့သို့ လက်ဖက်ရည်ဆိုင်၊ အရက်ဆိုင်တို့၌ အချိန်ဖြုန်းငြင်းခုံနေသည့်အထဲ မိမိမပါဝင်ရန်လိုအပ်ပါပေသည်။ ထိုထက်မက ယခုခေတ်အနေအထားအရ မိုဘိုင်းဖုန်းများ၌ အွန်လိုင်းလောင်းကစားများ၊ ဂိမ်းများ၊ ဖျော်ဖြေရေးများနောက်လိုက်နေမိကြသည်။ မသိမသာနှင့် သတိမမူမိပါဘဲ လူအများစု အချိန်ကုန်မှန်းမသိ ကုန်သွားကြသော်လည်း မိမိသည်ထိုအဖြစ်ရှောင်ကြဉ်ရပေမည်။

"သင်တစ်ခုခုမဝယ်ခင် ပိုက်ဆံကို အချိန်လို့ပြောင်းပြီးရှုမြင်ကြည့်ပါ။ အဲဒီငွေပမာဏရဖို့ သင်အလုပ်လုပ်ခဲ့ရတဲ့အချိန် ဘယ်လောက်ကြာသလဲ။ ပြီးတော့ ဝယ်မယ့်ပစ္စည်းနဲ့ တန်သလားလို့ စဉ်းစားကြည့်ပါ"ဟု စိတ်ပညာရှင်ချားလ်စ်စပန်ဆာနိုကဆိုတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဂျပန်လူမျိုးတို့သည်ပင် ကား၊ ဘတ်(စ်)ကား၊ ရထားပေါ်တို့၌ပင် အချိန်ကိုအသုံးချ စာဖတ်ကြသကဲ့သို့ ကျွန်တော်တို့အတုယူကြရပေမည်။ အချိန်တို့အားအသုံးချလျက် မိမိသွားလိုသောပန်းတိုင်၊ ရောက်လိုသောအနေအထားသို့ ရည်ရွယ်ချက်ကြီးမားလျက်သွားပါမှ တော်ကာကျလိမ့်မည်။ အချိန်သည်အလွန်အရေးကြီးပေ၏ သူ့အရွယ်နှင့်သူ ပထမ၊ ဒုတိယ၊ တတိယအရွယ်တို့၌ ဘဝကိုလှပရေး ဟန်ချက်ညီညီရှင်သန်နေထိုင်ရပေမည်။ ဆရာကန်မြဲအေးကျော်ကမူ အချိန်ကာလ၏အရေးကြီးပုံအားသတိပြုမိရန် "ပန်းရည်ဘဏ်တိုက်သီချင်း"နှင့် အလင်းပြခဲ့ပေသည်။ တစ်ပုဒ်လုံးကောင်းသော်လည်း ထိုအထဲမှအနည်းငယ် ထုတ်ပြရပါလျှင် "မိုးလေသာခိုက် သယ်ယူလိုက်ပ့ါ ပန်းရည်ဘဏ်တိုက်ဆောက်ကြပါလေကုန်"ဟု စပ်ဆိုမီးမောင်းထိုးပြခဲ့လေ၏။ အချိန်ရှိခိုက်၌ လိမ္မာပါးနပ်စွာ အချိန်ကို ပညာ၊ လူမှုစီးပွားရေး အဘက်ဘက်မှ သုံးသပ်လျက် ယူဆောင်လိုက်နာသင့်ပါပေ၏။

"ပစ်ပြီးသော လေး၊ ပြောပြီးသော စကား၊ ဆုံးသွားသော မိဘနှင့် ကုန်ဆုံးသွားသော အချိန်တို့သည် ပြန်လည်ပြုပြင်ပြောင်းလဲ၍မရတော့"ဟု အဆိုရှိပါ၍ အချိန်ကိုဖြုန်းတီးမှုသည် ဘဝကိုဖြုန်းတီးမှုဟု အသိတရားဝင်ကြရပေမည်။ ရှင်တော်ဗုဒ္ဓဆုံးမတော်မူသော "အပ္ပမာဒေန သမ္ပာဒေထ" ကိုလည်း သိရှိသတိမူကြရပေမည်။ ဆရာကြီးပီမိုးနင်းကမူ "အချိန်သည် အဖိုးတန်ဆုံးသော အရင်းနှီး"ဟု သုံးနှုန်းခဲ့ပေသည်။ မိမိဦးနှောက်နှင့် အသိဉာဏ်ဖွံ့ဖြိုးမှုကို ရှေးရှုလုပ်ဆောင်လျက် တစ်ရက်ကြီး တစ်နည်းသာသောလူဖြစ်ရန်ကြိုးစားရပေမည်။ မိမိဘဝနိမ့်ကျနေပါမူ အချိန်ကိုအကျိုးရှိရှိအသုံးပြု၍ ကြီးမြင့်သောအဆင့်သို့ တက်လှမ်းကြရပေမည်။

လူအများစုသည် မိမိဘဝ၏ပန်းတိုင်ဟူသော ရည်ရွယ်ချက်ပျောက်လျက် ဘဝကိုရေစုန်မျောနေကြပေ၏။ ထိုသူများအထဲ မိမိတို့မပါသင့်ပေ။ ငယ်စဉ်အခါက ပုံပြင်ထဲ၌ ပုရွက်ဆိတ်နှင့်နံကောင်တို့ ဥပမာထားကာ နံကောင်သို့မပြုကျင့်ပါဘဲ ပုရွက်ဆိတ်ပမာ အချိန်ရှိခိုက်လုံ့လစိုက်၍ ဘဝအတွက် ရှာဖွေစုဆောင်းကြရပေမည်။ အခက်အခဲ အကျပ်အတည်းတို့အား ကျော်လွှားကာ လုံ့လဝီရိယသတ္တိစစ်သူကြီးနှင့် ပညာဉာဏ်ဓားကိုကိုင်ဆွဲလျက် လောကဓံဝဲဂယက်တိုက်ပွဲအား ပိုင်းဖြတ်အနိုင်ယူကြရပေမည်။ သို့မှသာ နေပျော်သောဘဝ ပြုံးပျော်သောအနှစ်သာရနှင့် တန်ဖိုးအနဂ္ဃဖြစ်ပေလိမ့်မည်။ လူတိုင်းအတွက် နှစ်ဆယ့်လေးနာရီ အတူညီမျှရရှိပေသည်။ ထို့ကြောင့် အားငယ်စရာမလိုပါဘဲ အချိန်ရှိခိုက်လုံ့လစိုက် ဟူသောစကားနှင့်အညီ မိမိမတတ်မြောက်သေးသောအရာများအား သင်ယူလျက် ဘဝ၏ပန်းတိုင်သို့ ရောက်ရန် ကြိုးကုတ်ကြရပေမည်။

အချိန်ဆိုသည်မှာ ကိုယ်စောင့်နေချိန်တွင် အချိန်ကနှေးကွေးလွန်းလှဟု အတွေးဝင်မိ၏။ ကိုယ်က နောက်ကျနေချိန်တွင် အချိန်ကမြန်မြန်သွားနေသည်ဟုထင်ရ၏။ ကိုယ်ဝမ်းနည်း၊ နာကျင်နေချိန်တွင် အချိန်သည် ကြာရှည်လွန်းလှသည်ဟု ထင်မိပြန်၏။ ကိုယ်ပျော်ရွှင်နေချိန်တွင်မူ အချိန်ကတိုတောင်းလှသည်ဟု ခံစားရပြန်ပေသည်။ တကယ်တမ်းတွင် အချိန်က သူ့ဘာသာသူသွားနေကာ သူ့အလုပ်သူလုပ်နေပါသည်။ ကျွန်တော်တို့သည် အချိန်ကို အကျိုးရှိစွာအသုံးချတတ်မှသာ ကျွန်တော်တို့ တစ်ဦးချင်းတစ်ယောက်ချင်းစီအတွက် အကျိုးဖြစ်ထွန်းလျက် လူ့အဖွဲ့အစည်း၊ တိုင်းပြည်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အပံ့ဖြစ်စေနိုင်ပေသည်။ ကြီးပွားအောင်မြင်လိုသူသည် အချိန်ကိုအကျိုးရှိရာသို့ တန်ဖိုးထားအသုံးပြုတတ်ရန် လိုအပ်ပါသည်။

ကိုယ်စွမ်းကိုယ်စဆိုသည်မှာ "မိမိ၏အရည်အချင်း အစွမ်းစ"ဟု မြန်မာအဘိဓာန်ကဆို၏။ မိမိ၏အရည်အချင်း ဖွံ့ဖြိုးတိုးတက်ရန် ပြုစုပျိုးထောင်မှသာ အသီးပွင့်တို့ဝေဆာနိုင်ပေသည်။ ထက်သောဓားပင်ဖြစ်လင့်ကစား မသွေးဘဲထားပါမူ တုံးနိုင်ပါပေ၏။ ထို့ကြောင့် မိမိ၏ကိုယ်စွမ်းကိုယ်စရှိရေးအထူးဂရုပြုရပေမည်။ အစဉ်တစိုက် ကိုယ်စွမ်းကိုယ်စကြီးထွားရန် နှလုံးသွင်းရပေသည်။

မိမိ၏ကိုယ်စွမ်းကိုယ်စနှင့် ဝင်ငွေလမ်းကြောင်းရရှိနိုင်ရေးအတွက် အလုပ်တစ်ခုကိုလုပ်နိုင်ရန် မျက်စိကိုဖွင့် နားကိုစွင့်လျက် ကြိုးစားအဖြေရှာကြရပါမည်။ ခေတ်စနစ်မူးမြစ်အချိန်တို့သည် သူ့အလုပ်သူလုပ်နေကြပါပေသည်။ မိမိတို့ရှင်သန်ခိုက်အချိန်လေး၌ အစွမ်းအစမဲ့သူ၊ အကြံတုံး၊ ဉာဏ်တုံးသူမဖြစ်ရေးအတွက် လမ်းကြောင်းရှာဖွေကြရပါပေမည်။ အကြံတုံး၊ ဉာဏ်တုံးပါမူ ဝင်ငွေလမ်းကြောင်းမရှိပါ၍ အခက်အခဲဒုက္ခအပြင် မိတ်ဆွေတို့အား မပေးနိုင်မကမ်းနိုင်၍ လာဘ်မရှိမျက်နှာမပွင့်နိုင်ပေ။ ငွေမရှိ၍ မိတ်ဆွေနည်းပါးကာ လူနေမှုအဆင့်အတန်းလည်း မမြင့်နိုင်ပါပေ။ ထို့ကြောင့် လူဖြစ်ကျိုးမနပ်ဟု ကိုယ့်ကိုယ်ကိုယ်အားမရလျက် စိတ်ဓာတ်ကျ အားငယ်ရသူဖြစ်တတ်ပါပေသည်။

မိမိတို့၌ ဝင်ငွေရှိပါလျှင် ဝင်ငွေမရှိသူနှင့် ပြောင်းပြန်ဖြစ်၍ ကလျာဏမိတ္တတို့အား လှူတမ်းပေးကမ်းနိုင်ပါသည်။ ပေးကမ်းမှုသည် လာဘ်တစ်ပါးဖြစ်၍ ပတ်ဝန်းကျင်၌ နေပျော်စရာဖြစ်ကာ လူရာဝင်ပါသည်။ ထို့အတူ လူနေမှုအဆင့်အတန်းမြင့်၍ လူဖြစ်ရကျိုးနပ်ပါပေသည်။ ဂုဏ်အဆင့်အတန်း မြင့်မားမော်ကြွားနိုင်ပါ၏။ ထို့ကြောင့် တစ်ပါးသူအပေါ် မမှီခိုဘဲ မိမိ၏ကာယ၊ ဉာဏနှင့် လောကဓံအားရင်ဆိုင်အန်တုနိုင်ရေး ကိုယ်စွမ်းကိုယ်စ အထူးလိုအပ်ပါပေ၏။

ကိုယ်စွမ်းကိုယ်စရှိရန် အချိန်လိုအပ်ပေသည်။ အချိန်၏သဘောကိုသိ၍ အချိန်ကို စိန်သို့ရွှေသို့သဘောထားကြရန် လိုအပ်ပါသည်။ တကယ်တမ်းတွင် အချိန်သည် ထို့ထက်တန်ဖိုးကြီးပါ၏။ ငွေကိုအချိန်ဖြင့် ရှာနိုင်သော်လည်း အချိန်ကို ငွေနှင့်ဝယ်၍မရပါပေ။ ကျွန်တော်တို့ အလိုတူသည်ဖြစ်စေ၊ ကျွန်တော်တို့ အလိုမတူသည်ဖြစ်စေ အချိန်တို့သည် စက္ကန့်မှမိနစ် မိနစ်မှနာရီ ကုန်ဆုံးနေကြပါသည်။ ထို့ကြောင့်ကျွန်တော်တို့ အသက်များသည်လည်း တစ်ရက်ထက်တစ်ရက်၊ တစ်လထက်တစ်လ၊ တစ်နှစ်ထက်တစ်နှစ် ကြီးရင့်လာကြမည်သာဖြစ်သည်။ ထိုကြီးရင့်မှုနှင့်အတူ အစွမ်းအစမဲ့သူမဖြစ်ရန် လိုပါသည်။ အထူးသဖြင့် အချိန်၏တိုက်စားခံရမှုဖြင့် မျောပါသွားသည့်အထဲတွင် ကျွန်တော်တို့၏အသက်အရွယ်များဖြင့် ရောနှောပါဝင်သွားပေ၏။ ထို့ထက်မက ကျွန်တော်တို့၏ခွန်အားများ၊ ငယ်ရွယ်နုပျိုမှုများ၊ ကျွန်တော်တို့၏ တီထွင်ဖန်တီးနိုင်မှုများ၊ လုပ်နိုင်စွမ်းအားများလည်း ဆုံးရှုံးကြရသည်။ မည်သည့်နည်းနှင့်မျှ ပြန်လည်မရနိုင်ပါ၍ ကျွန်တော်တို့ အချိန်ကို သတိထားကြရသည်။

ပျင်းရိခြင်းခြောက်ပါးနှင့်အတူ ကျွန်တော်တို့သည် စောသေးသည်၊ အချိန်လိုသေးသည်၊ အချိန်ပိုနေသည် အစရှိသည့်ဆင်ခြေများဖြင့် အချိန်များကို စောင့်ခဲ့ဖူးကြသော်လည်း အချိန်တို့သည်ကျွန်တော်တို့ကို ဘယ်သောအခါကမှ စောင့်ဆိုင်းခဲ့ခြင်းမရှိပါပေ။ တရွေ့ရွေ့ဖြင့်ရွေ့လျားသွားနေခဲ့သည်သာ ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ အချိန်ရှိခိုက်လုံ့လစိုက်ဆိုသည့် စကားကဲ့သို့ အချိန်ကို အကျိုးရှိစွာအသုံးချနိုင်ခြင်းဖြင့် မိမိကိုယ်တိုင်အတွက်သာမက မိမိတို့၏ ပတ်ဝန်းကျင်၊ မိမိတို့၏မိသားစု၊ မိမိတို့၏နိုင်ငံအတွက်ပါ အကျိုးရှိနိုင်မည်ဆိုသည်မှာ အသေအချာပင်ဖြစ်ပါသည်။

အချုပ်ဆိုရပါသော် "အချိန်နှစ်နာရီလောက်ငါ့ကိုပေးရင် ကမ္ဘာကြီးမှာ သင်လိုတာမှန်သမျှငါပေးနိုင်ပါတယ်"ဟု ပြင်သစ်စစ်ဘုရင် နပိုလီယံကဝါတာလူးတိုက်ပွဲမှာ ပြောခဲ့ပါသည်။ အချိန်၏အရေးပါမှုသည် အတိုင်းဆမရှိကြီးမားလှပါ၏။ ထိုအချိန်နာရီပမာဏတစ်ခုကြောင့် နပိုလီယံသည် ခါးသီးသောအရှုံးကိုရင်ဆိုင်ခဲ့ရပြီး အကျဉ်းစံတစ်ဦးဘဝရောက်သည်အထိ အဆုံးအဖြတ်ဖြစ်ခဲ့ပါသည်။ ထို့ကြောင့်အချိန်ကို စီမံခန့်ခွဲရေးဘဝကို စီမံခန့်ခွဲရေး လိုအပ်လှပါပေ၏။ ကျွန်တော်တို့၏ဘဝများအား အချိန်ကို အသုံးချတတ်လျက် ကိုယ်စွမ်းကိုယ်စတို့ ဖော်ထုတ်ဆောင်ရွက်မှသာ ချမ်းသာသုခကို ဖမ်းဆုပ်နိုင်ပါမည်။ အချိန်များကို ဖြုန်းတီးမှုမပြုပါဘဲ အချိန်ရှိခိုက်လုံ့လစိုက်၍ ဘဝကိုအကောင်းဘက်သို့ ပြောင်းလဲယူကြရပေမည်။ မိမိကိုယ်တိုင်မှအစထား၍ အချိန်နှင့် ကိုယ်စွမ်းကိုယ်စ ဟန်ချက်ညီကာ သာယာသောလူ့အသိုင်းအဝိုင်း ဖန်တီးနိုင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ပါသည်။ ။

**ကိုးကား**

- ဟောပြောပွဲများ(ဆရာအောင်သင်း)
- ပန်းရည်ဘဏ်တိုက်(ကန်မြဲအေးကျော်)
- အဖိုးတန်ဆုံးသောအရင်းနှီး(ပီမိုးနင်း)
- ဓမ္မပဒ ၊ မြန်မာအဘိဓာန်
- အခြေခံပညာရေးပါပုံပြင်များ

## ပညာသင်ခါ ကြိုးစားပါ

❖ မောင်မယ်တွေ ပညာရေး
ကြိုးစားမနေး သင်ယူပါ။
ပညာသည် ရတနာစစ်မို့
တိုးချစ်ရင်မှာ။
ခေါင်းဆောင်ကောင်း ဖြစ်ဖို့ရာ
မြတ်ပညာ အလင်းပြ။
လမ်းမှန်ကို တည့်မတ်ပေးလို့
ကူညီဖေးမ။

❖ နောင်တစ်ချိန် သမိုင်းလှ
စာရိတ္တ ကောင်းမွန်အောင်။
ပညာဟူသည် မြတ်ရွှေအိုးကွဲ့
သယ်ပိုးခုနောင်။
လူတို့အတွက် မီးရှူးတန်ဆောင်
အလင်းရောင် ပေးစွမ်းထား။
ဘဝပန်းတိုင် ခရီးလမ်းတွေကို
ဖြောင့်တန်းစေသား။

❖ ပညာရှာ သူဖုန်းစား
ဆိုရိုးစကား ရှိခဲ့ပေ။
အချိန်ကို အသုံးချလို့
လုံ့လစိုက်လေ။
အောင်မြင်မှု ရလဒ်တွေ
မလွဲမသွေ တွေ့မှာပဲ။
ပညာကို တန်ဖိုးထားလို့
ကြိုးစားအမြဲ။

မင်းဝေအောင်(ရဲကျွန်း)

# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကိုစာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## သစ္စာနှင့်မေတ္တာ ဝတ္ထုတိုများ




စာရေးသူ ရွှေကျွန်းတင်ဏီသိဏ်း ရေးသားသည့် သစ္စာနှင့်မေတ္တာ ဝတ္ထုတိုများစာအုပ် ထွက်ရှိလာသည်။

မောင်တင်သိန်းတွင် အလွန်ရင်းနှီးသော သူငယ်ချင်းနှစ်ဦးရှိခဲ့သည်။ မောင်ကြီးမြင့်သည် သူ့အား ဆုံးမဩဝါဒပေးနိုင်သော အစ်ကိုကြီးအရွယ်၊ တစ်ဦးမှာ သက်တူရွယ်တူ မောင်ကျော်မင်းတို့ ဖြစ်လေသည်။

မောင်ကြီးမြင့်သည် မောင်တင်သိန်းတို့အိမ်ကို အိမ်ဦးနှင့်ကြမ်းပြင် ဝင်ထွက်သွားလာနိုင်သည့်ပြင် အဘိုးဦးညီပု၏ဩဝါဒများကို လိုက်နာနိုင်သော လူငယ်တစ်ဦး ဖြစ်လေသည်။

မောင်ကျော်မင်း၏ဖခင်သည် အစိုးရရုံးတစ်ရုံးမှ အမှုထမ်းတစ်ဦးဖြစ်ပြီး နေ့စဉ် ညနေ အိမ်ပြန်လာလျှင် အရက်မူး၍သာ ပြန်လာမြဲဖြစ်သည်။ ဖခင်အရက်သောက်တတ်ဘိသကဲ့သို့ သားဖြစ်သူလည်း တစ်စတစ်စ အရက်သောက်တတ်လာသည်။

ဦးညီပုသည် သူ့မြေးကလေးကို အလွန်ချစ်၊ အလွန်ယုယသဖြင့် “ရွှေသဲ”ဟု အမည်ခေါ်လေ့ရှိသည်။

ရွှေသဲ လူ့လောက ရောက်တယ်ဆိုရင်ပဲ လူ့ကျင့်ဝတ်ဖြစ်တဲ့ မင်္ဂလာတရားတော်အရ ဗုဒ္ဓရှင်တော် မြတ်ဘုရားက ဓမ္မသာကစ္ဆာမင်္ဂလာ ဖြစ်ရေးနှစ်မျိုးရှိတယ်။ တစ်မျိုးက တရားနှင့် ဆက်စပ်တဲ့ အဖိုးထိုက် အဖိုးတန်စကားများကို ပြောဆိုရမယ်။ နောက်တစ်မျိုးက အသာနှုတ်ပိတ်လျက် ဆိတ်ဆိတ်သော်လည်း နေရမယ်၊ ဒီလိုမဟုတ်ရင် တရားနှင့် ညီညွတ်တဲ့စကားမျိုးပဲ ပြောရမယ်ဟူ၍(မြတ်စွာဘုရားက ဒီလိုနေရမယ်၊ ဒီလိုဆိုရမယ်လို့) မြေးကို ပြောဆိုလေ့ကျင့်သင်ကြားပေးလေ့ရှိတတ်သည်။

စာအုပ်ကို ဦးအောင်ရွှေစံ၊ ဦးဥတ္တမစာပေ(မြဲ-၀၁၄၄၈) အမှတ်(၃၃၆)၊ (၇) လမ်း၊ ဗဟိုလမ်းမ အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၈၀၀၀ သတ်မှတ်ထားသည်။

## ကျွန်တော့်ကမ္ဘာမှာ ဘုရားပွင့်နေသည်နှင့် ခံစားမှုရသစာစုများ




ကျွန်းစဉ်မြေစောက်ရေးသားသည့် ကျွန်တော့်ကမ္ဘာမှာ ဘုရားပွင့်နေသည်နှင့် ခံစားမှုရသစာစုများစာအုပ် ထွက်ရှိလာသည်။

နွေနှောင်းရာသီ ရေရှားလာပြီဆိုလျှင် ရွာပြင်ရေကန်ကရေကို ရေခပ်ရေသယ်မှုများလာကြသည်။ လသာသည့်ညများဆိုလျှင် ညဥ့်အချိန်များတွင်ပင် ခပ်ကြသည် သယ်ကြသည်။ စာရေးသူမိခင်မှာ ညအချိန် ရေခပ်ရေသယ်ဖို့ကို မဆိုထားဘိ။ အိပ်ရာမှထဖို့ပင် အခွင့်မသာချေ။ နို့စို့အရွယ်ကိုနို့တိုက်၊ နို့ညှာကလေးငိုလျှင် တင်ပါးကလေးကိုပုတ်ပြီး သိပ်ရသလို မေတ္တာပြည့် နှလုံးသားပိုင်ရှင် မိခင် လုပ်နေရရှာတော့သည်။ ထိုအခြေအနေမျိုးတွင် မိခင်၏သားကြီး စာရေးသူသည် မိခင်၏ရေသယ်ခြင်းအလုပ်ကို ကူညီခွင့်ရခဲ့သည်။

အလျား ရှစ်လက်မ၊ အနံ ရှစ်လက်မ၊ အမြင့်တစ်ပေခန့်ရှိသော လက်ဖက်ခြောက်ထည့်သည့်သံပုံးခွံနှစ်ခုကို သစ်သားကန့်လန့်လုပ်ကာ ကြိုးကွင်းတပ်ပြီး ထမ်းပိုးလျှို၍ စာရေးသူ ရေထမ်းတော့သည်။ နံနက်ဝေလီဝေလင်း ရွာဦးကျောင်းက အုန်းမောင်းခေါက်သံကြားလျှင် ရေခပ်ထွက်ပြီ။ အိမ်နှင့် ရွာပြင်ရေကန်ကြီးမှာ ငါးဖာလုံခန့်သာဝေးသည်။ စာရေးသူသည် ရေပုံးလေးနှစ်ပုံးကို ဆိုင်းထမ်းထမ်းပြီး ရေသယ်ရသည်။ နံနက်မိုးလင်းသည့်အချိန်တွင် စဉ့်အိုးငါးလုံးတွင် ရေအပြည့်ဖြစ်နေပေပြီ။ အဝတ်လျှော်၊ အနီးလျှော်၊ ရေချိုး၊ ထမင်းချက်၊ မိသားစုတစ်စုလုံး တစ်နေကုန်သုံးရသည်။

“သား ပင်ပန်းလိုက်တာ အဲလောက်ကြီးမလုပ်ပါနဲ့သားရယ်၊ မနက်လင်းတော့ အမေသယ်ရင်လည်း ရတဲ့ဟာကို”

“အမေ့မှာ ညီလေး၊ ညီမလေးတွေကိစ္စ၊ ချက်ရေးပြုတ်ရေးအလုပ်တွေနဲ့ ရှုပ်နေတာလေ၊ ဘယ်အချိန်ရေသယ်မှာလဲ အမေရယ်။ သား ခုလို အမေ့ကိုကူပြီးလုပ်ပေးရတာ အလွန်ကျေနပ်ပါတယ်အမေ” “သြော် သားရယ်”

စာအုပ်ကို ဘဝပင်လယ်စာပေ၊ အမှတ် (၄၃၉/က)၊ တကောင်းလမ်း၊ (၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၆၉၁၁၂၂၀၈၇ နှင့် ၀၉ ၇၉၉၅၉၇၉၉၄တို့မှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၆၅၀၀ သတ်မှတ်ထားသည်။

## ဆီထွက်သီးနှံနှင့် အသားကဏ္ဍအပါအဝင် တိုင်းဒေသကြီးအတွင်း စားနပ်ရိက္ခာပိုလျှံရေး တွေ့ဆုံဆွေးနွေး



နေပြည်တော် ဩဂုတ် ၂၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဧည့်ရိပ်သာ၌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများနှင့် တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နွေစပါး၊ မိုးစပါးစီမံကိန်းနှင့် ဆီထွက်သီးနှံ စီမံကိန်းလုပ်ငန်းများ၊ ဆီထွက်သီးနှံနှင့် ဝါသီးနှံ တိုးချဲ့စိုက်ပျိုးရေး၊ တစ်ဧကချင်း၏ သီးနှံအထွက်နှုန်းတိုးတက်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မေထုန်မဲ့ သားစပ်လုပ်ငန်းများဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေး ဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် ပုသိမ်ကြီးမြို့နယ် ကုလားမတောင်ကျေးရွာရှိ ရွှေအိုး နို့စားနွားမွေးမြူရေးခြံတွင် ဖရီရှန်၊ ဂျာစီ၊ ကီဝီ နွားကောင်ရေ ၂၀၀ မွေးမြူထားရှိမှုနှင့် နွားနို့၊ နို့သာကူ၊ ဒိန်ချဉ်၊ နို့ခဲ၊ ထောပတ်၊ နို့ပူတင်း၊ ချိစ်အမျိုးမျိုးနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်ဆောင်ရွက်သူများ ကူးစက်ရောဂါကင်းစင်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ မွေးမြူရေးထွက်ကုန်များ ပြည်တွင်းစားသုံးမှု ဖူလုံမှု ရှိစေရန်နှင့် ပြည်ပတင်ပို့မှု တိုးမြှင့်နိုင်ရေး ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပုသိမ်ကြီးမြို့နယ်ရှိ စိုက်ပျိုးရေး သိပ္ပံကျောင်းသို့ရောက်ရှိပြီး ပုသိမ်ကြီး၊ ရွှေဘို၊ လုံပိကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ လယ်ယာကဏ္ဍအတွက် အရေးပါသည့် ကျွမ်းကျင်သော လူသားအရင်းအမြစ်များအဖြစ် ကြိုးပမ်းအားထုတ်ကြရန်နှင့် နည်းပညာအတတ်ပညာများသာမက အသိပညာနှင့် တွေးခေါ်မြော်မြင်နိုင်စွမ်းမြင့်မားရေးကိုပါ လေ့လာသင်ယူကြရန် အားပေးပြောကြားပြီး ကျောင်းသား ကျောင်းသူများကို အာဟာရဖြည့်စွက်စာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကာ ဝက်၊ ဆိတ်နှင့် ဥစားကြက် သရုပ်ပြမွေးမြူရေး ဆောင်ရွက်ထားရှိမှု၊ ကျောင်းသားအိပ်ဆောင်များ၊ ထမင်းစားဆောင်၊ စားဖိုဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန သရက်ကုန်းငါးစခန်းနှင့် မွေးမြူရေး သုတေသနဦးစီးဌာန မွေးမြူရေးသုတေသနစခန်း (မန္တလေး) သို့ ရောက်ရှိရာ သရက်ကုန်းငါးစခန်းတာဝန်ခံက ငါးမျိုးသားဖောက်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ဆေးထိုးသားဖောက်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ မွေးမြူရေး သုတေသနစခန်း(မန္တလေး) တာဝန်ခံက မွေးမြူရေး သုတေသနဦးစီးဌာနတွင် ရေနေသတ္တဝါဆိုင်ရာ ရေငန်ငါး /ပုစွန်မျိုးရိုးဗီဇနှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများ၊ မျိုးမွေးမြူထိန်းသိမ်းခြင်း၊ မျိုးကောင်းမျိုးသန့်ပွားများ ထုတ်လုပ်ခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သည့် သုတေသနလုပ်ငန်းများနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မွေးမြူရေး ရေလုပ်ငန်းသုတေသနဆိုင်ရာမူဝါဒများ အကောင်အထည်ဖော်နိုင်ရေး၊ မွေးမြူရေးသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားပြီး သုတေသနလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၂၄

သစ်တောသယံဇာတပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း၏ (၁၆) ကြိမ်မြောက်နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဩဂုတ် ၂၃ ရက်က ဗဟန်းမြို့နယ်ရှိ Royal Garden Restaurant ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးစန်းလွင်ကအမှာစကားပြောကြားပြီး အသင်းအတွင်းရေးမှူး ဦးစွန်ထွေးက ၂၀၁၈ - ၂၀၁၉ မှ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် ခြောက်နှစ်တာကာလအတွင်း အသင်း၏လုပ်ငန်းဆောင်ရွက်ချက်များကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အသင်းသားများ၏ မေးမြန်းချက်များကို ဒုတိယဥက္ကဋ္ဌ ဦးမြဝင်းက ရှင်းလင်းဖြေကြားပြီး အသင်းနာယက ဦးတင်လတ်က ၂၀၂၄ ခုနှစ် ဩဂုတ်လမှ ၂၀၂၇ ခုနှစ် ဇူလိုင်လအထိ သုံးနှစ်တာကာလတာဝန်ထမ်းဆောင်ကြမည့် ဗဟိုကော်မတီဝင် ၁၇ ဦးတို့၏အမည်စာရင်းကို ဖတ်ကြားသည်။

ယင်းနောက် အသင်းအတွက်အလှူငွေများလှူဒါန်းကြသည့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများအား အတွင်းရေးမှူး ဦးစွန်ထွေးက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်းသိရသည်။



**မျိုးမင်းသူရ**

# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း ဒက္ခိဏသီရိမြို့နယ် အသေးစားနှင့် အလတ်စားစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ကြည့်ရှုစစ်ဆေး




နေပြည်တော် ဩဂုတ် ၂၄

နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် အသေးစားနှင့် အလတ်စားစက်မှုဇုန်၌ စီမံခန့်ခွဲမှုရုံး အဆောက်အအုံ တည်ဆောက်နေမှု၊ စက်မှုဇုန်အတွင်းရှိရေမြောင်းတည်ဆောက်မှု၊ Dakhina Meat အသားခြောက်ထုတ်လုပ်မှုနှင့် အသားအအေးခဲ လုပ်ငန်းစက်ရုံ လုပ်ငန်းလည်ပတ်နေမှု၊ Naraindara သီးနှံခြောက်စက်ရုံ လုပ်ငန်းလည်ပတ်မှု၊ လင်းစိန် ဆီစက်နှင့် ဆီထုပ်ပိုးမှုလုပ်ငန်း လည်ပတ်မှု၊ ဒက္ခိဏသီရိဈေးတိုက်တန်း အတွင်းရှိ နေပြည်တော် ဒေသထုတ်ကုန်နှင့် လက်ဆောင်ပစ္စည်းအရောင်းဆိုင် ပြန်လည်ပြင်ဆင်မှုတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် ဥတ္တရသီရိမြို့နယ် မောင်းရမ်းကျေးရွာအုပ်စု မောင်းရမ်းကျေးရွာ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ၌ ကျင်းပသည့် ဩဂုတ် ၂၃ ရက် ညနေ ၆ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့် မောင်းရမ်းကျေးရွာအုပ်စု ဝက်စုကျေးရွာတွင် လူနေအိမ်များ၊ ရေဘေးသင့်သည့် ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြား၍ ရေဘေးသင့်ခဲ့သည့် အိမ်ထောင်စုများအား တစ်အိမ်ထောင်လျှင် အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၁၁၄၇၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးနှင့် ရေသန့်၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်ထုပ်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် အဖွဲ့သည် မောင်းရမ်းကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ ရွာလယ်ချောင်းကူးတံတား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြား၍ တံတား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေသူများအား အလှူငွေများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများသည် ဇလောင်းကျေးရွာအနီး ပျဉ်းမနား-တောင်ညိုလမ်းမကြီးဘေးရှိ ကွင်းအမှတ် (၁၈၈၁)တောင်သူ ဦးထွန်းဝေ၏ မိုးစပါး စိုက်ခင်းရေကြီးနစ်မြုပ်မှု အခြေအနေ၊ ငန်းစပ်ကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျောင်းခြံစည်းရိုး အုတ်တံတိုင်း ပေ ၁၅၀ ပြိုကျပျက်စီးမှု အခြေအနေ၊ ကျေးရွာစာကြည့်တိုက် အသစ်ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ နေပြည်တော်ကောင်စီဝင်က အဆောက်အအုံဆောက်လုပ်ရာတွင် သတ်မှတ်အရည်အသွေးပြည့်မီစေရေး၊ ရေရှည်ခိုင်ခံ့စေရေး၊ စံချိန်စံညွှန်းပြည့်မီစေရေး ရေရှည်စီမံချက်များချမှတ်ပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဟင်္သာတမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ အသုံးပြုနည်း၊ ပြုပြင်နည်း သင်တန်းဆင်းပွဲကျင်းပ




ဟင်္သာတ ဩဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာန(ဟင်္သာတ)တို့ ပူးပေါင်းဖွင့်လှစ်သည့် လယ်ယာသုံး စက်ကိရိယာပစ္စည်းများ အသုံးပြုနည်း၊ ပြုပြင်နည်း သင်တန်းဆင်းပွဲကို ယမန်နေ့ညနေပိုင်းက ဟင်္သာတမြို့နယ် အမှတ်(၂) အလတ်စား စက်ပြင်အလုပ်ရုံ သင်တန်းခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် ဟင်္သာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက သင်တန်းဆင်း အမှာစကား ပြောကြားခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးနိုင်က သင်တန်းဖွင့်လှစ်ပေးခဲ့မှု အခြေအနေများ၊ သင်တန်းသားများ၏ သင်ကြားသင်ယူမှုအခြေအနေများကို ရှင်းလင်းပြောကြားကာ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြသည်။

အဆိုပါသင်တန်းကို သင်တန်းသား ၂၀ ဖြင့် သင်တန်းကာလ ၁၂ ရက်ကြာ စာတွေ့၊ လက်တွေ့ ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❖

# ကော့သောင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား မိုးရာသီအမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲဖွင့်လှစ်

ကော့သောင်း ဩဂုတ် ၂၄

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ကော့သောင်းခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ မိုးရာသီအမျိုးသားအလွတ်တန်းဘောလုံး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီက ရန်ကြီးအောင်မြို့မအားကစားကွင်း၌ ပြုလုပ်ခဲ့ရာ အဆိုပါ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ စစ်ဗျူဟာမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အားကစားအသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

**ပြိုင်ပွဲအားဖွင့်လှစ်**

အခမ်းအနားတွင် ကော့သောင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က အဖွင့်အမှာစကားပြောကြား၍ ပြိုင်ပွဲအား ဖွင့်လှစ်ခဲ့သည်။ ယင်းနောက် ပြိုင်ပွဲဝင် ဘောလုံးအသင်းများအား စစ်ဗျူဟာမှူး၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက လိုက်လံနှုတ်ဆက်ကြသည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဌာနပေါင်းစုံအသင်းနှင့် ပုလုံးတုံတုံးအသင်းတို့မှ ပထမပွဲစဉ် အဖြစ် ကွင်းဖွင့်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါ ရပ်ကွက်/ကျေးရွာပေါင်းစုံ မိုးရာသီ အလွတ်တန်းဘောလုံးအားကစားပြိုင်ပွဲ၌ အုပ်စု(က)တွင် ဌာနပေါင်းစုံ၊ အောင်သုခ၊ ဘုရင့်နောင်၊ ပုလုံးတုံတုံး၊ အုပ်စု(ခ)တွင် သီရိမြိုင်၊ ရွှေဇင်ယော်၊ အေးရိပ်ငြိမ်၊ မလိဝမ်း၊ အုပ်စု(ဂ)တွင် ရွှေပြည်သာ၊ ပိတောက်ရွှေဝါ၊ အေးမြကန်သာ၊ ချမ်းဖန်း၊ ရွှေဟင်္သာ၊ အုပ်စု(ဃ)တွင် ရွှေပြည်စိုး၊ အဏ္ဏဝါ၊ ဘန်းကချွန်၊ ဆယ်မိုင်၊ တပ်နယ် စုစုပေါင်း ပြိုင်ပွဲဝင်ဘောလုံးအသင်း ၁၈ သင်းတို့က ပွဲစဉ်များအလိုက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မှော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် ဩဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာအုပ်စု ရိုးဝကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးခန်းမ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသားပြည်သူ ၂၀၇ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ သွေးတိုးရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် မုန့်ကင်းပဗ္ဗောတာရုံကျောင်းတိုက်ရှိ သံဃာတော်အပါး ၁၂၀ တို့ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**ဖခင်အမည်မှန်**

ဒလမြို့၊ အမှတ်(၁၂၄၀)၊ မင်းရဲကျော်စွာလမ်းမကြီး၊ ဗိုလ်ရန်ပြေလမ်း၊ မေယုမြင့်မိုရ် ကိုယ်ပိုင်အထက်တန်းကျောင်းနေ မောင်မြင့်မြတ်အောင်၏ ဖခင်အမည်မှန်မှာ ဦးငြိမ်းချမ်းအောင်[၁၂/ကမန(နိုင်)၀၇၄၉၉၃]ဖြစ်ပါသည်။

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀-ဗီ)၊ မြေကွက်အမှတ် -၅၇ ဟုခေါ်တွင်သော အမှတ်(၉)၊ ၁၂၅-လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဧရိယာ(၃၀' x ၄၀') ရှိ ဒေါ်ခါတီဆာဘီဘီ အမည်ပေါက် နှစ်(၉၀)ဂရန်မြေဖြစ်ပါသည်။ ဦးဘဟန်နှင့် ဒေါ်သန်းစိန်တို့ထံမှ ဒေါ်တင်တင်လှက ဝယ်ယူပိုင်ဆိုင်ခဲ့သော မြေကွက်ဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်အား ဒေါ်တင်တင်လှ၏ သားသမီးများဖြစ်ကြသော ဦးတင်မောင်ညွန့် [၉/မခန(နိုင်)၁၅၆၈၄၂] ပါ(၁၁)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းသန်း[၁၂/တမန(နိုင်)၀၈၆၈၀၆]က တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းသန်းနှင့် ရောင်းချသူများဖြစ်ကြသော ဦးတင်မောင်ညွန့်ပါ(၁၁)ဦးတို့ ငွေရေးကြေးရေးကိစ္စများ ရှင်းလင်းခြင်း မပြုလုပ်ရသေးသဖြင့် အထက်ဖော်ပြပါမြေကွက်အား အခြားသူတစ်ဦးတစ်ယောက်ထံ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ မေတ္တာဖြင့်ပေးကမ်းခြင်း၊ အာမခံတင်သွင်းခြင်း၊ ကန့်ထရိုက်တိုက်သစ်ဆောက်လုပ်ရန် အပ်နှံခြင်းတို့ မပြုလုပ်ရန် အသိပေးကြေညာလိုက်သည်။ အကယ်၍ အသိပေးကြေညာချက်အား လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းသန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးလဲ့လဲ့ခိုင် (LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၉၇၈)**
**ဖုန်း-၀၉-၄၄၈၀၄၆၂၀၄၊ ၀၉-၆၉၅၉၈၈၈၈၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၂)၊ မြေကွက်အမှတ်(၃၀၄/ခ)၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ **ဒေါ်အေးအေး(TGKN-၀၁၈၆၁၇)**အမည်ပေါက် မြေချပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရေစကြိုလမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ အမှတ်(၃၀၄/ခ)ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူမှ ရောင်းချခဲ့ပြီး ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူ ပိုင်ဆိုင်ထားသည်ဟုဆိုလာသူ **ဦးဇော်ဇော်အောင် [၁၄/ဇလန(နိုင်)၀၉၇၇၂၉]**မှ ၎င်းလက်ဝယ်ရှိ တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်ဖြူသဲမောင် [၅/ခဥန(နိုင်)၀၆၉၀၄၇]**က ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆိုပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မင်းသူ့နှီဖြိုး(စဉ်-၁၂၈၄၆)**
**[တရားလွှတ်တော်ရှေ့နေ]**
**[LL.B,D.I.P.L,DL-101**
**WIPO(Switzerland)]**

**ဒေါ်စုစုမွန်(စဉ်-၁၃၄၉၆)**
**[တရားလွှတ်တော်ရှေ့နေ]**
**[LL.B,D.B.L,D.I.L,D.I.P.L,DL-101**
**WIPO(Switzerland)]**

**အမှတ်-၃၀၂(၁၂+၁)၊ Parami Condominlum ဦးသင်းဖေလမ်း၊**
**(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၉၆၆၄၅၅၇၊ ၀၉-၇၈၁၅၃၅၈၂၄၊ ၀၉-၅၀၄၉၁၇၄**

## "ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ မာလာလမ်း၊ အမှတ်(၁၇)၊ (၂၀ ပေ x ၅၀ ပေ) အကျယ်အဝန်းရှိ ၄၃ ထပ်တိုက်၏ ပထမထပ်/မှန်ခန်း (ခေါင်းရင်းခန်း)ဟုခေါ်တွင်သော တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာ"

အထက်ဖော်ပြပါ လိပ်စာရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် တရားဝင်ပိုင်ဆိုင် အကျိုးခံစား၊ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သာနှင်းအေး [၁၁/စတန(နိုင်)၀၉၅၁၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအိုက်ညွှန့် [၁၃/လရန(နိုင်)၀၈၆၇၇၈] မှ (၁၈-၈-၂၀၂၄) ရက်စွဲဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း (မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအိုက်ညွှန့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၂၄၂၄၈၂၂**

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ နိဗ္ဗာန် (၈) လမ်း၊ အမှတ် (၈၅/ခ) အခန်းအမှတ် D/509 Tower D Royal Thiri Condominium ရေ၊ မီး အစုံပါ တိုက်ခန်း အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးပြည့်ဟန်စိုး [၁၂/အစန(နိုင်)၁၉၃၂၈၉]**က တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါကွန်ဒိုတိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်ပြည့်ပြည့်ဝင်း[၁၂/ဗဟန(နိုင်)၀၉၆၇၂၁]**က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို **၁၄-၈-၂၀၂၄** ရက်နေ့တွင် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ **(၇)ရက်**အတွင်း ကျွန်ုပ်တို့နှင့် ကွန်ဒိုတိုက်ခန်း ပိုင်ရှင်ထံသို့ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများကို ကိုင်ဆောင်၍လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်သည့် ကွန်ဒိုတိုက်ခန်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် LL.B, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၇၄)**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁)၊လူနေရပ်ကွက်အမှတ်-ရွှေပေါက်ကံ၊မြေကွက်အမှတ်-၂၇၊မြေအမျိုးအစားနှစ်(၆၀) ဂရန်မြေ၊အကျယ်အဝန်း (၄၀ပေx၆၀ပေ) ရှိ ခြံမြေကွက်အပါအဝင် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောအဆောက်အဦးနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိကိုယ်တိုင်ပိုင်ဆိုင်ပြီးစီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟုဝန်ခံကတိပြုသူဒေါ်သန်းသန်းဌေး [၁၂/ဗဟန(နိုင်)၀၂၀၁၀၅] ထံမှကျွန်ုပ်၏ မိတ်ဆွေဖြစ်သူကလွှဲပြောင်းဝယ်ယူရန် အတွက်ရောင်းဖိုးငွေ၏တစ်စိတ်တဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း၊စာချုပ်စာတမ်းအထောက်အထား (မူရင်း) များဖြင့်ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက် အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိုဥပဒေနဲ့အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဌေးဌေးဝင်း(LL.B)
အထက်တန်းရှေ့နေ (စဉ်-၅၅၂၆၀)
တိုက်အမှတ်(၀၀၂/A -၄ ) ရွှေကမ္ဘာအိမ်ရာ၊မရမ်းကုန်းမြို့နယ်
09-440017397,09-250681928




## အများသိစေရန်ကြေညာအပ်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ တံခွန်တိုင်လမ်း၊ အမှတ်(၁၁၃) (၅)လွှာ(A) တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးသန်းထိုက်ထွန်း [၁၂/ရကန(နိုင်)၀၇၆၆၀၃]မှ ဝယ်ယူပိုင်ဆိုင်ထားပြီး၊ တရားဝင် ပိုင်ဆိုင်ခွင့်ရှိသူ၊ ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ရောင်းချသူ၏ ကိုယ်စား ဒေါ်ငြိမ်းငြိမ်းဦး [၁၂/ကတတ(နိုင်)၀၀၂၃၂၀]က ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်ချို [၁၂/ကတတ(နိုင်)၀၁၈၃၃၄]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ဦးသန်းထိုက်ထွန်း၏ ကိုယ်စား ဒေါ်ငြိမ်းငြိမ်းဦး [၁၂/ကတတ(နိုင်)၀၀၂၃၂၀]ထံ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စီစီဝင်း (အထက်တန်းရှေ့နေ) (စဉ်-၂၂၇၃၆)**
**အမှတ်(၁၄၆)၊ မြေညီထပ်၊ ဘိုကလေးဈေးလမ်း (၈)ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၂၇၈၂၂၈**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ခိုင် [၁၂/အစန(နိုင်)၁၄၁၄၉၂]၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ရွှေပြည်သာမြို့နယ်၊ ၆/၁၂ ရပ်ကွက်၊ ဗထူးပန်းခြံလမ်းနေ ဒေါ်တင်တင်ခိုင် [၁၂/အစန(နိုင်)၁၄၁၄၉၂] နှင့် ဦးနေမျိုးအောင် [၁၃/တကန(နိုင်)၁၈၅၈၅၃] တို့သည် (၂၃-၈-၂၀၂၄)ရက်နေ့တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်သောကြောင့် နှစ်ဦးသဘောတူ ကွာရှင်းပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်မြတ်စိုး**
**အထက်တန်းရှေ့နေ (စဉ်-၅၄၇၀၇)**
**ဖုန်း-၀၉-၄၅၃၆၁၈၀၄၅**

## အများသိစေရန် ကြေညာခြင်း

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ မြို့ကျောင်းရွာနေ ဒေါ်စိုးမိုးဟန် (ဘ) ဦးစိုးသိန်း၏သမီး မှတ်ပုံတင်အမှတ်-၁၄/ကပန(နိုင်)၁၂၈၄၅၆ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်စိုးမိုးဟန်၏ S.M.H Online Shop အစားအသောက်လုပ်ငန်းအား ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ အိုမန်နိုင်ငံတွင် အိုမန်အစိုးရ၏ အသိမှတ်ပြုလိုင်စင်ဖြင့် ဖွင့်လှစ်ထား သော IBD infinity Business Development spc ကုမ္ပဏီ၏ Page အောက်တွင် လည်းကောင်း၊ S.M.H Online Shopping Page နှင့် Soe Moe Han Facebook Account တို့၏အောက်တွင် ကျွန်ုပ်မိတ်ဆွေ၏ မိသားစုဓာတ်ပုံများအား အသုံးပြုကာ မမှန်မကန်ရေးသားခြင်း၊ ပေးပို့ခြင်း၊ မှတ်ချက်ပေးခြင်း၊ ဖြန့်ဝေခြင်းမပြုလုပ်ကြရန် အသိပေးအပ်သည်။ ယနေ့သတင်းစာတွင် ကြေညာသည့်အချိန်မှစ၍ အဆိုပါလူမှုကွန်ရက်စာမျက်နှာပေါ်တွင် ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ နာမည်ဂုဏ်သတင်းအား ထိခိုက်ကျဆင်းစေမည့် ပြုလုပ်မှုများပြုလုပ်ပါက မည်သူကိုမဆို တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ**
**ဒေါ်စိုးမိုးဟန်**
**[၁၄/ကပန(နိုင်)**
**၁၂၈၄၅၆]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဖြိုးဝေလင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၃၀/၂၀၁၉)**
**ဒိုက်ဦးမြို့နယ်၊ ကမာဖရုံကျေးရွာ။**
**Ph:09-973161666**
**ဒေါ်အေးအေးမော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၅၁/၂၀၂၁)**
**အမှတ်(၅၃)၊ ချင်းတွင်းလမ်း၊**
**ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့။**
**Ph:09-440644018**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁)၊ လူနေ ရပ်ကွက်အမှတ်(၁၀)၊ စစ်ကိုင်းလမ်း၊ အမှတ်(၉၇/ခ) ဟုခေါ်တွင်သော (၂၀x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်တစ်ကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လူနေအိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးရဲနိုင်ထွေး [၁၂/သကတ(နိုင်)၀၂၀၃၆၄]မှ ၎င်းလက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံလျက်ရောင်းချလိုကြောင်း ကမ်းလှမ်းလာသည်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများသည် ကန့်ကွက်လိုပါက ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကြည်လွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၃၀၈၂)**
**တိုက်(၂၈)၊ အခန်း(၁၀၃)၊ ကျန်စစ်မင်းအိမ်ရာအပိုင်း(၂)၊ (၈)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၃/၁၆)၊ လူနေရပ်ကွက်အမှတ်(၁၆)၊ တောင်ငူလမ်း၊ အမှတ်(၁၂၆/က) ဟုခေါ်တွင်သော (၂၀x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်တစ်ကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော လူနေအိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ချိုချိုမြင့် [၁၂/လမန(နိုင်)၀၉၅၁၄၁] မှ ၎င်းလက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံလျက်ရောင်းချလိုကြောင်း ကမ်းလှမ်းလာသည်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေအရောင်းအဝယ် နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများသည် ကန့်ကွက်လိုပါက ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကြည်လွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၃၀၈၂)**
**တိုက်(၂၈)၊ အခန်း(၁၀၃)၊ ကျန်စစ်မင်းအိမ်ရာအပိုင်း(၂)၊ (၈)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလဘောင်ရပ်ကွက်၊ အောင်မြေသာယာလမ်း၊ အမှတ် (၁၆)ဟုခေါ်တွင်သော(၆၀x၁၈၂)ပေ အကျယ်အဝန်းရှိ မြေကွက်တစ်ကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ် ထားသော လူနေအိမ်(၁)လုံးနှင့် ဂိုဒေါင်(၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်စုစုဝင်း [၉/မနတ(နိုင်)၁၀၅၈၃၄] မှ ၎င်းလက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာသည်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများသည် ကန့်ကွက်လိုပါက ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကြည်လွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၈၂)**
**တိုက်(၂၈)၊ အခန်း(၁၀၃)၊ ကျန်စစ်မင်းအိမ်ရာအပိုင်း(၂)၊ (၈)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၁၁၈) (အရပ်အခေါ်)အမှတ်(၁၁၈)၊ ဘရဏီ(၂)လမ်း၊(၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် မြေရှင်နှင့် ကန်ထရိုက်တာ ဦးဇော်လင်းခိုင် [၁၂/တမန(ဧည့်)၀၀၀၃၃၅] (မိုးထက်ဝတီဆောက်လုပ်ရေး)တို့အကျိုးတူ အခန်းပေးအခန်းယူစနစ်ဖြင့် ဆောက်လုပ်ဆဲ(၂)ခန်းတွဲ (၆)ထပ်တိုက်၏ကန်ထရိုက်တာ ခွဲဝေရရှိသော တိုက်ခန်းများအနက်မှ ဒုတိယထပ်(၃)လွှာ၊ (ခြေရင်းခန်း)တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းကန်ထရိုက်တာမှ မိမိသာလျှင် ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံ ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးမျိုးခိုင် [၅/တဆန(နိုင်)၀၉၆၃၁၉]မှ ကြိုပွိုင့်စနစ်ဖြင့် တိုက်ခန်းအားအရစ်ကျပေးချေဝယ်ယူထားပါကြောင်းနှင့်အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပိုးအိအိစံ (LL.B)(LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၅၀)**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၁)၊ မြေကွက်အမှတ် (၆၈၉)ဟု ခေါ်တွင်သော ဦးဌေးမြင့် [၁၂/သကတ(နိုင်)၀၉၇၂၅၁]အမည်ပေါက် (အလျား ၄၀ ပေ x အနံ ၆၀ ပေ) အကျယ်အဝန်းရှိ ပါမစ်မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အဆင့်ဆင့်ဝယ်ယူခဲ့ပြီး တရားဝင်လက်ဝယ်ပိုင်ဆိုင်အကျိုးခံစားခွင့်၊ ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ **ဦးထွန်းမင်းလတ် (ခ) ဦးထွန်းကိုကိုလတ် [၈/ရနခ(နိုင်)၀၆၉၈၇၄]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ -**
**ဦးတင်ကိုလင်း**
**[၇/သကန(နိုင်)၀၈၇၉၁၈]**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ရည်မွန်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၆၁၂)**
**အမှတ်(၃၈၈)၊ ပျဉ်းမမြိုင်လမ်း၊ (က)ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၄၄၈၂၈၈၃၁၈၊ ၀၉-၉၇၉၄၇၀၄၄၈**

## ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာအုပ်စု၊ မြို့ဟောင်း(အရှေ့)ရပ်ကွက်၊ ဦးပိုင်အမှတ်(၃၇/စ၊ ၃၇/ဆ)၊ ကွင်းအမှတ် (၆၈၄)၊ မြေကွက်အမှတ်(၁၇)ဟု ခေါ်တွင်သော ဦးမောင်ညွှန့် [၁၂/တတန(နိုင်)၀၁၀၄၃၈] အမည်ပေါက် (အလျား ၆၅ ပေ x အနံ ၁၁၀ ပေ) အကျယ်အဝန်းရှိ လယ်မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေပေါ်ရှိ အဆောက်အဦ(၂)လုံး၊ ရေ၊မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ အဆောက်အဦ(၂)လုံး၊ ရေ၊မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက် ဦးမောင်ညွှန့်(ကွယ်လွန်)၏ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပြီး တရားဝင်လက်ဝယ်ပိုင်ဆိုင် အကျိုးခံစားခွင့်၊ ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဇနီး **ဒေါ်ခင်မာရီ [၁၂/သလန (နိုင်)၁၀၄၀၈၉]** ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ -**
**ဦးကိုကိုညီ**
**[၆/ကသန(နိုင်)၀၀၀၃၉၃]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရည်မွန်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၆၁၂)**
**အမှတ်(၃၈၈)၊ ပျဉ်းမမြိုင်လမ်း၊ (က)ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၈၂၈၈၃၁၈၊ ၀၉-၉၇၉၄၇၀၄၄၈**

## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်
## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအတွက် BBM, BA(EPP), BA(Journalism),BTHM, BEF ပထမနှစ် သင်တန်းဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တွင် အောက်ဖော်ပြပါဘွဲ့ သင်တန်းများအား ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

| စဉ် | သင်တန်း | အပ်နှင်းမည့်ဘွဲ့ | သင်တန်းကာလ | လက်ခံခွင့်ပြုမည့်ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|
| (က) | Bachelor of Business Management | BBM | (၄)နှစ် | (၂၀၀)ဦး | အချိန်ပြည့် |
| (ခ) | Bachelorof Arts (English for Professional Purposes) | BA(EPP) | (၄)နှစ် | (၁၂၀)ဦး | အချိန်ပြည့် |
| (ဂ) | Bachelor of Arts (Journalism) | BA(Journalism) | (၄)နှစ် | (၁၂၀)ဦး | အချိန်ပြည့် |
| (ဃ) | Bachelor of Tourism and Hospitality Management | BTHM | (၄)နှစ် | (၂၀၀)ဦး | အချိန်ပြည့် |
| (င) | Bachelor of Economics and Finance | BEF | (၄)နှစ် | (၂၀၀)ဦး | အချိန်ပြည့် |

၂။ အဆိုပါ ဘွဲ့သင်တန်းများဖြစ်သော BBM,BA(EPP), BA(Journalism), BTHM နှင့် BEF သင်တန်းများသို့ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူ မည်သူမဆို လျှောက်ထားနိုင်သည်။

၃။ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်သို့ ဝင်ခွင့်လျှောက်ထားသူများသည် Online စနစ်ဖြင့် Website Page **www.nmdc.edu.mm** မှတစ်ဆင့် Online Admission မှ တက္ကသိုလ်ဝင်ခွင့်ကို နှိပ်၍ တိုက်ရိုက်လျှောက်ထားကြရမည်ဖြစ်သည်။ လျှောက်ထားမည့်သူများသည် မိမိ၏ ကိုယ်ပိုင် E-mail account ဖြင့် လျှောက်ထားရမည်။ (ကျောင်းတွင် လာရောက်လျှောက်ထားလိုပါက ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်း၊ လေးထပ် စာသင်ဆောင်တွင် ရုံးချိန်အတွင်းလာရောက်လျှောက်ထားနိုင်သည်။)

၄။ လျှောက်လွှာလက်ခံမည့်ရက် - (၂၆-၈-၂၀၂၄) ရက်နေ့ မှ (၃၀-၉-၂၀၂၄)ရက်နေ့ ထိ

၅။ အောက်ဖော်ပြပါ အရည်အချင်းနှင့်ကိုက်ညီသူများလျှောက်ထားနိုင်သည်-
(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
( ခ ) **၂၀၂၄ ခုနှစ်တက္ကသိုလ် ဝင်စာမေးပွဲဖြေဆိုအောင်မြင်သူသာဖြစ်ရမည်။**

၆။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများကို ပူးတွဲတင်ပြရမည်-
(က) တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိသောရမှတ်စာရင်း
( ခ ) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား
( ဂ ) လိုင်စင်ဓာတ်ပုံ
(ဃ) အချက်အလက်များမှန်ကန်မှုမရှိပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ အသေးစိတ်သိရှိလိုပါက အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၏ **ဖုန်းနံပါတ်-(၁)၀၁၈-၂၉၂၅၆၆** နှင့် **ဖုန်းနံပါတ်-(၂)၀၉-၄၄၂၅၈၈၄၀၇** သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သင်တန်းရေးရာဌာန**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ နယ်မြေ(၉)၊ မြို့ပတ်လမ်း၊ အမှတ်(၁၆၂)နေ ဒေါ်ထားထားဝေ [၁၂/လသယ(နိုင်)၀၆၀၅၈၂] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

